ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

သူ့ကို ဆင်းရဲပေးခြင်းဖြင့်
ကိုယ့်ချမ်းသာကို ရှာသူသည်
ရန်ကို ရန်ချင်း ရောသဖြင့်
ရန်ဒုက္ခမှ မလွတ်နိုင်။

ပကိဏ္ဏကဝဂ်၊ အထွေထွေ - ၂၉၁။
(မြန်မာပြန် - မင်းသုဝဏ်)

၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက် ဗုဒ္ဓဟူးနေ့ | 27, Wednesday April 2016 | (၈၅၄၄)



## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆွီဒင်၊ အိုင်ယာလန်နှင့် တီမောလက်စ်တေနိုင်ငံတို့မှ သံအမတ်ကြီးများ၏ သံအမတ်ခန့်အပ်လွှာများ လက်ခံ

စာမျက်နှာ - ၃

## နေပြည်တော်ကောင်စီဝင်များ ခန့်အပ်တာဝန်ပေး

စာမျက်နှာ - ၃

## နေပြည်တော်ကောင်စီဖွဲ့စည်း

စာမျက်နှာ - ၃

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် ဧပြီ ၂၇ ရက်တွင် တွေ့ဆုံဆွေးနွေးမည်

**နေပြည်တော် ဧပြီ ၂၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် ဧပြီ ၂၇ ရက် မွန်းလွဲပိုင်းတွင် တွေ့ဆုံပြီး ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြောကြားလိုက်သည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)၏ ပဉ္စမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပလျက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ထိုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အစိုးရသစ်၏မူဝါဒအရ တိုင်းရင်းသားများ ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဟု အကြိမ်ကြိမ် ပြောကြား၍ ချမှတ်ထားပြီးဖြစ်ရာ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးထားသည့်အဖွဲ့များက စံပြအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ NCA ကို လက်မှတ်ရေးထိုး၍ (JMC)ကို စတင်တည်ထောင်ပြီး နောက်ပိုင်းတွင် ပစ်ခတ်တိုက်ခိုက်မှုများ လျော့ကျရပ်ဆိုင်းသွားသည်ကို တွေ့ရှိရကြောင်း၊ အသေးစားတိုက်ခိုက်မှု သုံးကြိမ်သာဖြစ်ပွားခဲ့မှုဖြင့် တွေ့ရှိရမှာဖြစ်ကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳



ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)၏ ပဉ္စမအကြိမ်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)



ကြေးမုံ

# ပြည်သူ့အကျိုးစီးပွား အဓိက စီမံကိန်းများဖြစ်ရေး

မြန်မာနိုင်ငံလွတ်လပ်ရေးရသည့်အချိန်ကစပြီး စီမံကိန်းအမျိုးမျိုး ရေးဆွဲအကောင်အထည်ဖော်ခဲ့ကြသည်။ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ပါလီမန်ဒီမိုကရေစီခေတ်နောက်ပိုင်းမှာ သိသိသာသာ အောင်မြင်မှုလျော့ပါးလာခဲ့သည်။ စီမံကိန်းများ မအောင်မြင်မှု၏သက်သေက တဖြည်းဖြည်းချင်း တိုင်းပြည်ဆင်းရဲလာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံအဖြစ်သို့ လျှောကျခဲ့ခြင်းတို့ပဲဖြစ်ပါသည်။

၁၉၆၂ နောက်ပိုင်းတွင် ရေရှည်စီမံကိန်း၊ ရေတိုစီမံကိန်း၊ ဆိုရှယ်လစ်စီမံကိန်း၊ စပါးပြီးစပါး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ စသည်ဖြင့် နိုင်ငံရေး၊ စီးပွားရေး စီမံကိန်းတို့က အမြောက်အမြားဖြစ်ခဲ့သည်။ မစားရ ဝခမန်းဖြစ်ပါ၏။

၁၉၈၈ နောက်တွင်လည်း ကြွေးကြော်သံ ကျယ်ကျယ်လောင်လောင်၊ ဆိုင်းဘုတ်အကြီးကြီးများနှင့် စီမံကိန်းတို့က အများအပြား။

ကြက်ဆူပင် စီမံကိန်း၊ ရေနက်ကွင်းစီမံကိန်း၊ ရော်ဘာစီမံကိန်း အစရှိသော စီမံကိန်းကြီးများကလည်း တစ်ပြည်လုံး အုတ်အုတ်သဲသဲဖြစ်ခဲ့ပါသည်။ အစိုးရဌာနမှန်လျှင် ကြက်ဆူပင်စိုက်ရသည့်ခေတ်။ ထိုစီမံကိန်းများကို အကြောင်းပြု၍ ရယူခဲ့ကြသော မြေဧကပေါင်းမှာ ထောင်သောင်းမက သိန်းချီသည်အထိရှိခဲ့သည်ဟု ကြားသိရပါသည်။ ထိုမျှများပြားသော မြေဧကများစွာကိုရယူပြီးသကာလ ကြက်ဆူလည်းမဖြစ်၊ ရေနက်ကွင်းလည်း မအောင်မြင်၊ ရော်ဘာပင်လည်း မမြင်ရ။

မြေယူထားသူတို့သာ မြေပိုင်ရှင်ကြီးများအဖြစ် အမည်တွင်ကာ ဘွဲ့ထူးဂုဏ်ထူးစလွယ်များနှင့်။ ကြော့ကြော့မော့မော့နှင့် အခန့်သား မြေပိုင်ရှင် သူဌေးကြီးများ။

အဲသည်လို လူသိသူသိ စီမံကိန်းများအပြင် လူမသိ၊ သူမသိ စီမံကိန်းများက မည်မျှလောက်များပြားနေပြီကို ပြည်သူတို့က ဉာဏ်မျက်စိဖြင့် စဉ်းစားကြည့်ခဲ့ကြသည်။ လူထုကြားတွင် စီမံကိန်းနေရာများဟူသည့် အကြောင်းပြချက်ဖြင့် လယ်ယာမြေသိမ်းယူမှုသတင်းများက ဆူညံပွက်လောရိုက်နေသည်။

ယင်းစီမံကိန်းများက ပြည်သူလူထုအတွက် မည်မျှအောင်မြင်အောင်လုပ်နိုင်သည်၊ မလုပ်နိုင်သည်ကိုမသိသော်လည်း စီမံကိန်းကို အမှီပြုပြီး အဆိုပါမြေယာများကို မြို့ပြမြေများအဖြစ် ပြောင်းလဲပြီးသည့်နောက်မှာ ထိုမြေများ၏တန်ဖိုးက အဆပေါင်းသိန်းနှင့်ချီ၍မြင့်တက်လာသည်။ ပြည်သူတို့ ဘာမှမရလိုက်သော်လည်း မြေသိမ်းသူ၊ စီမံကိန်းဖော်ဆောင်မည့်သူများနှင့် ပတ်သက်ရာပတ်သက်ကြောင်း အပေါင်းအပါတို့သာ အမြတ်ထွက်ခဲ့ကြသည်ဟု ပြည်သူတို့နှစ်နာစကားဆိုကြသည်။ ဤသည်တို့က ယခင့် ယခင်ကာလများက ခံစားခဲ့ကြရသော ပြည်သူ့အခြေအနေ။

သည်နေ့တွင် ပြည်သူ့အစိုးရပေါ်ထွန်းခဲ့ပြီ။ ပြည်သူ့အစိုးရပေါ်လာပြီဆိုလျှင် ပြည်သူ့အကျိုးစီးပွားကို အလေးထားရပါတော့မည်။ စီမံကိန်းများနှင့် ပတ်သက်လျှင် အစဉ်အဆက်ဖြစ်ပေါ်ခဲ့သည့် အကြီးမားဆုံးပြဿနာမှာ စီမံကိန်းများကို ရေးဆွဲရာတွင် ပြည်သူ့အကျိုးစီးပွားအခြေခံမဟုတ်ဘဲ အမြတ်အစွန်းနှင့် တွက်ခြေကိုက်မှုကို အလေးကဲစဉ်းစားသည့် ပြဿနာဖြစ်သည်။

အစိုးရသစ်အနေဖြင့် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအတွက် ကြံဆရေးဆွဲအကောင်အထည်ဖော်ကြရမှာဖြစ်ပါ၏။ နိုင်ငံရေးတည်ငြိမ်ရေးအတွက် စီမံကိန်းများ၊ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးနှင့် ပြည်သူတို့ ဆင်းရဲမွဲတေမှုနွံတွင်းက လွတ်မြောက်ပြီး စားဝတ်နေရေး ချောင်ချောင်လည်လည်ဖြစ်ရေးတို့အတွက် စီးပွားရေးစီမံကိန်းများ၊ လူမှုရေး၊ ယဉ်ကျေးမှုစီမံကိန်းများ စသည်ဖြင့် လက်ငင်း ပြဿနာဖြေရှင်းရေး၊ ရေရှည်မြော်မြင်ပြင်ဆင်ရေးတို့ အမြောက်အမြား လိုအပ်နေမည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ယင်းစီမံကိန်းများ ရေးဆွဲရာတွင် အစဉ်အဆက်များယွင်းခဲ့သော အမြတ်အစွန်းနှင့် တွက်ခြေကိုက်မှုကို အလေးကဲစဉ်းစားမှုအစား ပြည်သူတို့၏ အကျိုးစီးပွားကိုအခြေခံသော စီမံကိန်းများဖြစ်ရန် အဓိကထားစဉ်းစားရန် လိုအပ်မည်ဖြစ်ပါကြောင်း။



## ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၂၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiis နှင့်အဖွဲ့အား မေ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး ဝန်ကြီးဌာနနှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုး၍ လုပ်ငန်းများဆောင်ရွက်ခဲ့မှုအခြေအနေ၊ UNHCR ၏ လုပ်ငန်းစဉ်များ ရှင်းလင်းညှိနှိုင်းဆောင်ရွက်ပြီးပါက MoU သက်တမ်းတိုးခြင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

အလားတူ ယင်းနေ့ ညနေ ၃ နာရီတွင် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး Mr. Roland Kobia နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ပင် ဆက်လက်တွေ့ဆုံ၍ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာဖြစ်စဉ်များ၌ နည်းပညာအကူအညီပေးရေး၊ ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးရရှိရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဖြတ်ကျော်သွားလာမှုများတွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ဦးမျိုးအောင်နှင့် ဦးမြင့်ကြိုင်၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်တွင် စာပေဟောပြောပွဲကျင်းပမည်

**နေပြည်တော် မေ ၂၆**

ကမ်းလက်များစာကြည့်တိုက်(နေပြည်တော်)၏ တတိယအကြိမ်မြောက် စာပေဟောပြောပွဲကို မေ ၃၀ ရက် (စနေနေ့) ညနေ ၆ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ ကမ်းလက်များစာကြည့်တိုက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာပေဟောပြောပွဲကို စာရေးဆရာများဖြစ်ကြသော ဆရာမ မသီတာ (စမ်းချောင်း)၊ ဆရာအဏ္ဏဝါစိုးမိုးနှင့် ဆရာဦးဘုန်း(ဓာတု)တို့က သုတ၊ ရသစာပေရေးရာများ ဟောပြောကြမည်ဖြစ်သည်။

"ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်က နေရာအနှံ့ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့တုန်းက မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ ကျွန်တော်တို့စာကြည့်တိုက်က ဦးဆောင်ပြီး အထိုက်အလျောက် လှူဒါန်းကူညီမှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်" ဟု စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းမြတ်ကျော်က ပြောသည်။

"စာကြည့်တိုက်ဆိုတာကတော့ လူတွေစာဖတ်စေချင်လို့ တည်ထောင်တာပါ။ အထူးသဖြင့် ကလေးတွေနဲ့ လူငယ်တွေကို စာဖတ်တဲ့အလေ့အထကို ပျိုးထောင်ပေးချင်တာပါ။ သုတ၊ ရသစာပေတွေကရတဲ့ အကျိုးကျေးဇူးတွေကို လူတိုင်းရရှိခံစားစေချင်တယ်။ အထူးသဖြင့် စိတ်ယဉ်ကျေးမှုတိုးတက်မြင့်မားစေဖို့ ရသ စာပေများများဖတ်ဖို့လိုပါတယ်။ အခုလုပ်မယ့် စာပေဟောပြောပွဲဟာ အဲဒီရည်ရွယ်ချက်နဲ့ လုပ်တာပါ"ဟု စာကြည့်တိုက်မှူး ဦးထွန်းထွန်းနိုင် (ဝေမိုးအောင်)က ပြောကြားသည်။

ကမ်းလက်များ စာကြည့်တိုက်(နေပြည်တော်)သည် အထက(၉)အနီး ဝန်ထမ်းများနေထိုင်ရာ ဉာဏသိဒ္ဓိရပ်ကွက် ဇမ္ဗူသီရိမြို့နယ် နေပြည်တော်တွင်တည်ရှိပြီး သုတ၊ ရသစာအုပ်ပေါင်း ၅၀၀၀ ကျော်ရှိကာ တနင်္လာနေ့မှအပ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၈ နာရီခွဲအထိ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**




## မင်းပြားမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့် နေရာများသို့ သွားရောက်၍ သောက်သုံးရေလှူဒါန်း

**မြောက်ဦး မေ ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ရခိုင်ပြည်နယ် လမ်းဦးစီးဌာန ဝန်ထမ်းများက မင်းပြားမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးလျက်ရှိသည့် နေရာများသို့ ရေသယ်ယာဉ်နှစ်စီးဖြင့် မေ ၂၅ ရက် နံနက် ၈ နာရီမှစ၍ လှူဒါန်းလျက်ရှိပြီး သောက်သုံးရေရှားပါးသည့် ရပ်ကွက်/ကျေးရွာများသို့ ဆက်လက်၍ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် နယ်သာလန်နိုင်ငံဘုရင်မွေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၇**
၂၀၁၆ ခုနှစ် မေ ၂၇ ရက်တွင် ကျရောက်သော နယ်သာလန်နိုင်ငံ ဘုရင်ဝီလီယံအလက်ဇန္ဒြား၏မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ နယ်သာလန်နိုင်ငံ ဘုရင်ဝီလီယံအလက်ဇန္ဒြားထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

အလားတူ ၂၀၁၆ ခုနှစ် မေ ၂၇ ရက်တွင် ကျရောက်သော နယ်သာလန်နိုင်ငံ ဘုရင်ဝီလီယံအလက်ဇန္ဒြား၏ မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ နယ်သာလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မာ့ခ်ရတ်(ခ်)ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် တောင်အာဖရိကသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၇**
၂၀၁၆ ခုနှစ် မေ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ် ကဲလေယ်လဲ့ကိဆာဇူးမားထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။
**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆွီဒင်၊ အိုင်ယာလန်နှင့် တီမောလက်စ်တေနိုင်ငံတို့မှ သံအမတ်ကြီးများ၏ သံအမတ်ခန့်အပ်လွှာများ လက်ခံ

**နေပြည်တော် မေ ၂၆**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက်ပိုင်းတွင် ဆွီဒင်နိုင်ငံ၊ အိုင်ယာလန်နိုင်ငံနှင့် တီမောလက်စ်တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ၏ သံအမတ် ခန့်အပ်လွှာများကို လက်ခံသည်။**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ စတက်ဖန်ဟားရ် စထရွမ်းသည် နံနက် ၁၀ နာရီတွင် လည်းကောင်း၊ အိုင်ယာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဘရီဒန်ရိုဂျာ(စ်)သည် နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ တီမောလက်စ်တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဂျိုအာဖရိတက်စ်ဒီကမ်မာရာ သည် နံနက် ၁၁ နာရီတွင်လည်းကောင်း ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ပေးအပ်ကြသည်။



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီး မစ္စတာ စတက်ဖန်ဟားရ် စထရွမ်း၏ သံအမတ်ခန့်အပ်လွှာကို လက်ခံစဉ်။** (သတင်းစဉ်)

ယနေ့ပြုလုပ်သည့် သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။
**(သတင်းစဉ်)**

## နေပြည်တော်ကောင်စီဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၄/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်**
**(၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်)**
**နေပြည်တော်ကောင်စီဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၂ နှင့် နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၄ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို နေပြည်တော်ကောင်စီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီးမင်းနောင်
(၂) ဦးအောင်မြင့်ထွန်း
(၃) ဦးတင်ထွန်း
(၄) ဦးတင်ထွဋ်
(၅) ဦးအေးမောင်စိန်

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နေပြည်တော်ကောင်စီ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ကြေညာချက်အမှတ်၊ ၇/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်**
**(၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်)**
**နေပြည်တော်ကောင်စီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၁ နှင့် နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ **“နေပြည်တော်ကောင်စီ”** ကိုအောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒေါက်တာမျိုးအောင် ဥက္ကဋ္ဌ
(ခ) ဗိုလ်မှူးကြီးမင်းနောင် ကောင်စီဝင်
(ဂ) ဦးအောင်မြင့်ထွန်း ကောင်စီဝင်
(ဃ) ဦးတင်ထွန်း ကောင်စီဝင်
(င) ဦးတင်ထွဋ် ကောင်စီဝင်
(စ) ဦးအေးမောင်စိန် ကောင်စီဝင်

၂။ နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်အရ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အကြီးအမှူးသည် ရာထူးအလျောက် နေပြည်တော်ကောင်စီ၏ အတွင်းရေးမှူးဖြစ်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် နယ်သာလန်နိုင်ငံဘုရင်မွေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၇**
၂၀၁၆ ခုနှစ် မေ ၂၇ ရက်တွင် ကျရောက်သော နယ်သာလန်နိုင်ငံဘုရင် ဝီလီယံအလက်ဇန္ဒြား၏မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံမှ နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဲလ်ဘတ်ဂျီရာတ်ကိုဒါး(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။
**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၇**
၂၀၁၆ ခုနှစ် မေ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စမေးအမ်ကိုး အမာရှဘေးထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

သင့် စီး ပွား ရေး လုပ် ငန်း အောင် မြင် ဖို့ ကြေး မုံ သ တင်း စာ တွင် ကြော် ငြာ စို့

# ဖိလစ်ပိုင်စစ်သွေးကြွများက ကနေဒါဓားစာခံကို သတ်ဖြတ်

**မနီလာ ဧပြီ ၂၆**

ဖိလစ်ပိုင်နိုင်ငံမှ အစ္စလာမ္မစ် အစွန်းရောက်များက ၎င်းတို့လပေါင်းများစွာ ဓားစာခံအဖြစ် ဖမ်းဆီးထားသည့် ကနေဒါနိုင်ငံသားတစ်ဦးကို သတ်ဖြတ်လိုက်သည်။

သတ်ဖြတ်ခံရသူမှာ ကနေဒါနိုင်ငံသား ဂျွန်ရစ်ဒယ်လ်ဖြစ်သည်ဟု ကနေဒါအစိုးရက ဖော်ထုတ်တွေ့ရှိခဲ့သည်။



ဖမ်းဆီးခံထားရသည့် ဓားစာခံများအနက် အသတ်ခံရသူ ဂျွန်ရစ်ဒယ်လ်(အလယ်လူ)

ဂျွန်ရစ်ဒယ်လ်သည် လွန်ခဲ့သည့် စက်တင်ဘာလက ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်း ဒါဗာအိုမြို့မှ အပန်းဖြေကျွန်းကမ်းလွန်တွင် နိုင်ငံခြားသားနှစ်ဦး၊ ဖိလစ်ပိုင်အမျိုးသမီးတစ်ဦးတို့နှင့်အတူ အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ဖြစ်သည့် အဘူဆေယက်ဖ်အဖွဲ့၏ ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရသည်။

အဘူဆေယက်ဖ်အဖွဲ့က ဓားစာခံတစ်ဦးလျှင် ပြန်ပေးငွေ ခြောက်သန်းကျော်စီကို ဧပြီ ၂၅ ရက် နောက်ဆုံးထားပေးရန် တောင်းဆိုခဲ့သည်။ ဒေသခံရဲတပ်ဖွဲ့က ဖမ်းဆီးခံထားရသည့် ဓားစာခံများအနက် ဂျွန်ရစ်ဒယ်လ်သည် ဧပြီ ၂၅ ရက်တွင် အသတ်ခံရသည်ဟု ပြောကြားသည်။ ဂျွန်ရစ်ဒယ်သေဆုံးမှုအတွက် အဘူဆေယက်ဖ်အဖွဲ့ကို ဝေဖန်ပြစ်တင်ခဲ့သည်။

ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရီဒိုက ကနေဒါနိုင်ငံသားတစ်ဦး အသတ်ခံရမှုကြောင့် ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး သွေးအေးအေးဖြင့် ရက်ရက်စက်စက်သတ်ဖြတ်သည့် လူသတ်မှုဖြစ်သည်ဟု ပြောကြားသည်။

ကနေဒါဝန်ကြီးချုပ်က ကနေဒါအစိုးရအနေဖြင့် ကျန်ရှိနေသည့် ဓားစာခံများ လွတ်မြောက်ရေးအတွက် ဖိလစ်ပိုင်အစိုးရနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်ဟု ဆိုသည်။

အဘူဆေယက်ဖ် အဖွဲ့သည် ဖိလစ်ပိုင်တောင်ပိုင်းတွင် လှုပ်ရှားနေသည့်အဖွဲ့ဖြစ်ပြီး အိုင်အက်စ်အဖွဲ့ကို ထောက်ခံသည့်အဖွဲ့ဖြစ်သည်။ အဖွဲ့ဝင်များက နိုင်ငံခြားသားများကို ဓားစာခံအဖြစ် မကြာခဏ ဖမ်းဆီးခေါ်ဆောင်ကာ ပြန်ပေးငွေအမြောက်အမြား တောင်းလေ့ရှိသည်။

**အင်န်အိတ်ချ်ကေ။**

# တစ်နိုင်ငံ စနစ်နှစ်မျိုး အခြေခံမူချိုးဖောက်သည်ဆိုသော အီးယူဝေဖန်ချက် တရုတ်နိုင်ငံ ပယ်ချ

**ပေကျင်း ဧပြီ ၂၆**

ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသအား တရုတ်နိုင်ငံအုပ်စိုးမှုနှင့် ပတ်သက်၍ ဥရောပသမဂ္ဂ(အီးယူ)၏ ဝေဖန်ချက်ကို တရုတ်အစိုးရအဖွဲ့က အခြေအမြစ်မရှိသည့် ဝေဖန်ချက်အဖြစ် တုံ့ပြန်ပြောဆိုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟောင်ကောင်၌ စာအုပ်ထုတ်ဝေသူ ငါးဦးပျောက်ဆုံးသွားမှုများနှင့် ပတ်သက်၍ ဥရောပသမဂ္ဂက ဝေဖန်ပြောကြားခဲ့သည်။

တရုတ်ခေါင်းဆောင်များအား ဝေဖန်ရေးသားသော စာအုပ်များကို ရောင်းချပေးသူ စာအုပ်ထုတ်ဝေသူငါးဦး ပျောက်ဆုံးမှုသည် တရုတ်အစိုးရ၏ “တစ်နိုင်ငံ စနစ်နှစ်မျိုး” အခြေခံမူကို အကြီးကျယ်ဆုံးစိန်ခေါ်ရာရောက်သည်ဟု အီးယူ၏အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

၁၉၉၇ ခုနှစ်တွင် ဗြိတိသျှအုပ်စိုးမှုကို အဆုံးသတ်ခဲ့ပြီးနောက် တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာအောက်သို့ ဟောင်ကောင်ကျွန်း ပြန်လည်ရောက်ရှိခဲ့ချိန်မှစ၍ တရုတ်အစိုးရက ကျင့်သုံးလာခဲ့သော “တစ်နိုင်ငံ စနစ်နှစ်မျိုး” အခြေခံမူကို ချိုးဖောက်မှုအဖြစ် စာအုပ်ထုတ်ဝေသူ ငါးဦးပျောက်ဆုံးမှုဖြစ်ရပ်များနှင့်ပတ်သက်၍ အီးယူက ဝေဖန်ခဲ့သည်။

စာအုပ်ထုတ်ဝေသူများအနက် တစ်ဦးဖြစ်သူ လီဘိုသည် ဗြိတိသျှနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားပြီး ဒီဇင်ဘာတွင် ၎င်းပျောက်ဆုံးသွားခဲ့ကြောင်း၊ နောက်သုံးလနီးပါးအကြာတွင် ဟောင်ကောင်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း၊ လီဘိုကို တရုတ်အာဏာပိုင်များက ပြန်ပေးဆွဲကာ ခေါ်ဆောင်သွားခဲ့သည်ဟု လူအများက သင်္ကာမကင်းဖြစ်ကြသော်လည်း ၎င်းကိုယ်တိုင်ကမူ ပြန်ပေးဆွဲခေါ်ဆောင်ခံရခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

အီးယူ၏ ဝေဖန်ပြောကြားချက်သည် အခြေအမြစ်မရှိကြောင်း၊ ဟောင်ကောင် ပြည်တွင်းရေးရာများ၌ အီးယူက ဝင်ရောက်စွက်ဖက်မှုမပြုသင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဟွာချန်ယင်က ပြောကြားသည်။

**ရိုက်တာ။**



ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့က ကမကထပြုသော ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဇန်နဝါရီလအတွင်းက ကျင်းပစဉ်။

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်စတင်ရေး အာဖဂန်တာလီဘန်ကိုယ်စားလှယ်အဖွဲ့ ပါကစ္စတန်သို့ရောက်ရှိ

**ပက်ရှ်ဝါ ဧပြီ ၂၆**

အာဖဂန်နစ္စတန်နိုင်ငံမှ တာလီဘန်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်စတင်နိုင်ရေးအတွက် အာဖဂန်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရန် ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိလာကြောင်း၊ တာလီဘန်ကိုယ်စားလှယ်အဖွဲ့သည် အာဖဂန်နစ္စတန်အစိုးရအား ကိုယ်စားပြုသည့် မည်သည့်ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံမည်ကို ရှင်းလင်းစွာ မသိရှိရသေးကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန် တာလီဘန်အဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလာခြင်းနှင့်ပတ်သက်၍ ပါကစ္စတန်အာဏာပိုင်များက အဆောတလျင် အတည်ပြုခြင်းမရှိပေ။ အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးတွင် လူ ၆၄ ဦး သေဆုံးခဲ့ရပြီး လူပေါင်း ရာနှင့်ချီ ဒဏ်ရာရရှိခဲ့သောဖြစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် ရက်သတ္တ တစ်ပတ်မျှသာ ကြာမြင့်သေးချိန်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်အသက်ဝင်လာမည့် ကြိုးပမ်းချက်များကို တွေ့မြင်လာရခြင်းဖြစ်သည်။

အင်အားကြီးလေးနိုင်ငံ အုပ်စုဖြစ်သည့် ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့က ကမကထပြုသော ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်နိုင်မည်မဟုတ်ဟု တာလီဘန်အဖွဲ့က လွန်ခဲ့သည့်ရက်အတွင်းက ပြောကြားခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်း နိုင်ငံရပ်ခြားတပ်ဖွဲ့ဝင်များ ရှိနေသမျှကာလပတ်လုံး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်မည်မဟုတ်ကြောင်း ယင်းအဖွဲ့က အကြောင်းပြပြောဆိုခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ရန် ပါကစ္စတန်အခြေစိုက် တာလီဘန်ခေါင်းဆောင်များအား တိုက်တွန်းပါမည်ဆိုသော ကတိကဝတ်ကို ပါကစ္စတန်အစိုးရက လိုက်နာခြင်းမရှိဟု အာဖဂန်အစိုးရအဖွဲ့က ဝေဖန်ပြောကြားခဲ့သည်။

**ရိုက်တာ။**

# ဩစတြေးလျနှင့်ပြင်သစ် ရေငုပ်သင်္ဘောသစ်များ ပူးတွဲတည်ဆောက်မည်

**ဆစ်ဒနီ ဧပြီ ၂၆**

ဩစတြေးလျနိုင်ငံသည် ပြင်သစ်နိုင်ငံနှင့် ရေငုပ်သင်္ဘောသစ်များ ပူးတွဲတည်ဆောက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မယ်လ်ကွမ်တန်ဘူးလ်က ကြေညာလိုက်သည်။

ဂျပန်နှင့် ဂျာမနီနိုင်ငံတို့ကလည်း ရေငုပ်သင်္ဘောများတည်ဆောက်ရန် အဆိုပြုချက်များ တင်သွင်းခဲ့သော်လည်း ရွေးချယ်ခြင်းမခံခဲ့ရကြောင်း သိရသည်။ ဩစတြေးလျနိုင်ငံက ရေငုပ်သင်္ဘော ၁၂ စင်းတည်ဆောက်ကာ ၂၀၃၀ ပြည့်နှစ်များတွင် အဆိုပါသင်္ဘောများအား ရေချရန်စီစဉ်လျက်ရှိသည်။ ရေငုပ်သင်္ဘောသစ်များမှာ နောက်ဆုံးပေါ် နည်းပညာရှိရန်လိုအပ်ပြီး ပြင်သစ်နိုင်ငံ၏ကမ်းလှမ်းချက်က ဩစတြေးလျနိုင်ငံ၏လိုအပ်ချက်များကို အကောင်းဆုံးဖြည့်ဆည်းပေးမည့် စွမ်းပကားများကိုကိုယ်စားပြုနေကြောင်း ဧပြီ ၂၆ ရက်က အဒယ်လိတ်မြို့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ တစ်ရပ်၌ တန်ဘူးလ်က ပြောကြားသည်။

ရေငုပ်သင်္ဘောတည်ဆောက်ရေး တင်ဒါခေါ်ယူမှုတွင် ရွေးချယ်ခံရရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ဂျပန်နိုင်ငံက အများပြည်သူနှင့်ပုဂ္ဂလိကပိုင် ပူးပေါင်းထားသောအဖွဲ့အစည်းတစ်ခု ဖွဲ့စည်းခဲ့သည်။ တင်ဒါရွေးချယ်ခံခဲ့ရပါက စစ်ဘက်ဆိုင်ရာနည်းပညာနှင့် ကိရိယာတန်ဆာပလာများလွှဲပြောင်းရေးဆိုင်ရာ လမ်းညွှန်ချက်သစ်များအရ ပူးတွဲကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတွင် ဂျပန်နိုင်ငံ၏ ပထမဆုံးအကြိမ်အဖြစ် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်မှုဖြစ်လာမည်ဖြစ်သည်။ ဂျပန်နိုင်ငံက တင်ဒါရွေးချယ်ရေး လုပ်ငန်းစဉ်အတွင်း ရေငုပ်သင်္ဘောများ ကာလရှည်ငုပ်လျှိုးနိုင်စေမည့် ဘက်ထရီများအပါအဝင် နောက်ဆုံးပေါ် နည်းပညာများကို အလေးပေးလုပ်ဆောင်ခဲ့သည်။

ရေငုပ်သင်္ဘောတည်ဆောက်ရေး သဘောတူညီချက် ရရှိခြင်းက ဩစတြေးလျ၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေမည်ဖြစ်သည့် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ဝမ်းနည်းမိကြောင်း၊ ဂျပန်နိုင်ငံက ဩစတြေးလျနိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ အကောင်းဆုံးလုပ်ဆောင်ခဲ့ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့သော်လည်း ဂျပန်နိုင်ငံအနေဖြင့် လုံခြုံရေးဆိုင်ရာနယ်ပယ်တွင် ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စုတို့နှင့် အတူတကွ ဆက်လက်လက်တွဲဆောင်ရွက်မည်ဟု ၎င်းက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# ဆီးရီးယားသို့ အမေရိကန်တပ်ဖွဲ့ဝင် နောက်ထပ် ၂၅၀ ထပ်မံစေလွှတ်မည်

**ဟန်နိုဗာ ဧပြီ ၂၆**

ဆီးရီးယားနိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင် နောက်ထပ် ၂၅၀ အထိ စေလွှတ်မည့်အစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီးရီးယားနိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ခြင်းဖြင့် ယင်းနိုင်ငံရောက် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၀၀ ခန့်အထိ ရှိလာမည်ဖြစ်သည်။ ဆီးရီးယားနိုင်ငံ၌ အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်)အဖွဲ့အား ချေမှုန်းနိုင်ရန် အမေရိကန်အစိုးရက အရှိန်အဟုန် မြှင့်တင်လျက်ရှိသည်။ အိုင်အက်စ်အဖွဲ့က ထိန်းချုပ်ထားသော နယ်မြေများကို ပြန်လည်သိမ်းယူနိုင်ရေးအတွက် ဆီးရီးယားနှင့် အီရတ်နိုင်ငံအတွင်း အမေရိကန်ထောက်ခံသော တပ်ဖွဲ့များကို အကူအညီပေးနိုင်ရန် ရည်ရွယ်၍ အမေရိကန်တပ်ဖွဲ့များကို ထပ်မံစေလွှတ်မည်ဖြစ်သည်။

သမ္မတ အိုဘားမားသည် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်နှင့် ဟန်နိုဗာမြို့၌ ဧပြီ ၂၄ ရက်က တွေ့ဆုံရာတွင် ဆီးရီးယားပြဿနာကို ဆွေးနွေးခဲ့သည်။

**ရိုက်တာ။**

# ပြည်သူတို့ရဲ့ စကားပြန်

**သင့်နော်**

ပြီးခဲ့တဲ့ဧပြီ ၅ ရက်တွင် မန္တလေး (၇၈)လမ်းပေါ်က Hotel Mandalay မှာ စံတော်ချိန်သတင်းစာ သုံးနှစ်ပြည့် အထိမ်းအမှတ် နှစ်ပတ်လည်ပွဲခင်းကျင်းတဲ့အခါ " ဒီမိုကရေစီအစိုးရသစ်နှင့် စာပေလွတ်လပ်ခွင့်" ဆိုတဲ့ ဆွေးနွေးပွဲတစ်ခုကိုပါ ထည့်သွင်းကျင်းပခဲ့တယ်။

အဲသည်မှာ စာပေလွတ်လပ်ခွင့်ဆိုတာထက် မီဒီယာလွတ်လပ်ခွင့်ကို ပိုပြီးအလေးပေးဆွေးနွေးခဲ့ကြတာတွေ့ရပါတယ်။ အရင့်အရင်က ကန့်သတ်ချုပ်ချယ်မှုတွေ အဆုံးသတ်ခဲ့ပြီလို့ယူဆရတဲ့ ကိစ္စကတော့ စာပေစိစစ်ရေးကို ဖျက်သိမ်းလိုက်တဲ့ကိစ္စပါပဲ။ စာပေစိစစ်ရေးမရှိတော့တဲ့အခါမှာတော့ စာအုပ်ရေးသားထုတ်ဝေမှုလုပ်ငန်းဟာ သိသိသာသာပုံစံပြောင်းသွားပါတယ်။ စုန်းပြူးတချို့တလေရှိခဲ့ပေမယ့် အများစုဟာ အကောင်းဘက်ကို သိသိသာသာဦးတည်ပါတယ်။ ခေတ်အဆက်ဆက်ပိတ်ပင်ခံထားရတဲ့ စာအုပ်တွေ ပြန်ထွက်လာကြသလို လုံးဝပုံနှိပ်ခွင့်မရလို့ ပြည်ပမှာ ပုံနှိပ်ထုတ်ဝေထားခဲ့ရတဲ့ စာအုပ်တွေကိုလည်း ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်လာတာ တွေ့ရတာဝမ်းသာစရာပါ။

စာပေစိစစ်ရေးမရှိတော့တဲ့အခါ ပုဂ္ဂလိကသတင်းစာတွေလည်း ထွက်လာတာပေါ့။ ဂျာနယ်အခံရှိပြီးသားကနေ သတင်းစာပါတွဲထုတ်သူတွေရှိသလို သတင်းစာသက်သက်နဲ့ထွက်လာတဲ့ အသစ်စက်စက်တွေလည်းပါလာတယ်။ ဘယ်လိုပဲဖြစ်ဖြစ်လေ သတင်းစာဆိုတာက နိုင်ငံ့အင်အားမဟုတ်လား။ ပြည်သူ့အသံမဟုတ်လား။ ခေတ်ရဲ့ ကြေးမုံမဟုတ်လား။

အဲသည်မှာ သတင်းလွတ်လပ်ခွင့်ဆိုတဲ့ကိစ္စကိုလည်း ကျယ်ကျယ်လောင်လောင်ကြားလာကြရတယ်။ မီဒီယာလွတ်လပ်ခွင့်ပေါ့။ ကဲ အဲဒါဟာလိုအပ်တယ်။ ရှိရမယ်။ တိုင်းပြည်ရဲ့ စတုတ္ထမဏ္ဍိုင်။ သိပ်အရေးကြီးတယ်ပေါ့။ ဂျာနယ်နဲ့ သတင်းစာအရေအတွက်ဟာ အားရစရာအဆင့်ရောက်လာတယ်။ ပုံနှိပ်မီဒီယာတစ်ခုတည်းမဟုတ်တော့ဘဲ Online နဲ့လည်း ပတ်သက်လာတယ်။ သတင်းဌာနတွေလဲ အများကြီးတည်ထောင်လာတယ်။ သင်တန်းတွေဖွင့်၊ ကျောင်းတွေတည်ထောင်။ နည်းလမ်းအသွယ်သွယ်နဲ့ သတင်းလောကကြီးက အရှိန်အဟုန်နဲ့ ဖွံ့ဖြိုး။ လူငယ်သတင်းသမားမျိုးဆက်တွေ အပြိုင်းအရိုင်းပေါ်ထွက်။ မြို့ကြီး၊ မြို့ငယ်အသီးသီးမှာ Citizen Journalist တွေဖြစ်တည် စသဖြင့်။ သတင်းခေတ်ရယ်လို့ အသိအမှတ်ပြုကြ။ လူမှုကွန်ရက်မျက်နှာစာမှာ သတင်းတွေ ဖွေးဖွေးလှုပ်။ အမှန်တွေပါသလို လံကြုတ်တွေလဲပါနေရဲ့။

လမ်းပန်းဆက်သွယ်ရေးတွေကလည်း လွယ်ကူချောမွေ့လာ၊ နည်းပညာ၊ အတတ်ပညာတွေကလည်း တိုးတက်လာလေတော့ အချိန်နဲ့အလုပ်လုပ်ကြရတဲ့ သတင်းစာလုပ်ငန်းဟာ မန္တလေးနဲ့ ရန်ကုန်ကြားမှာ အကွာအဝေးကိစ္စကို ဖျောက်ထားနိုင်တဲ့အထိ လွယ်ကူခဲ့တယ်။ ညဦးပိုင်းက သတင်းတစ်ပုဒ်ကို နောက်တစ်နေ့မနက်ထွက်မယ့် သတင်းစာထဲကို အချိန်မီဖောင်မပိတ်ခင်အရောက်ပို့နိုင်နေပြီ။ စာသား၊ ဓာတ်ပုံ၊ အသံဖိုင် စသည်ဖြင့်။

တစ်နေ့တခြား မီဒီယာလုပ်ငန်းက အားကောင်းလာတယ်။ လာမယ့် လေး၊ ငါးနှစ်အတွင်း ဘယ်လိုဖြစ်လာမယ်ဆိုတာ အသေအချာမပြောနိုင်ဘူး။ အခု အရပ်သားအစိုးရလက်ထက်မှာ အရင်ကထက်တော့ သေချာပေါက်ပိုပြီး ဖွံ့ဖြိုးတိုးတက်လာမှာပဲလေ။ နိုင်ငံတကာနဲ့လည်း ပိုပြီးအဆက်အစပ်များလာနိုင်တာပေါ့။ စာပေလွတ်လပ်ခွင့်တို့၊ သတင်းလွတ်လပ်ခွင့်တို့ဆိုတာ တိုင်းနိုင်ငံပြည်ရွာအရေးနဲ့ တိုက်ရိုက်သက်ဆိုင်နေတာပဲလေ။ နိုင်ငံရေး၊ မိုးလေဝသအခြေအနေ သာသာယာယာရှိနေရင် ရဲရဲတွေး၊ ရဲရဲရေး၊ မှန်မှန်တင်ပြ၊ အရှိအတိုင်းထင်ဟပ်၊ လစ်ဟင်းတာတွေ ထောက်ပြ။ အားနည်းနေတာတွေ ဖော်ထုတ်။ ချွတ်ယွင်းချက်တွေ ပြုပြင်။ မီဒီယာမှာ လမ်းကြောင်းတွေအများကြီးပဲ။ ဘယ်အရေးမဆို မီဒီယာတွေနဲ့ပတ်သက်နေလေတော့ မီဒီယာဆရာသမားတွေ၊ သတင်းစာ၊ ဂျာနယ်နဲ့ဆက်စပ်နေသူတွေမှာ အလိုလိုနေရင်း တာဝန်ကိုယ်စီရှိနေကြပြီ။ နေ့စဉ်ကိစ္စတွေမှာ ကိုယ့်ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်လုံးဟာ သတင်းတွေချည်းပါပဲ။ အကင်းပါးဖို့၊ သတင်းကောင်းဖြစ်အောင် ချဉ်းကပ်တတ်ဖို့နဲ့ တန်ဖိုးရှိအောင် တင်ပြတတ်ဖို့ပဲလိုတာ။

သတင်းမီဒီယာလောကထဲမှာ တစ်ယောက်အပါအဝင်ဖြစ်နေပါပြီလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်ဆိုရင် ကိုယ့်ကိုယ်ရည်ကိုယ်သွေးကို ကိုယ့်ဘာသာကို အရင်ဆုံး မြှင့်တင်ထားပြီးသားဖြစ်ရမယ်။ ပြီးတော့ အမြဲတမ်း သွက်လက်ချက်ချာပြီး အချိန်မရွေးအသင့်ဖြစ်နေသင့်တယ်။ စာပေလွတ်လပ်ခွင့်၊ သတင်းလွတ်လပ်ခွင့်နဲ့ ထိုက်တန်တဲ့ ပုံစံမျိုးကို ကိုယ့်ဘာသာတည်ဆောက်ထားရမယ်။ ကင်မရာ၊ အသံဖမ်းစက် ipad, Power bank အားလုံး အသင့်ပေါ့။ နယ်မှာဆိုရင် ဆိုင်ကယ်လည်းအပါအဝင်ပဲ။ ဘက်စုံအသင့်အနေအထားနဲ့ အချိန်ပြည့်နိုးကြားနေရတာလေ။

ရုပ်ပိုင်းဆိုင်ရာတွေ ပြည့်ပြည့်စုံစုံရှိနေလို့ပြီးပြီလို့ မယူဆနဲ့ဦး။ အသိဉာဏ်ပညာဆိုင်ရာတွေလည်း ဖြည့်ဆည်းနိုင်သလောက် ဖြည့်ဆည်းထားကြရမှာ။ သတင်းသမားတစ်ယောက်ဟာ အမြဲတမ်း မျက်စိကိုဖွင့်၊ နားကိုစွင့်ထားရုံသာမက သိသင့်သိထိုက်တာ၊ လေ့လာသင့်လေ့လာထိုက်တာ မှန်သမျှသိအောင်၊ နားလည်အောင် ဆည်းပူးထားဖို့ လိုတယ်။ အခြေအနေနဲ့ အချိန်အခါအဖြစ်အပျက်နဲ့ကို တွဲစပ်ရှုမြင် သုံးသပ်နိုင်စွမ်းရှိရင်တော့ ပိုပြီးအဆင်ပြေတာပေါ့။ မိခင်ဘာသာစကားတစ်ခုတည်းနဲ့ ခရီးမရောက်တဲ့အနေအထားတွေလည်း ကြုံရနိုင်တဲ့အတွက် တိုင်းခြားဘာသာစကားတို့ကိုလည်း လေ့လာထားသင့်တယ်။ (အင်္ဂလိပ်လို ပြောတတ်ဖို့တော့ သေချာပေါက်လိုအပ်တယ်။) ခေတ်ပေါ်ဆက်သွယ်ရေး နည်းပညာဟူသမျှ အကျွမ်းတဝင်ရှိပြီး ရင်းနှီးနေဖို့လည်း လိုတယ်။

ကိုယ့်အလုပ်ကိုလေးစားဖို့၊ တန်ဖိုးထားဖို့၊ ကိုယ့်လုပ်ငန်းနဲ့ပတ်သက်တဲ့ နည်းနာနိဿယတွေကို အလုံးစုံ တတ်သိနားလည်ဖို့။ ချက်ဆိုနားခွက်က မီးတောက်ဖို့။ အရာရာတိုင်းကို ကကြီး ခကွေးအဆင့်လောက်တော့ အနည်းဆုံးသိထားနိုင်ဖို့။ ကိုယ်လက်ရှိကျင်လည်နေတဲ့ အဝန်းအဝိုင်းမှာ လိုက်လျောညီထွေရှိနေဖို့။ ကျင့်ဝတ်နဲ့ လျော်ညီတဲ့ အနေအထိုင် အပြုအမူ အပြောအဆို ဖွယ်ဖွယ်ရာရာရှိနေဖို့ စတာတွေကိုလည်း သတိထားဖို့ လိုတယ်။

သတင်းစာဆရာ Journalist ကောင်းတစ်ယောက်ဖြစ်အောင်၊ သတင်းစာဆရာကောင်းတစ်ယောက်မဖြစ်ဖြစ်အောင်၊ စာပေလောကသားအချင်းချင်းက လေးစားကြည်ညို တန်ဖိုးထားလာအောင် နည်းမှန်လမ်းမှန်နဲ့ ကြိုးစားမယ်ဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်မျိုးကလည်း အရေးပါတယ်။ လုပ်နိုင်တယ်၊ ဖြစ်ရမယ်ဆိုတဲ့ ခိုင်မာတဲ့ အဆုံးအဖြတ်မျိုးနဲ့ ခရီးဆက်ကြပါမှ ဒီကနေ့တက်လာတဲ့ ဒီမိုကရေစီအစိုးရလက်ထက်မှာ စာပေလွတ်လပ်ခွင့်၊ သတင်းလွတ်လပ်ခွင့်တွေနဲ့ ထိုက်တန်တဲ့ သတင်းသမားကောင်းတွေဘဝနဲ့ စတုတ္ထမဏ္ဍိုင်ကို ဦးဆောင်ပြီး ဖက်ဒရယ်ပြည်ထောင်စုတစ်ခု ထူထောင်ရေးမှာ ရှေ့တန်းတစ်နေရာကနေ ပါဝင်ကြိုးပမ်းနိုင်မှာ သေချာတယ်။

# သူများဆီကလာတဲ့ ကိုယ့်တစ်နေရာ

**ခင်ဘုန်းသွယ်**

ဆေးရုံကားတစ်စီး အပြင်းမောင်းလာပါတယ်။ ဆေးရုံကားလာမှန်းသိအောင်လို့လည်း အချက်ပေးအသံကိုလည်း တတီတီအော်မြည်လာပါတယ်။ အမှန်ဆို ဒါ ဆေးရုံကားရှေ့မှာ မောင်းနေတဲ့ကားတွေ အကုန်လမ်းဖယ်ပေးကြရတော့မှာပါ။ ဒါပေမယ့်လည်း ဆေးရုံကားလာလို့မှ လမ်းမဖယ်ပေးတဲ့ကားတွေက အများကြီးရှိနေပါသေးတယ်။ ဒီလိုပါပဲ ဟိုတစ်နေ့က မီးလောင်တော့ မီးသတ်ကားတွေ အပြေးအလွှားထွက်လာကြတဲ့အခါ တစ်နေရာမှာ မီးသတ်ကားအကြီးတော့မဟုတ်။ ရဲကားလိုကားမျိုးနဲ့ ပီးပေါ်ပီးပေါ်အသံညံလို့ မောင်းလာပါတယ်။ ကားတွေက လမ်းဘေးချပေးလိုက်ဖို့ အခြေအနေရှိနေရဲ့သားနဲ့ကို မချပေးကြပါဘူး။ မောင်းမြဲတိုင်း ဆက်မောင်းနေကြတယ်။ ဒီလိုနဲ့ မီးသတ်ဝန်ထမ်းက ကားထဲကနေ ကိုယ်တစ်ပိုင်းထွက်ပြီး အသံကုန်ဟစ်အော်ရပါတော့တယ်။ ဟော့ မင်းတို့တွေပဲ အရေးကြီးနေတာလားတဲ့။ ဟုတ်ကဲ့ ဘယ်လိုလုပ်ကြပါမလဲ မီးသတ်ကားကိုတောင် လမ်းမဖယ်ပေးချင်လောက်အောင် ဖြစ်နေတဲ့သူတွေ တိုင်းပြည်ထဲ အများကြီးရှိနေကြသေးတယ်ဆိုတာ တကယ့်ကို အံ့သြစရာဖြစ်လို့နေပါတယ်။

တချို့တချို့သော ကိစ္စတွေမှာ ပြုပြင်ပြောင်းလဲခြင်း နှေးကွေးနေရတဲ့ အကြောင်းရင်းဟာ တိုင်းပြည်အုပ်ချုပ်သူတွေရဲ့ အစီအမံလိုအပ်ချက်သက်သက်တင် မဟုတ်ဘဲ လူအများရဲ့ စည်းကမ်းလိုက်နာမှုပျက်ယွင်းလို့လည်း အများကြီးပါပါတယ်။ အထူးသဖြင့်တော့ ယာဉ်ကြောကျပ်တည်းရတယ်ဆိုတာ ကားမောင်းသူအများစုရဲ့ ကိုယ့်ကား သူများရှေ့ရောက်ရင် ပြီးရော၊ ကိုယ့်ကား ခရီးပေါက်ရင် ပြီးရောဆိုတဲ့စိတ်နဲ့ ဇွတ်အတင်းဝင် ဇွတ်အတင်းဖြတ်ကြရာကနေ လမ်းကြောတွေ ပိုလို့ပိတ်သွားတာမျိုးလည်း ရှိတတ်ပါတယ်။ နောက်ပြီး ခုဆိုရင် ကားတွေအကုန်လုံးလိုလိုပဲ လူကူးမျဉ်းကျားမှာ ရပ်ပေးရမယ်ဆိုတဲ့အသိဟာ ပျောက်ကွယ်သွားသလောက် ဖြစ်နေပါပြီ။ လူကူးမျဉ်းကျားမှာ လမ်းကူးရင်တောင်မှ ယာဉ်အန္တရာယ်ကင်းဝေးမယ်လို့ အသေအချာပြောလို့မရနိုင်တော့တဲ့ အခြေအနေပါ။ နောက်တစ်ခါ လမ်းမတန်းပေါ်က ရုံးတို့၊ ဆေးရုံတို့ရှေ့က အပေါက်ဝမျိုးတွေကိုလည်း နေရာမချန်ထားနိုင်လောက်အောင် လမ်းအပြည့်ပိတ်ရပ်ထားတဲ့ ကားတွေကလည်း နေရာတိုင်းလိုမှာပါ။ တကယ်ဆို ဆေးရုံပေါက်ဝတို့၊ ရုံးပေါက်ဝတို့ဆိုတာ ကားတွေအချိန်မရွေး ဝင်၊ ထွက်နိုင်အောင် ကားတစ်စီးစာ နေရာတစ်နေရာ ချန်ပေးထားရမယ်ဆိုတာ ကားမောင်းသူတိုင်း သိတော့ သိကြမှာပါ။ သိပေမယ့်လည်း ဒီလိုကားတစ်စီးစာနေရာ တစ်နေရာစာကလေးကိုတောင် သူများအတွက် မချန်ထားနိုင်လောက်အောင် ကိုယ့်အတွက်သာ စဉ်းစားနေကြတဲ့ သူတွေက တဖြည်းဖြည်းနဲ့များလာပါတယ်။ သူတစ်ယောက် နေရာတစ်နေရာစာ မချန်လိုက်တာနဲ့တင် ဟိုတစ်ဖက်က ကွေ့ဝင်လာမယ့် ကားနဲ့အတူ နောက်က ကားတသီတသန်းကြီးက နေရာမလွတ်မချင်းစောင့်ရင်း ကားတွေ ပိတ်ကျပ်ကုန်တော့တာပါ။

ကျွန်မတို့မှာ ကိုယ့်အလှည့်ရောက်မှ ကိုယ့်အတွက်ယူကြေးဆိုတာမျိုးကို အသိထဲမှာပဲရှိတော့ပြီး လိုက်လုပ်ဖို့ရာ ခက်ခဲနေသူတွေ တစ်ပုံတစ်ပင်ဖြစ်လို့လာနေပါတယ်။ ကျွန်မတို့ရဲ့စိတ်ဓာတ်တွေကို မပျက်ပြား ပျက်ပြားအောင် ခေတ်စနစ်ကြီးက တွန်းပို့ခဲ့ပါတယ်။ ကျွန်မတို့တွေ ပြောခဲ့ကြတယ်။ ပြောနေကြတယ်။ ဒီမိုကရေစီခေတ်ရောက်တဲ့အခါ အရာအားလုံးဟာ အကောင်းဘက်ကို ပြုပြင်လာကြမယ်။ တိုင်းပြည်ဟာ ပြုပြင်ပြောင်းလဲမှုတွေနဲ့အတူ တိုးတက်လာမယ်လို့ ဒီလိုမျှော်လင့်ချက်တွေနဲ့လည်း အများက လက်သန်းလေးတွေ မင်စွန်းလို့ မဲပေးခဲ့ကြတယ်။ တကယ်တော့ ကျွန်မတို့ဟာ ဒီလိုမဲပေးလိုက်တယ်ဆိုကတည်းကိုက ကိုယ့်အားကိုယ်ကိုးပြီး တိုင်းပြည်ကို တည်ဆောက်လိုက်တာပဲဖြစ်ပါတယ်။ ဒါဆိုရင် ကျွန်မတို့တစ်တွေ အခုအစိုးရသစ်တက်လာပြီးနောက်ပိုင်းမှာရော ဘာဖြစ်လို့များ ကိုယ့်အားကိုယ်ကိုးပြီး တိုင်းပြည်ထူထောင်ခြင်းကို ဆက်လက်မလုပ်ဆောင်နိုင်ရမှာပါလဲ။ ကျွန်မတို့ ရွေးချယ်တင်မြှောက်လိုက်တဲ့ အစိုးရသစ်တက်လာပြီဆိုကတည်းက ပြုပြင်ပြောင်းလဲမှုတွေကို ဆက်တိုက်ဆိုသလို ကြားနေရပါပြီ။ သည့်အတွက် ကျွန်မတို့ ပြည်သူတွေဘက်ကလည်း ဘယ်လောက်အတိုင်းအတာထိ ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေကြပြီလဲဆိုတာ ပြန်ဆန်းစစ်ကြည့်ရတော့မှာပါ။ ယာဉ်ကြောတွေ ကျပ်နေရတဲ့ အကြောင်းရင်းမှာ ကိုယ်ကရော တစ်ဖက်တစ်လမ်းက ပါဝင်သူဖြစ်နေပြီလား။ လမ်းမပေါ် အမှိုက်တွေ ပွနေတဲ့ အကြောင်းရင်းမှာရော ကိုယ်တိုင်ပါဝင်မိနေသလား။ ကိုယ့်အခွင့်အရေးတစ်ခုရဖို့အတွက် သူတစ်ပါးအခွင့်အရေးတွေကိုပိတ်ပင်သူ ကိုယ်တိုင်ဖြစ်နေမိသလား။ မကွယ်မဝှက်တမ်း စဉ်းစားကြည့်ရင်တော့ တစ်နေရာရာမှာ အကြောင်းတစ်စုံတစ်ခုခုနဲ့ ကိုယ်ဟာ ကိုယ့်အတွက်ပဲ သီးသန့်စဉ်းစားလုပ်ဆောင်လိုက်မိတာမျိုးတွေ တွေ့ရတတ်မှာပါ။

အပြစ်တော့လည်း မဆိုသာပါဘူး။ လူဆိုတာက ကိုယ့်အတွက်သာ အရင်ရုန်းကန်လှုပ်ရှားကြရမြဲ မဟုတ်ပါလား။ ဒါပေမယ့် ကျွန်မတို့ တိုင်းပြည်လို ပြုပြင်စရာတွေ များလွန်းလှတဲ့ အခုလိုအခြေအနေမှာတော့ ကျွန်မတို့တွေက ကိုယ့်အတ္တတွေကို မေ့ထားပြီး အများအတွက်ဘာလုပ်ဆောင်နိုင်မလဲဆိုတာကို မတွေးပေးနိုင်ရင်တောင်မှ ကိုယ့်အပြုအမူတွေဟာ အများကို စိတ်အနှောင့်အယှက်ဖြစ်စရာ မဖြစ်ရင်ကို အတော်လေးကောင်းမွန်နေပြီလို့ ဆိုရမှာပါ။ အရင်ခေတ်ဟောင်းကို လုံးဝမေ့ပစ်လိုက်ချင်တယ်ဆိုရင် အရင်ခေတ်ဟောင်းထဲက ကျွန်မတို့ရဲ့ အပြုအမူတွေကိုလည်း လုံးဝမေ့ပစ်လိုက်ကြရအောင်ပါ။ ဘယ်သူတွေက ကျွန်မတို့ တိုင်းသူပြည်သားတွေကို စာရိတ္တပိုင်းဆိုင်ရာ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာမှာ ဖျက်ဆီးခဲ့၊ ဖျက်ဆီးခဲ့ ကျွန်မတို့တွေဟာ သည်အချိန်မှာ အရာအားလုံးကို ကောင်းကောင်းကြီးပြုပြင်နိုင်ပြီဆိုတာကို ပြလိုက်ကြရအောင်ပါ။

တကယ်ဆို ဒီမိုကရေစီခေတ်ကြီးမှာ ကိုယ့်တစ်နေရာစာလေးပဲ ကွက်ကွက်လေးကြည့်နေဖို့ မဖြစ်နိုင်သလို ကိုယ့်တစ်နေရာစာရဖို့အတွက် အများရဲ့ နေရာများစွာ ပိတ်ဆို့ကျပ်တည်းသွားမှာကို လက်လွတ်စပယ်ကလေးတောင်မှ လုပ်မိလို့မဖြစ်ပေပါဘူး။ တစ်ဦးချင်းတစ်ယောက်ချင်းက အပြောင်းအလဲဆီကို ဦးတည်ပြီး ကိုယ့်ရဲ့တစ်ကိုယ်ရေသာ ကြည့်ရှုတတ်တဲ့စိတ်ကို ဖျောက်ဖျက်နိုင်မှသာ စစ်မှန်သော အပြောင်းအလဲဆီကို အမြန်ဆုံးရောက်နိုင်ကြမှာဖြစ်သလို ပြည်သူလူထုထဲမှာလည်း အပြောင်းအလဲကို အမှန်တကယ်ခံစားနိုင်မယ်လို့သာ ဆိုလိုက်ချင်ပါတယ်။

**အရင်ခေတ်ဟောင်းကို လုံးဝမေ့ပစ်လိုက်ချင်တယ်ဆိုရင် အရင်ခေတ်ဟောင်းထဲက ကျွန်မတို့ရဲ့ အပြုအမူတွေကိုလည်း လုံးဝမေ့ပစ်လိုက်ကြရအောင်ပါ။ ဘယ်သူတွေက ကျွန်မတို့ တိုင်းသူပြည်သားတွေကို စာရိတ္တပိုင်းဆိုင်ရာ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာမှာ ဖျက်ဆီးခဲ့၊ ဖျက်ဆီးခဲ့ ကျွန်မတို့တွေဟာ သည်အချိန်မှာ အရာအားလုံးကို ကောင်းကောင်းကြီးပြုပြင်နိုင်ပြီဆိုတာကို ပြလိုက်ကြရအောင်ပါ။**

ကိုရွှေအောင်

# လူထုကို သတင်းပေးပါ

သမ္မတရုံးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မေ ၁ ရက် ရက်စွဲနဲ့ လက်မှတ်ထိုးထုတ်ထားတဲ့ စာတစ်စောင် အွန်လိုင်းပေါ်တက်လာလို့ ဖတ်လိုက်ရတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်တွေ ကိုယ်ရေးအရာရှိခန့်ရင် ဇနီး၊ ခင်ပွန်းနဲ့ဆွေမျိုးနီးစပ်သူတွေ မခန့်ဖို့နဲ့ ဌာနက ဌာနဆိုင်ရာဝန်ထမ်းတွေကိုပဲခန့်ဖို့ ညွှန်ကြားတဲ့စာ ဖြစ်တယ်။ ဒီမတိုင်မီထဲက ဝန်ကြီးတွေ ကိုယ်ရေးအရာရှိခန့်ရင် ဌာနဆိုင်ရာဝန်ထမ်းပဲခန့်ရမယ်ဆိုတဲ့ သတင်းကြားခဲ့တာ အခုမှန်နေတာတွေ့လိုက်ရတယ်။ ဒါလည်း ပြောင်းလဲချိန်တန်ပြီထဲက တစ်ခုပဲဖြစ်ပြီး အရင်စစ်အစိုးရအဆက်ဆက်မှာ ဝန်ကြီးဖြစ်လာတဲ့သူက သူလာရာတပ်က သူ့ကိုယ်ရေးအရာရှိကိုပဲ ကိုယ်ရေးအရာရှိ ပေးတဲ့အစဉ်အလာကို ပြောင်းလိုက်တာပဲဖြစ်တယ်။ တကယ်တော့ ဝန်ကြီးနားနေပြီး သူ့ကိုကူမယ့်သူဟာ ဌာနဆိုင်ရာက လုပ်သက်ရင့်အရာရှိဝန်ထမ်းတွေပဲ ဖြစ်သင့်တာဖြစ်ပြီး အရင်ခေတ်ကတော့ နီးစပ်ရာခန့်ခဲ့ကြတယ်။ တစ်ခါ ရှေ့ဆင့်နောက်ဆင့်ဖတ်လိုက်ရတဲ့ ဌာနဆိုင်ရာ ညွှန်ကြားချက်တစ်စောင်မှာလည်း မလိုအပ်ဘဲ ငွေကုန်ကြေးကျများတဲ့ ကြီးကျယ်ခမ်းနားတဲ့ ပွဲလမ်းသဘင်တွေ မလုပ်ကြဖို့ သမ္မတရုံးကညွှန်ကြားထားတယ်လို့ ဖတ်လိုက်ရတယ်။ အဲဒီရက်မတိုင်မီလေးမှာပဲ တိုင်းဝန်ကြီးချုပ်တစ်ယောက် ဒေသတစ်ခုအရောက်မှာ သူ့ကိုဟင်းပွဲပေါင်းများစွာနဲ့ ဧည့်ခံလို့ နောင်ဒီလိုမလုပ်ဖို့ ဆူနေတယ်ဆိုတဲ့သတင်း ဟင်းပွဲတွေအများကြီးရှေ့ထိုင်နေတဲ့ ဝန်ကြီးချုပ်ဓာတ်ပုံနဲ့တကွ တက်လာတာတွေ့လိုက်ရပါသေးတယ်။

သမ္မတကသူ့နှစ်ကူးစကားမှာ သူ့အစိုးရကိုဝေဖန်ပါလို့ ပြောသွားတာကြားရတယ်။ မတော်တာတွေမပြောခင် တော်တာတွေအရင်ပြောဦးမယ်။ မေ ၂၂ ရက်လောက်ကစပြီး ဒေသအချို့မှာ မိုးသက်လေပြင်းတွေကျတယ်။ မိုးသီးမုန်တိုင်းကျတယ်။ လေပြင်းတိုက်တယ်။သဘာဝဘေးကျတယ်ဆို သေဆုံးထိခိုက် ပျက်စီးဆိုတာတွေကြားရတာပဲ။ အဲသတင်းတွေလိုက်မေးနေရင်း သတိထားလိုက်မိတာတစ်ခုက ဆိုင်ရာတာဝန်ရှိသူတွေဟာ သဘာဝဘေးကျနေတဲ့ ဒေသတွေဆီရောက်နေကြပြီ။ ကိုယ်ထိလက်ရောက်ကူနေကြပြီ။ တပ်မတော်သားတွေလည်းကူ၊ ရဲသားကြီးတွေလည်းကူနဲ့ ကူညီကြတာ တက်ညီလက်ညီရှိတယ်။ သတင်းထုတ်ချင်လို့ ကယ်ဆယ်ရေးဌာန လှမ်းမေးတော့ သိသလောက် ပြောပြတယ်။ (မီဒီယာလောကမသိသေးတာကတော့ ဖုန်းလိုင်းမကောင်းလို့များလားပဲ)။ အဲဒီမှာတစ်ခုပြေးသတိရလိုက်မိတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဒီလိုပဲဒေသတချို့ ရုတ်တရက် မိုးကြီးပြီး တောင်ကျရေတွေထိုးကျလို့ အသေအပျောက်များခဲ့တယ်။ ဆိုင်တဲ့ဌာနကိုဆက်သွယ်တော့ ဖြေနိုင်တဲ့လူကြီးတွေ ဌာနကအကြီးအကဲတစ်ဦးကို နှုတ်ဆက်ပွဲလုပ်နေလို့ နောက်မှပြန်ဆက်ပါလို့ပြောတယ်။ အရင်အစိုးရကိုလက်ညှိုးထိုးချင်လို့မဟုတ်ဘဲ အခုအစိုးရအဲ့ဒီလိုမလုပ်မိကြဖို့ ကြုံဖူးတာပြောခြင်းဖြစ်တယ်။ မတော်တာတွေဘက်ဆက်မယ်။

နှစ်ရက်လောက်ဆက်ပြီး မိုးသက်လေပြင်းတွေတိုက် မိုးသီးမုန်တိုင်းဆိုတာတွေကျတော့ ဒေသခံလူထုစိုးရိမ်စိတ်ဝင်လာကြတယ်။ ထုံးစံအတိုင်း တင်ရလွယ်တဲ့အွန်လိုင်းပေါ်မှာ မိုးလေဝသသတင်းဆိုတာတွေကို ဟုတ်တာရော မဟုတ်တာရော တင်တဲ့သူကတင်၊ ရှယ်တဲ့သူကရှယ်နဲ့ မီးလောင်ရာလေပင့်လုပ်လာကြတယ်။ လူထုအပူကို မဟုတ်တဲ့သတင်းနဲ့ မီးထိုးတယ်။ ဒီအချိန်မှာ သတင်းအမှန်ထုတ်ပြန်ပေးဖို့ တာဝန်အရှိဆုံးဌာနက သမားရိုးကျ မိုးလေဝသသတင်းပဲ ထုတ်နေကျအတိုင်း ပုံမှန်ရေးပြီး ထုတ်နေတာတွေ့ရတယ်။ တာဝန်ရှိတဲ့သူကို တယ်လီဖုန်းဆက်ပြီးလှမ်းမေးတော့ ပြည်နယ်နဲ့ တိုင်းဒေသကြီး ငါးခုမှာ မိုးတိမ်ကြောင့် မိုးသက်လေပြင်းတွေကျနိုင်သေးတယ်။ သတိထားနေကြဖို့ပြောတယ်။ သူတို့ထုတ်တဲ့သတင်းထဲ အဲဒီလိုမပါဘူး။ ပုံမှန်ပဲမိုးရွာမယ်ဆိုတာလောက်ပဲ ပါတယ်။ လူထုအထိတ်တလန့်ဖြစ်မှာစိုးလို့ အဲဒီလိုသတင်းမထုတ်တာလို့လည်း ပြောတယ်။ လွဲတော့လွဲနေပြီနော်လို့ပြောလိုက်တယ်။ နောက်တစ်နာရီလောက်ကြာတော့မှ ထူးခြားမိုးလေဝသဖြစ်စဉ်ဆိုပြီး သတင်းထုတ်တာတွေ့ရတယ်။ အွန်လိုင်းပေါ်မှာကတော့ ရေခဲတိမ်တိုက်ကြီးကြောင့် ရေခဲမိုးသီးတွေကြွေခဲ့တာ အဲဒီမနက်ကတည်းကဖြစ်ပြီး တစ်နေ့လုံးလည်း ပျံ့နှံ့လို့ ကောလာဟလတွေလည်း ပွထခဲ့ပြီးပြီ။ လူတွေရဲ့အသက်နဲ့ဆိုင်တာမို့ သတင်းထုတ်တဲ့ကိစ္စ ပြန်လှန်သုံးသပ်ကြရန် ရည်ရွယ်ပြီးရေးတယ်။

နောက် ပြည်နယ်နှစ်ခုဘက်က သတင်းနှစ်ခုဘက်ဆက်ရရင် မေ့လလယ်လောက်ကစပြီး ပြည်နယ်တစ်ခုမှာ တိုက်ပွဲကြောင့် ဒေသခံလူထု ထောင်ချီထွက်ပြေးနေရတယ်။ ပြည်နယ်အစိုးရဟာဒီကိစ္စ ဘယ်လိုကိုင်တွယ်ဖြေရှင်းလုပ်ဆောင်နေသလဲဆိုတာ သတင်းမထုတ်ဘူး။ မီဒီယာကမေးတော့လည်း မဖြေဘဲရှောင်နေတယ်။ ဒေသခံပါတီနဲ့ ဒေသခံအမတ်တွေပြောလို့ ပြည်နယ်ထဲတိုက်ပွဲတွေ တစ်ပတ်ဆယ်ရက် ရက်ဆက်ဖြစ်နေတယ်ဆိုတာလည်း သိရတယ်။ ဒေသခံထောင်နဲ့ချီ ထွက်ပြေးတိမ်းရှောင်နေရတယ်ဆိုတာလည်း ကြားရတယ်။ ပြည်နယ်အစိုးရက မီဒီယာကို သတင်းမထုတ်ဘဲ သူ့ဘာသာဖြေရှင်းနေတယ်။ သူတို့ ဘယ်ပုံဘယ်နည်းဖြေရှင်းနေပါတယ်ဆိုတာ မပြောဘူး။ ဒါကောင်းတဲ့အစဉ်အလာမဟုတ်ဘူး။ အဲဒီပြည်နယ်မှာ အရင်အစိုးရလက်ထက်က အစိုးရအဖွဲ့အတွင်းရေးမှူးနဲ့ပြောခွင့်ရသူတွေ ထားထားပေးတယ်။ ပြည်နယ်ထဲ တစ်ခုခုဖြစ်ရင် အဲဒီပြောခွင့်ရသူတွေက သူတို့ပြောပြနိုင်သလောက် ပြောပြရှင်းပြတယ်။ အကဲဆတ်တဲ့ကိစ္စတွေ ဖြစ်ခဲ့ပေမယ့် ဆိုင်ရာကသတင်းထုတ်ပြန်ပေးတော့ ကြီးတဲ့အမှုငယ်ခဲ့တယ်။ ငယ်တဲ့အမှုပပျောက်ခဲ့တယ်။ နမူနာကောင်းတွေရှိတာ ဆက်ထိန်းသိမ်းလုပ်ဆောင်ဖို့ လိုတယ်။

တစ်ခါ ပြည်နယ်တစ်ခုမှာပဲ အကဲဆတ်တဲ့ကိစ္စ တစ်ရပ်ပေါ်ခဲ့ပြန်တယ်။ တိုက်ရိုက်သက်ဆိုင်တဲ့ ပြည်နယ်ဝန်ကြီးနဲ့ဖုန်းရတော့ အဲဒီကိစ္စနဲ့ပတ်သက်လို့ သူတို့အစိုးရအဖွဲ့ မဆိုင်းမတွ လုပ်နေတာတွေ ရှင်းပြတယ်။ ပြီးတော့ ဒီကိစ္စဟာမီဒီယာကနေမဖွသင့်တဲ့ ကိစ္စတစ်ရပ်ဖြစ်လို့ ထိန်းထိန်းသိမ်းသိမ်းရေးဖို့ ရင်းရင်းနှီးနှီးမေတ္တာရပ်ခံတယ်။ မီဒီယာတွေကလည်း ထိန်းထိန်းသိမ်းသိမ်းပဲ လိုအပ်သလောက်ရေးခဲ့တာလည်း တွေ့ရတယ်။ ပြည်နယ်နှစ်ခုက အရေးနှစ်ခုကြည့်ပြီး လူထုခေါင်းဆောင် နှစ်သစ်ကူးမိန့်ခွန်းမှာ ပြောခဲ့သလို အစိုးရသစ်ရင်ဆိုင်ရမယ့်စိန်ခေါ်မှုတွေကများမှာသေချာတယ်ဆိုတာ မြင်လိုက်ရတယ်။ အဲဒီစိန်ခေါ်ချက်တွေကို ပြည်သူလူထုနဲ့ ပူးပေါင်းဖြေရှင်းမယ်ဆိုရင် လူထုသိအောင် သတင်းမှန်မြန်မြန်ထုတ်ပေးဖို့လိုတယ်။ တာဝန်ရှိသူတွေ ချက်ချင်းလက်ငင်း သွက်သွက်လက်လက်ကိုင်တွယ်ဖြေရှင်းဖို့လိုတယ်။ တချို့ကိစ္စတွေက ကာကွယ်ရေးတာဝန်ရှိသူတွေနဲ့ ညှိနှိုင်းလုပ်ရမယ်ဆိုတာ နားလည်ပေမယ့် အစိုးရအဖွဲ့ဘာလုပ်နေတယ်ဆိုတာတော့ လူထုကိုအသိပေးသင့်တယ်လို့မြင်တယ်။ ဒါမှ အပ်နဲ့ထွင်းရမယ့်ကိစ္စ ပေါက်ဆိန်နဲ့ မပေါက်ရမှာဖြစ်တယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်တွေရော ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်တွေရော သိထားဖို့တစ်ခုက အခုအစိုးရသစ်ကို လူထုက တင်ထားတယ်ဖြစ်လေတော့ ဘာလုပ်လုပ် လူထုက စောင့်ကြည့်နေတာဆိုတာဖြစ်တယ်။ ဒါကို စိုးရိမ်စရာ မလိုဘဲ လုပ်စရာရှိတာ ရဲရဲတင်းတင်း မှန်မှန်ကန်ကန် လုပ်ပြီး ဘာလုပ်နေတယ်ဆိုတာ လူထုကို သတင်းပေးပါ။ ။

**စိန်ခေါ်ချက်တွေကို ပြည်သူလူထုနဲ့ ပူးပေါင်းဖြေရှင်းမယ်ဆိုရင် လူထုသိအောင် သတင်းမှန် မြန်မြန်ထုတ်ပေးဖို့လိုတယ်။ တာဝန်ရှိသူတွေ ချက်ချင်းလက်ငင်း သွက်သွက်လက်လက်ကိုင်တွယ် ဖြေရှင်းဖို့လိုတယ်။ တချို့ကိစ္စတွေက ကာကွယ်ရေးတာဝန်ရှိသူတွေနဲ့ ညှိနှိုင်းလုပ်ရမယ်ဆိုတာ နားလည်ပေမယ့် အစိုးရအဖွဲ့ဘာလုပ်နေတယ်ဆိုတာတော့ လူထုကို အသိပေးသင့်တယ်လို့မြင်တယ်။**

# မြောက်ဥက္ကလာခြောက်ကွေ့မီးပွိုင့်အနီး၌ အခိုင်အမာဆောက်လုပ်ထားသည့် စည်းကမ်းမဲ့လူနေဆိုင်များ ဖျက်သိမ်း



**ရန်ကုန် မေ ၂၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ခြောက်ကွေ့မီးပွိုင့်အနီးရှိ စွမ်းအင်ဝန်ကြီးဌာန CNG ဂက်စ်ဆိုင်ပတ်ဝန်းကျင် သုဓမ္မာလမ်း ဝေဘာဂီလမ်းပေါ်ရှိ စည်းကမ်းမဲ့ အခိုင်အမာဆောက်လုပ်၍ လူနေဆိုင်အဖြစ် အခြေချနေထိုင်လျက်ရှိသည့် ဆိုင် ၁၉ ဆိုင်အား အရှေ့ပိုင်းခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၏ စီစဉ်မှုဖြင့် စည်းကမ်းထိန်းသိမ်းခြင်းအဖြစ် ဆိုင်ခန်းများ ဖျက်သိမ်းရေးလုပ်ငန်းကို မေ ၂၅ ရက်နံနက် ၇ နာရီမှ ၁၀ နာရီအထိ အင်အား ၅၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့သည်။

"အဆိုပါလုပ်ငန်း ဆောင်ရွက်ရာမှာ မြို့တော်စည်ပင်သာယာရေးကော်မတီအဆက်ဆက် ခေါင်းရှက်၊ ဗျပ်ထိုး၊ ရွှေ့လျားစားဝတ်နေရေးအတွက် ဈေးရောင်းချတဲ့ ဈေးသည်ကိုဖမ်းဆီးခြင်းမရှိခဲ့ပါဘူး။ ယာဉ်သွားလာခြင်း ပိတ်ဆို့မှု၊ ပြည်သူများလမ်းအသုံးချသွားလာမှု အခက်အခဲဖြစ်တဲ့အခါ စည်းကမ်းထိန်းသိမ်းပေးတယ်။ အရှေ့ပိုင်းခရိုင်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်မှ အဓိကလမ်းမကြီးများနဲ့ လမ်းဆုံလမ်းခွတွေမှာ သန့်ရှင်းသပ်ရပ်မှုကို အရုပ်ဆိုး အကျည်းတန်စေတဲ့ စည်းကမ်းမဲ့ အခိုင်အမာဆောက်ပြီး လူနေဆိုင်များအဖြစ် အခြေချနေထိုင်တဲ့ ဆိုင်တွေကို စည်းကမ်းထိန်းဖျက်သိမ်းရေးလုပ်ငန်း ဆောင်ရွက်နေတာပါ"ဟု ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးတင့်လွင်က ပြောသည်။

ထိုသို့ စည်းကမ်းထိန်းသိမ်းခြင်းအဖြစ် လူနေဆိုင် ၁၉ ဆိုင်မှ ဆိုင်ရှင်များအား သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ သတိပေးစာများ ပေးထားကြောင်း မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းကပြောသည်။

ယင်းလုပ်ငန်းဆောင်ရွက်ရာတွင် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးများက ဝန်ထမ်းအင်အား ၃၀၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ ၁၅ ဦး၊ ရပ်ကွက်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင် ကိုးဦးတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ထွန်းဝင်း)**

■




## မြန်မာ့ပင်လယ်ပြင်အခြေအနေ

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါ တစ်ရံ အနောက်- အနောက်တောင်ဘက်မှ လေပြင်းများတိုက်ခတ်ပြီး၊ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်(၃၀)မှ (၃၅)မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အစိုးရသစ်၏ ရက် ၁၀၀ အတွင်း စီးပွားရေးဦးမော့စေရန် ကြိုးပမ်းချက် ဤအချက်များ ထည့်သွင်းစဉ်းစားစေချင်

## ရန်ကြီးအောင်(ရွှေနိုင်ငံ)

အစိုးရသစ်တက်လာပြီးနောက်ပိုင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွင်းမှ စီးပွားရေးနှင့်ပတ်သက်သည့်အရာကို ပြပါဆိုလျှင် ၎င်းတို့ချမှတ်ခဲ့သည့် ရှေးဦးရက် ၁၀၀ အတွင်း စီးပွားရေးဦးမော့လာစေရန် ဆောင်ရွက်ခြင်းဟူသော စီမံချက်တစ်ရပ်ကို တွေ့ရှိကြရမည်ဖြစ်သည်။ ထိုသို့သော စီမံမှုအတွင်း မည်သည့်အရာများ ပါဝင်သည်ကို ပြည်သူလူထုအတွင်း ရှင်းလင်းစွာ ချပြအကြံဉာဏ်တောင်းခံခြင်း မတွေ့ရသော်လည်း ထိုကိစ္စအတွင်း ပါဝင်ပူးပေါင်းကာ ဆောင်ရွက်လိုသည့် ပြည်သူအများအပြားရှိနေကြောင်း ကြားသိရပါသည်။ ထိုသို့ ကြားသိခြင်းနှင့်အတူ စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက်ဆိုလျှင် အစိုးရသစ်အနေဖြင့် မည်သည့်အရာများကို ဦးစားပေးထည့်သွင်းစဉ်းစားအကောင်အထည်ဖော်မည်နည်းဟူသည့် မေးခွန်းများ ပြည်သူလူထုအတွင်း ဖြစ်ပေါ်လျက်ရှိနေသည်။

နိုင်ငံတစ်နိုင်ငံအတွင်း အောက်ခြေတွင်မည်ကဲ့သို့ ဖြစ်ပျက်နေသည်၊ မည်သည့်အရာများကိုဖြင့် ပြင်ဆင်ရန် လိုနေသည်၊ မည်သို့ပြင်ဆင်လိုက်လျှင် မည်သို့ကောင်းသွားမည်ကို အူမချေးခါးမကျန်သိရှိကြသူများမှာ ပြည်သူများသာဖြစ်ကြသည့်အတွက် ရှေးယခင် ရှင်ဘုရင်များလက်ထက် အခါကပင် ပြည်သူများအတွင်း တိုင်းခန်းလှည့်လည်ခြင်းကို သိသိသာသာနည်းဖြင့်တစ်နည်း၊ ရှင်ဘုရင်၊ မှူးကြီး မတ်ရာများအနေဖြင့် ရုပ်ဖျက်ပြီးတစ်ဖုံ အသွင်ယူကာ ပြည်သူများအတွင်း ဝင်ရောက်ကာ သတင်းများရယူနားထောင်ခဲ့ကြသည့် အလေ့အထကောင်းများရှိခဲ့သည်။

ထိုနည်းဖြင့်ပင် ယခုပြည်သူ့အစိုးရတစ်ရပ်အနေဖြင့်လည်း မိမိဆောင်ရွက်မည့် အများနှင့်သက်ဆိုင်သည့် အစီအမံတစ်ခုကို အောင်မြင်အောင် အကောင်အထည်ဖော်ရန်အတွက်ဆိုလျှင် ပြည်သူ့အသံကို များများနားထောင်မှုဖြစ်မည်။ သို့မှ ပြည်သူများအတွင်း အမှန်ဖြစ်ပျက်နေသည့် သတင်းများကိုရအောင် နည်းအမျိုးမျိုးဖြင့် ကျင့်သုံးရမည်ဟူသည့် အဖြေများကို တွေ့ရမည်ဖြစ်သည်။

တိုင်းရေးပြည်ရာကိစ္စအဖြာဖြာကို ဆောင်ရွက်ကြရာတွင် အပါးတော်မြဲများ၏ နိယာမပုံသေနည်းဆန်သည့် နည်းလမ်းများကိုချည်း အားကိုးယူခြင်းထက် အမှန်လက်တွေ့နယ်ပယ်တွင် အံ့ဝင်ခွင်ကျမည့် အကြံပြုချက်များကိုပါ အားတစ်ခုအဖြစ်စုစည်းရယူခြင်းက ပိုမိုကောင်းမွန်သင့်တော်နိုင်မည်ဖြစ်ပါသည်။ သည့်အတွက်ဆိုလျှင် ယခုအစိုးရသစ်၏ ရက်ပေါင်း ၁၀၀ အတွင်း စီးပွားရေးပြန်လည်ဦးမော့လာခြင်းအစီအစဉ် လက်တွေ့တွင် ထိထိရောက်ရောက် အောင်မြင်စေရေးအတွက် အမှန်လိုအပ်ပြီး လုပ်ဆောင်ရမည့်အချက်များကို ပြည်သူတစ်ဦးအနေဖြင့် ထောက်ပြအကြံပြုရေးသား တင်ပြသွားလိုပါသည်။

နိုင်ငံတော်၏ ဘဏ္ဍာငွေအများစုရရှိသည့်အရာမှာ အခွန်အကောက်များမှဖြစ်သည်နှင့်အညီ တစ်လနှင့်တစ်လ၊ တစ်ရက်နှင့်တစ်ရက် အခွန်အခများ တိုးတက်ရရှိစေရေးနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးတိုက်ဖျက်ရေး၊ အတုအပပြုလုပ်မှု ထိန်းချုပ်ရေး၊ အခွန်တိမ်းရှောင်မှုများအား ထိထိရောက်ရောက်ဖော်ထုတ်ကာ ဒဏ်ငွေတပ်ခြင်းများဆောင်ရွက်ရေး အစရှိသည့် လုပ်ငန်းများကို ကနဦးဆောင်ရွက်ရန် လိုလာပါသည်။

အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းများ၊ ဆေးဝါးများ၊ ကျန်းမာရေးနှင့် အလှကုန်ပစ္စည်းများ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းများ၊ အိမ်သုံးစက်မှုပစ္စည်းများ စသည့် ပစ္စည်းအတော်များများသည် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် တရားမဝင်သယ်ဆောင်ဝင်ရောက်ကာ အခွန်တိမ်းရှောင်လျက် ရှိနေကြသဖြင့် အမှန်တကယ် နိုင်ငံအတွင်းတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် ပြည်ပနိုင်ငံခြားကုမ္ပဏီများမှာ များစွာနစ်နာလျက်ရှိကြလေသည်။

၎င်းတို့ဘက်မှကြည့်လျှင် ၎င်းတို့အနေဖြင့် ပြည်ပမှ တရားဝင် တင်သွင်းခဲ့ကြပြီး ဆိပ်ကမ်းကုန်းပေါ်ရောက် တန်ဖိုးအပေါ် ကျသင့်သည့်အခွန်နှင့် အခြားရောင်းဝယ်ခွန်များပေးဆောင်ထားရသော်လည်း ၎င်းတို့ ဖြန့်ဖြူးကြသည့် ဈေးကွက်အတွင်း ပြင်ပနယ်စပ်မှ တရားမဝင် ဝင်ရောက်လာသည့် ပစ္စည်းများနှင့် အတုအပ ပြုလုပ်ဖြန့်ဖြူးမှုများကြားတွင် ၎င်းတို့နစ်နာဆုံးရှုံးမှုများစွာ ဖြစ်ပေါ်လျက်ရှိသဖြင့် နောက်ထပ်လာရောက် ရင်းနှီးမြှုပ်နှံကြမည့် နိုင်ငံခြားသားကုမ္ပဏီများအနေဖြင့် ထိုအချက်ကို များစွာထည့်သွင်းစဉ်းစားနေကြကြောင်း ကြားသိရသည်။

တစ်ဖက်ကကြည့်လျှင်လည်း နိုင်ငံတော်မှရရှိမည့် အခွန်အခများအတွက် များစွာနစ်နာကြရသည့်အပြင် ပြည်သူလူထုအတွင်းတွင်လည်း အစားအသောက် အတုအပများ ဝင်ရောက်ကြီးစိုးနေရာယူမှုများ၊ ဈေးကွက်မတည်ငြိမ်မှုများအပြင် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေခြင်း၊ တရားမဝင်ကုန်ပစ္စည်းများ ကုန်သွယ်မှုတွင် ယှဉ်ပြိုင်မှုကြီးထွားလာခြင်းနှင့် တရားဝင်ကုန်သွယ်သူများနှင့် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသူများကို အဟန့်အတားဖြစ်စေခြင်းများအပြင် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဆုံးရှုံးခြင်းများကို ဖြစ်ပေါ်စေလျက်ရှိနေပါသည်။

> **အစိုးရသစ်၏ ရက် ၁၀၀ အတွင်း စီးပွားရေးပြန်လည်ဦးမော့လာစေရေးကို ဆောင်ရွက်ရာတွင် တရားမဝင် နယ်စပ်ဂိတ်ပေါက်များမှ စီးဆင်းနေသည့် အကောက်ခွန်မဲ့ပစ္စည်းများအား စိစစ်စစ်ဆေးပြီး အခွန်ငွေများ တိုးတက်ရရှိအောင်ဆောင်ရွက်ခြင်း၊ အခွန်တိမ်းရှောင်နေသည့် စီးပွားရေးလုပ်ငန်းအတော်များများကို စိစစ်ကြပ်မတ်ခြင်းနှင့် ဌာနဆိုင်ရာများအလိုက် ကောက်ခံနေကြသည့် အခွန်အကောက်ဆိုင်ရာရငွေများကို ပြန်လည်စိစစ်ကြပ်မတ်ခြင်းဟူသည့် လုပ်ငန်းစဉ်တစ်ရပ်ကိုလည်း အဆိုပါစီမံချက်အတွင်း ထည့်သွင်းအကောင်အထည်ဖော်ကာ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ပေးသင့်**

ထိုအချက်များသည်ပင် ပြည်တွင်းသို့ ပြည်ပနိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား အဟန့်အတားတစ်ရပ်သဖွယ် ဖြစ်နေခဲ့သည်မှာထင်ရှားပါသည်။ ဥပမာအားဖြင့် တစ်ခုတင်ပြရလျှင် ပြည်တွင်းတွင် စီးပွားရေးလာရောက်မြှုပ်နှံသည့် နယ်သာလန်နိုင်ငံအခြေစိုက် ဟန်နီကယ်လ်ကုမ္ပဏီကြီးတစ်ခုအကြောင်း တင်ပြလိုပါသည်။ ၎င်းတို့အနေဖြင့် နိုင်ငံခြားသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ၎င်းတို့ပေးဆောင်ရမည့် အခွန်အခများကို အမှန်တကယ်ပေးဆောင်ပြီး ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချကြသော်လည်း အမှန်တကယ် မြေပြင်တွင်မူ အခက်အခဲပေါင်းများစွာဖြင့် ရင်ဆိုင်ကြရလေသည်။

၎င်းတို့အနေဖြင့် ၎င်းတို့ထုတ်လုပ်သည့်ပစ္စည်းကို အရည်အသွေးမှန်၊ ဈေးနှုန်းမှန်ဖြင့် ထုတ်လုပ်ပြီး ဈေးကွက်တွင် ဖြန့်ချိကြသော်လည်း ဈေးကွက်တွင် ရောင်းအားကျဆင်းပြီး ထိုက်သင့်သည့် အကျိုးအမြတ်များမရရှိကြပေ။ အကြောင်းမှာ ဈေးကွက်အတွင်းတွင် နယ်စပ်မှတရားမဝင်ဝင်ရောက်လာနေသည့် ထိုင်းနိုင်ငံထုတ် ဆင်နှစ်ကောင်တံဆိပ်နှင့် အခြားအတုအစစ် မခွဲခြားနိုင်သည့် အခြားအဖျော်ယမကာများအား ဈေးနှုန်းသက်သာစွာဖြင့် ဝင်ရောက်နေရာယူ ရောင်းဝယ်နေခြင်းများကြောင့်ပင် ဖြစ်သည်။ ထိုဥပမာ ကဲ့သို့ပင် အခြားသော လူသုံးကုန်ပစ္စည်း၊ စက်ပစ္စည်းများစွာနှင့် ဟင်းခတ်အမွှေးအကြိုင်မှ စတင်ကာ အထည်အလိပ်မြောက်မြားစွာမှာလည်း နယ်စပ်ဂိတ်ပေါက်များမှတစ်ဆင့် ဥဒဟိုအတားအဆီးမဲ့ အကောက်အခွန်ကင်းမဲ့စွာ ဝင်ရောက်ကာ ဈေးကွက်များတွင် နေရာယူထားခဲ့ကြခြင်းဖြစ်ပါသည်။

သည့်အတွက်ပင် ပြည်တွင်းတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် ပြည်ပနိုင်ငံခြားသားပိုင်ကုမ္ပဏီများမှာ အရှုံးများပေါ်ကာ ဆက်လက်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အခက်အခဲများရှိလာကြသည့်အပြင် အခြားအခြားသော ထပ်မံဝင်ရောက် ရင်းနှီးမြှုပ်နှံကြမည့် ကုမ္ပဏီများအနေဖြင့်လည်း ထိုအချက်ကိုကောင်းစွာ သိမြင်ကြသည့်အားလျော်စွာ ဝင်ရောက်ရန် တုံ့နှေးနေကြသည်မှာ အမှန်ပင်ဖြစ်ပါသည်။

အခြားတစ်ဖက်ကကြည့်လျှင်မူ ထိုသို့သော နယ်စပ်ကုန်သွယ်ရေး ဂိတ်ပေါက်များမှ တရားဝင်နည်းလမ်းများဖြင့်တစ်နည်း၊ တရားမဝင်နည်းလမ်းများဖြင့်တစ်ဖုံ အမျိုးမျိုးဝင်ရောက်လာသော အဖျော်ယမကာနှင့် စားသောက်ကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများအပေါ်တွင်လည်း သက်ဆိုင်ရာဌာနများက ဓာတုဗေဒပစ္စည်းများ ပါ၊မပါနှင့် အန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများပါ၊မပါ၊ စားသုံးရန် သင့်၊ မသင့် အရည်အသွေးများစစ်ဆေးရန် အခက်အခဲများစွာ တွေ့ရှိလာနေရပြီး စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများပင်လျှင် စစ်ဆေးဟန့်တားမှုများ မပြုလုပ်နိုင်ခဲ့ကြပေ။ သည့်အတွက်လည်း ပြည်သူလူထုအများစုမှာ ကင်ဆာကဲ့သို့သော ရောဂါဆန်းများအဖြစ်များလာသည်ကိုလည်း တွေ့ရှိနေရပါသည်။

အဆိုးဆုံးသောအချက်တစ်ချက်မှာ ကွမ်းယာဆိုင်သုံး Tobacco 92 , PariJat , Signal စသည့် ဆေးဘူးအမျိုးမျိုးဖြစ်ကြပြီး ထိုဆေးဘူးအများအပြားသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ကာ မည်သည့်ဌာနကမှ စစ်ဆေးထားမှုမရှိဘဲ အကောက်ခွန်မဲ့ပစ္စည်းအဖြစ် ပြည်တွင်းတွင် လည်ချောင်းကင်ဆာအဖြစ်များကာ အန္တရာယ်ကြီးစွာဖြင့် အတားအဆီးမဲ့ ရောင်းဝယ်ဖောက်ကား စားသောက်နေကြသည်ကိုလည်း တွေ့ရှိနေကြရမည်ဖြစ်သည်။

နောက်တစ်ချက်မှာ စီးကရက်နှင့် အရက်မျိုးစုံဖြစ်ပြီး ထိုပစ္စည်းများမှာလည်း အလားတူပင်ဖြစ်လေသည်။ ပေါများလာသည့် ထိုပစ္စည်းများသည်လည်း အကောက်ခွန်ဥပဒေတစ်ရပ်ဖြစ်သည့် အထူးကုန်စည်ခွန်ဥပဒေအပေါ် လက်တစ်လုံးခြားပြုလုပ်ကာ အချို့ကိုပြည်တွင်းတွင် ဖက်စပ်ထုတ်လုပ်ကြပြီး ပြည်တွင်းတွင် ၁၀ ရာခိုင်နှုန်းသာ ဖြန့်ရမည့်အစား ရာနှုန်းပြည့်ပင် ပြန်လည်ဖြန့်ဖြူးနေကြသည်ကို တွေ့မြင်နေကြရမည်ဖြစ်ပါသည်။ အမည်နာမ အမျိုးမျိုးသော ပြည်တွင်းဖြစ် အရက်မျိုးစုံနှင့် ပြည်ပမှ အရက်မျိုးစုံသည်လည်း ဝင်လာမစဲ တသဲသဲဆိုသကဲ့သို့ ပေါများစွာဝင်ရောက်လာနေကြပြီး စားသုံးသူများအကြား အတု၊ အစစ်ခွဲခြားရန်ပင် အခက်အခဲများစွာရှိပြီး အကောက်ခွန်မဲ့စွာ နိုင်ငံ့ဘဏ္ဍာငွေပေါင်း မြောက်မြားစွာ ဆုံးရှုံးနေကြရလေသည်။

နောက်အခြားသော အကြောင်းအရာအချက်တစ်ခုမှာ ဌာနဆိုင်ရာများအလိုက် ကောက်ခံရရှိထားကြသည့် ရငွေများကို ပြန်လည်စစ်ဆေးရေးပင်ဖြစ်ပါသည်။ အချို့အချို့သောဌာနများ၏ ရငွေများဖော်ပြရာတွင် အမှန်တကယ်ရသည့်ငွေထက်နည်းပါးနေပြီး အသုံးငွေများသာ များပြားနေသဖြင့် အရအသုံးဆိုင်ရာဥပဒေတွင် အကောင်အထည်ဖော်ရမည့်လုပ်ငန်းများ ထည့်သွင်းနိုင်ခြင်းမရှိသည်ကိုလည်း တွေ့ရှိကြရမည်ဖြစ်ပါသည်။ ၎င်းအပြင် လျှော့ချစိစစ်ရမည့် စီမံကိန်းအတော်များများကို လျှော့ချနိုင်ရေးလုပ်ငန်းစဉ်ကိုလည်း မနှေးအမြန် ဆောင်ရွက်ရမည်လည်း ဖြစ်ပါသည်။

အချုပ်အားဖြင့် ရေးသားတင်ပြရလျှင် အစိုးရသစ်၏ ရက် ၁၀၀ အတွင်း စီးပွားရေးပြန်လည်ဦးမော့လာစေရေးကို ဆောင်ရွက်ရာတွင် အထက်တွင်ဖော်ပြခဲ့သည့် တရားမဝင် နယ်စပ်ဂိတ်ပေါက်များမှ စီးဆင်းနေသည့် အကောက်ခွန်မဲ့ပစ္စည်းများအား စိစစ်စစ်ဆေးပြီး အခွန်ငွေများ တိုးတက်ရရှိအောင်ဆောင်ရွက်ခြင်း၊ အခွန်တိမ်းရှောင်နေသည့် စီးပွားရေးလုပ်ငန်းအတော်များများကို စိစစ်ကြပ်မတ်ခြင်းနှင့် ဌာနဆိုင်ရာများအလိုက် ကောက်ခံနေကြသည့် အခွန်အကောက်ဆိုင်ရာရငွေများကို ပြန်လည်စိစစ်ကြပ်မတ်ခြင်းဟူသည့် လုပ်ငန်းစဉ်တစ်ရပ်ကိုလည်း အဆိုပါစီမံချက်အတွင်း ထည့်သွင်းအကောင်အထည်ဖော်ကာ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ပေးသင့်ပါကြောင်း အောက်ခြေတွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို အရှိကိုအရှိအတိုင်း ရေးသားတင်ပြလိုက်ရပါသည်ခင်ဗျား။



## ပြည်တွင်းရေးရာ

*ရှေ့ဖုံးမှ

အောက်ခြေတွင် ညှိနှိုင်းဆောင်ရွက်မှုများရှိခဲ့၍လည်း ပစ်ခတ်တိုက်ခိုက်မှုများ မဖြစ်ပေါ်စေရန် တားဆီးနိုင်ခဲ့ခြင်းလည်းဖြစ်ပါကြောင်း၊ မတ် ၃၁ ရက်က မြန်မာ့ငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC) ဖျက်သိမ်းခဲ့သော်လည်း JMC ၏ အစည်းအဝေးများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (NCA) ကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ဆုံဆွေးနွေးမှုအပိုင်းကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ NCA အခန်း (၃) အပိုဒ် (၅)တွင် ပါဝင်သည့် နှစ်ဖက်တပ်များ လိုက်နာရမည့်အချက်(၆)ချက်ကို လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ လျော့ကျသွားမည်ဖြစ်ကာ မိမိတို့ကော်မတီအနေဖြင့်လည်း ပစ်ခတ်တိုက်ခိုက်မှုများ လျော့ကျသွားစေရန် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ (၁) ကေအန်ယူမှ စောအိုင်းဇက်ဖိုးက မြန်မာနိုင်ငံတွင် နှစ်ပေါင်း (၆၀) ကျော်ဖြစ်ပွားနေခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးကြောင့်ဖြစ်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်နည်းဖြင့် ဖြေရှင်းခဲ့သည့်အတွက် ယခုကဲ့သို့ တိုင်းသူပြည်သားများ အတိဒုက္ခရောက်ခဲ့ရသကဲ့သို့ နှစ်ဖက်စလုံးတွင် အကျအဆုံးများ ရှိခဲ့သည့်အပြင် တိုင်းပြည်မှာလည်း ဆင်းရဲတွင်းထဲ ကျရောက်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး အရပ်သားကိုယ်စားလှယ် ဒုတိယဥက္ကဋ္ဌ(၂) ဦးပြည့်စုံကလည်း နှုတ်ခွန်းဆက်စကား ဆက်လက်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ လုပ်ငန်းအဖွဲ့အတွင်း၌ ဆွေးနွေးသဘောတူညီခဲ့သော ဒေသဆိုင်ရာရုံးအဖွဲ့၏ လုပ်ငန်းလမ်းညွှန်အား ဆွေးနွေးအတည်ပြုခြင်း၊ လုပ်ငန်းအဖွဲ့အတွင်း ဆွေးနွေးခဲ့သည့် နိုင်ငံတကာအဖွဲ့အစည်းများမှ တောင်းဆိုထားသော တရားဝင်မှု (Legal Status) ကို ရရှိရန် Technical Secretrait Center (TSC) အထောက်အကူပြုရုံးအဖွဲ့အား NGO အဖြစ် (သို့မဟုတ်) State Process အဖြစ် မည်သို့ဆောင်ရွက်လိုကြောင်းကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ Ethnic Armed Organizations (EAOs)ဘက်မှ ယခုလ မေ ၆ ရက် မတိုင်မီ အကြောင်းပြန်ပေးရမည့်ကိစ္စအား ဆွေးနွေးဆုံးဖြတ်ခြင်း၊ ယာယီတိုင်ကြားမှု ကန့်ကွက်ခြင်းလုပ်ငန်းအပေါ် ဆွေးနွေးအတည်ပြုခြင်းများအပြင် အထွေထွေကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်းနှင့် အစည်းအဝေးကို မေ ၂၇ ရက်တွင် အဆိုပါဟိုတယ်၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေး ကော်မတီကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အစိုးရ ကိုယ်စားလှယ် ၁၀ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့မှ ကိုယ်စားလှယ် ၁၀ ဦး၊ နှစ်ဖက်မှ အဆိုပြုသော အရပ်သားကိုယ်စားလှယ် ခြောက်ဦး စုစုပေါင်း ၂၆ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုး၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးပြည့်စုံ၊ အဖွဲ့ဝင်များအဖြစ် ဦးခင်မောင်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဗိုလ်ချုပ်အောင်စိုး၊ ဦးမြင့်စိုး၊ ဒေါက်တာမင်းဇော်ဦး၊ စောနေစိုးမြ၊ စောကျော်သန်းငွေ၊ ခွန်အောင်မန်း၊ ဦးဆလိုင်းယောအောင်၊ ခိုင်မျိုးချစ်၊ ဦးဆောင်းဟန်၊ စောတာဒိုမူး၊ စိုင်းလျန်း၊ သိက္ခာတော်ရဆရာတော် စောမက်သယူးအေး၊ ဦးကိုကိုကြီး၊ စိုင်းမျိုးသန့်၊ ဦးမောင်မောင်ငြိမ်း၊ သူရဦးတင်လှ၊ အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရ်နှင့် အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်တို့ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)



## ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အခြေစိုက် ဂျော်ဂျီယာသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Levan Machavariani အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အခြေစိုက် ဂျော်ဂျီယာသံရုံးမှ သံရုံးယာယီ တာဝန်ခံ Mr. Levan Machavariani အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံရာသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များကို သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပြောကြားမည်

**နေပြည်တော် မေ ၂၆**

ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းက မေ ၂၂ ရက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၎င်းအား အနားပေးခဲ့သည့် အကြောင်းကြားစာကို လက်ခံရရှိခဲ့ကြောင်း သူ၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြခဲ့သည်။

ထိုသို့ အနားပေးခဲ့မှုတွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် အဖွဲ့ဝင်အများစုပါဝင်သည့် ပါတီဝင် ၁၇ ဦးလည်း ပါဝင်ကြောင်း၊ ၎င်းအနေဖြင့် ပါတီဝင်ဟုတ်သည်ဖြစ်စေ/ မဟုတ်သည်ဖြစ်စေ၊ ပါတီကို ကိုယ်စားပြုသည်ဖြစ်စေ/မပြုသည်ဖြစ်စေ ပြည်သူ့အကျိုးအတွက် ၎င်း၏နိုင်ငံရေးခံယူချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ကော်မရှင်ဥက္ကဋ္ဌ တာဝန်ယူနေရ၍ နိုင်ငံရေးခံယူချက်ကို လွှတ်တော်၊ အစိုးရ၊ ပြည်သူများနှင့် အတူ နိုင်ငံနှင့်နိုင်ငံသားအကျိုးစီးပွားအတွက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဖော်ပြထားသည်။

ထိုကိစ္စသည် ပါတီတွင်းနှင့်သာ သက်ဆိုင်သည့်အကြောင်းအရာတစ်ခု ဖြစ်သော်လည်း ၎င်းကဲ့သို့ ပြုမူဆောင်ရွက်မှုများအပေါ် တည်ဆဲစည်းမျဉ်း၊ စည်းကမ်းဥပဒေများနှင့် ညီညွတ်မှုရှိ/မရှိကို ပါတီဝင်များ၊ ပြည်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသည့် အဖွဲ့အစည်းများက သုံးသပ်ဆုံးဖြတ်ပေးရန်လိုအပ်မည်ဟု ယူဆပါကြောင်း၊ မေ ၂၅ ရက်က ပြုလုပ်ခဲ့သည့် ကော်မရှင်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့မှုများမှ ကောက်နုတ်ထားခြင်းဖြစ်ကြောင်းလည်း ရှင်းလင်းဖော်ပြထားသည်။

သူရဦးရွှေမန်းအနေဖြင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မေ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် လွှတ်တော်ဝင်းအတွင်းရှိ ကော်မရှင်အဆောက်အအုံ (I-1 ) တွင် သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁)၏ ကျောင်းဆင်းပွဲအထိမ်းအမှတ် ဖော်ပြခဲ့မှုနှင့်ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ကန့်ကွက်ကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် မေ ၂၆**

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁)၏ (၄၇)နှစ်မြောက် ကျောင်းဆင်းပွဲ အထိမ်းအမှတ် မေတ္တာမွန်စာလွှာအား ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦး ဖြစ်သူ သူရဦးရွှေမန်းက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြခဲ့မှုနှင့် ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့ရက်စွဲဖြင့် သတင်းတစ်ရပ်ထုတ်ပြန်၍ ကန့်ကွက်ထားရှိသည်။

ထိုသို့ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြခဲ့မှုသည် စစ်တက္ကသိုလ်ကျောင်းဆင်းများကိုသာ သီးသန့်ရည်ညွှန်းသည့်သဘော သက်ရောက်စေသဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည့် စစ်မှုထမ်းများအပြင် အငြိမ်းစားများ အပါအဝင် တပ်မတော်သားများကို သွေးကွဲစေကာ တပ်မတော်ပြိုကွဲရေးကိုလည်း သက်ရောက်စေပါကြောင်း၊ တပ်မတော်သည် ပြည်သူများက ရွေးချယ်သော အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု အစဉ်တစ်စိုက်ပြောဆိုလုပ်ဆောင်ခဲ့သည်များကို လျစ်လျူရှုလျက် တပ်မတော်ကပူးပေါင်းဆောင်ရွက်မှုမရှိသကဲ့သို့ မြောက်ပင့်ပေးသည့်သဘောထား သက်ရောက်စေပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့ပြင် အဆိုပါလူမှုကွန်ရက်စာမျက်နှာ၌ ရေးသားဖော်ပြချက်များအပေါ် မူတည်၍ သတင်းစာ၊ ဂျာနယ်အချို့က ထပ်ဆင့်ရေးသားဖော်ပြချက်များသည်လည်း နိုင်ငံနှင့်ပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်းမရှိဘဲ တပ်မတော်ပြိုကွဲရေး၊ အစိုးရအဆက်ဆက်၏ နိုင်ငံတော်အတွက် လုပ်ဆောင်ချက်များနှင့် တပ်မတော်၏ရပ်တည်ချက်နှင့် လုပ်ဆောင်ချက်များအပေါ် ပြည်သူများက အထင်မှားအမြင်မှား ဖြစ်စေနိုင်ပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ရည်မှန်းချက်ကို ထိခိုက်စေနိုင်သည့်အတွက် ကန့်ကွက်ခြင်းဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။

(သတင်းစဉ်)

## မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှု အခြေအနေ

**ရန်ကုန် မေ ၂၆**

အကောက်အခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက် အပါအဝင် ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်မှ ၂၄-၄-၂၀၁၆ ရက်အထိ ၅၄ လတာကာလအတွင်း အကောက်အခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်အခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်အစီးရေမှာ ၅၃၆၁၄၄ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန်(CD) ၇၅၃၆၁၅ ဒသမ ၄၈ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် (CT) ၆၅၆၉၉၆ ဒသမ ၇၆ ကျပ်သန်း စုစုပေါင်း ၁၄၁၀၆၂ဒသမ၂၄ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါအကောက်ခွန် (CD)နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT) များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုး လဲလှယ်ရေးစီမံချက်အတွက် အစီး၁၃၆၉၆၀၊ ကားအရောင်းပြခန်းများအတွက် ၁၁၈၃၇၈ စီး၊ သဘော်သားပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေအလုပ်လုပ်ကိုင်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၇၄၈၂၄ စီးတို့ဖြစ်ကြောင်း သိရသည်။ **(ဝင်းမြင့်)**



# အသိဉာဏ်ပစ္စည်း ကာကွယ်မှုစနစ်တစ်ရပ်တည်ရှိရေးသည် နိုင်ငံ၏လိုအပ်ချက်တစ်ရပ်ဖြစ်နေပြီး နိုင်ငံ၏ကဏ္ဍစုံတွင် တိုးတက်လာစေရန်အတွက် တွန်းအားတစ်ရပ်ဖြစ်




**နေပြည်တော် မေ ၂၆**

ယနေ့ခေတ်တွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် ဆက်စပ်နေသည့် နယ်ပယ်သည် ပိုမိုကျယ်ပြန့်လာပြီး ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စာပေအနုပညာ၊ သဘာဝ ပတ်ဝန်းကျင် စသည့် အခန်းကဏ္ဍအားလုံးနှင့်လည်း ဆက်နွယ်လျက်ရှိနေသည်ကို တွေ့ရှိနိုင်မည်ဖြစ်ပါကြောင်း၊ အသိဉာဏ်ပစ္စည်း ကာကွယ်မှုစနစ်တစ်ရပ် တည်ရှိရေးသည် နိုင်ငံ၏လိုအပ်ချက်တစ်ရပ်ဖြစ်နေပြီး တိုင်းပြည်၏ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရန်၊ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရန်နှင့် နိုင်ငံ၏ ကဏ္ဍစုံတွင် တိုးတက်လာစေရန် အတွက် တွန်းအားတစ်ရပ်ဖြစ်နေပါကြောင်း၊ ဒစ်ဂျစ်တယ် ဖန်တီးမှုစွမ်းအား၊ ယဉ်ကျေးမှုကိုဖော်ဆောင်ထား(Digital Creativity:Culture Reimagined) ဆောင်ပုဒ်ဖြင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ ၂၀၁၆ အထိမ်းအမှတ်အခမ်း အနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပရာ တွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ တွင် ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ဖန်တီးသူများ၏ အကျိုးစီးပွားကို ဟန်ချက်ညီမျှစွာ အကာအကွယ်ပေးနိုင် သည့် သင့်လျော်ကောင်းမွန်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်စနစ်တစ်ရပ် ထူထောင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက နှင့် ပြည်သူများအကြား အတူတကွပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်းအားဖြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် ဆက်စပ်သည့် လုပ်ငန်းဆောင်ရွက်မှုများကို ပိုမိုအထောက် အကူပြုနိုင်ရန် မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ IP စနစ်ထူထောင်မှုကို အရှိန်အဟုန်မြှင့်တင်နိုင်ရန် နိုင်ငံ တကာအဖွဲ့အစည်းများဖြစ်သည့် WIPO၊ WTO၊ ASEAN၊ JICA၊ USAID၊ EU၊ KIPO အစရှိသည့် အဖွဲ့အစည်းများနှင့်လည်း အတူတကွ ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း ပြောကြားသည်။

အလားတူ USAID မှ Mission Economist Mr.Daniel Swift နှင့် JICA မှ Senior Representative Mr.Kyosukse Inada တို့က အမှာစကားပြောကြား ကြသည်။

ထို့နောက် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့မှ ပေးပို့လာသော သဝဏ်လွှာကို ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်စွာစိုးက ဖတ်ကြားသည်။

ထို့ပြင် အခမ်းအနားတွင် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ ၂၀၁၆ အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တာဝန် ရှိသူများက ဆုချီးမြှင့်ခဲ့သည်။

ကမ္ဘာ့အသိဉာဏ်မူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization-WIPO) သည် ကမ္ဘာ့ အသိဉာဏ်မူပိုင်ခွင့်ညီလာခံ စတင်အသက်ဝင် အာဏာ တည်သည့် မေ ၂၆ ရက်ကို ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အဖြစ်သတ်မှတ်ခဲ့ပြီးနောက် ၂၀၀၁ ခုနှစ်မှ စတင်က အဖွဲ့ဝင်နိုင်ငံများတွင် ဆန်းသစ်တီထွင်ဖန်တီးမှုများကို အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဖြင့် အားပေးမြှင့်တင်ခြင်းကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် နှစ်စဉ်နှစ်တိုင်း ဆောင်ပုဒ်များ သတ်မှတ်ဖော်ပြလျက် ကျင်းပကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အဖွဲ့(WIPO) တွင်ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ် သည့် အားလျော်စွာ ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အခမ်း အနားကို WIPO နှင့် အဓိက ဆက်သွယ်ဆောင်ရွက်ခဲ့ သည့် ပညာရေးဝန်ကြီးဌာန(သိပ္ပံနှင့်နည်းပညာ)က ဦးစီး ၍ ပြည်သူလူထုအား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများ မျှဝေပေးနိုင်ရန်နှင့် တီထွင် ဖန်တီးမှုများ တိုးပွားလာစေရန် ရည်ရွယ်လျက် ၂၀၁၃ ခုနှစ်မှ စတင် ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် စတုတ္ထအကြိမ် မြောက် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနှင့် စပ်လျဉ်း သည့် ဆွေးနွေးပွဲကို ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဆက်လက်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၏ အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်စနစ် ဖော်ဆောင်နေမှု အခြေအနေ နှင့်စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ်၏ အရေးပါမှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်စနစ်၏ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် **မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ်၏အရေးပါပုံ** ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အထိမ်း အမှတ်အခမ်းအနားကို နေပြည်တော်တွင် ကျင်းပသကဲ့သို့ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အသိပညာ ဗဟုသုတ များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေပေးနိုင်ရန်ရည်ရွယ်၍ ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် မြန်မာနိုင်ငံ၏ ဒေသထွက်ကုန်ခင်းကျင်း ပြသပွဲများကို မေ ၂၈ ရက်တွင် မန္တလေးမြို့၌ လည်းကောင်း၊ မေ ၁ ရက် တွင် ရန်ကုန်မြို့၌လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

❒ **ကျောဖုံးမှ**

အဆိုပါ ပျက်ကျရဟတ်ယာဉ်၏ ကိုယ်ထည်အပိုင်းမှာ မုန်တိုင်ဆည် အတွင်း ရေအောက်တွင် နစ်မြုပ် လျက်ရှိပြီး ရေပြင်ပေါ်၌ ကျန်ရှိသော ရဟတ်ယာဉ် အစိတ်အပိုင်းအချို့ကို ဆယ်တင်နိုင်ခဲ့ကြောင်း၊ ရဟတ်ယာဉ် ပျက်ကျမှုဖြစ်စဉ်နှင့် ပတ်သက်၍ အသေးစိတ် အခြေအနေကို ဆက်လက်စုံစမ်းစိစစ်လျက်ရှိကြောင်း နှင့် ယင်း Bell-206 ရဟတ်ယာဉ်မှာ ၁၉၇၇ ခုနှစ်က ထုတ်လုပ်ခဲ့က အကြောင်းအမျိုးမျိုးကြောင့် အသုံး မပြုနိုင်တော့သဖြင့် ၂၀၁၂ ခုနှစ်တွင် ပြည်ပကုမ္ပဏီတစ်ခုနှင့် အကြီးစား ပြင်ဆင်မှုများပြုလုပ်၍ လေ့ကျင့်ရေး ရဟတ်ယာဉ်အဖြစ် အသုံးပြုခဲ့ခြင်း ဖြစ်ကြောင်း ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း)မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## (၆၈) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် မေ ၂၆**

(၆၈) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်း အနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီးရုံး ရန်ကုန်ရုံးခွဲ၌ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက လုပ်ငန်းများအလိုက်အောင်မြင် ချောမွေ့စွာဆောင်ရွက်ပေးရန်အတွက် ဆွေးနွေးတင်ပြပြီး ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်က နိဂုံးချုပ်အမှာစကားပြောကြား သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား ဂျာမနီနိုင်ငံ သံအမတ်ကြီး၊ BBC နှင့် UNICEF တို့မှ တာဝန်ရှိသူများ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး Mr. Christain – Ludwig Weber – Lortsch သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ BBC သတင်းဌာန (မြန်မာပိုင်း) မှ ဌာနမှူး ဒေါ်တင်ထားဆွေနှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင်လည်း ကောင်း၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မှ Deputy Representative , Shalini Bahuguna နှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန ၌ လာရောက်တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဂျာမနီသံအမတ်ကြီးတို့ တွေ့ဆုံစဉ် မီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ BBC သတင်းဌာန (မြန်မာပိုင်း) မှ ဌာနမှူး နှင့် တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် BBC သတင်းဌာနတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ UNICEF မှ Deputy Representative နှင့် တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင် သံကြားနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ ကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

»» **ဂျူဗင်တပ်အသင်းမှ**

ရရှိအောင် စွမ်းဆောင်သွားမည်ဟု ဆိုသည်။ ကိုပါအီတာလီယာဖလား နောက်ဆုံးဗိုလ်လုပွဲကိုမေ ၂၁ ရက် တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အေစီမီလန်အသင်းနှင့် အပြိုင်လုရ မည်ဖြစ်သည်။

ဂျူဗင်တပ်အသင်းခေါင်းဆောင် ဘတ်ဖွန်သည် ယခုတစ်ကြိမ် အီတလီ စီးရီးအေဖလား ဆွတ်ခူးနိုင်ခဲ့ခြင်း ကြောင့် ဂျူဗင်တပ်အသင်းနှင့်အတူ စီးရီးအေဖလား ခုနစ်ကြိမ်အထိ ရယူ ပေးနိုင်ခဲ့ပြီး ဂျူဗင်တပ်အသင်းမှာမူ စီးရီးအေဖလားကို ၃၂ ကြိမ်အထိ ရယူ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ **(ငွေကြယ်)**

❍ **အနုကြမ်းစီးမှ**

ရဲတပ်ဖွဲ့များလည်း ရောက်ရှိလာချိန် တွင် ကျူးလွန်သူသည် ဖမ်းမိမည်စိုး၍ ကလေးကို ဓားဖြင့်ထောက်ထားကာ အိမ်ရှင်ဖြစ်သူ ဒေါက်တာရွှေပြည်ကို ကားဖြင့် မောင်းနှင်ပို့ဆောင်ရန် စေခိုင်းခဲ့ပြီးနောက် ဟံသာဝတီဘူတာ အလွန် မီးပွိုင့်အနီးတွင် ကားပေါ်မှ ဆင်းပြေးသွားခဲ့ခြင်းဖြစ်သည်ဟု သိရ သည်။

"ဖြစ်တာက ၉ နာရီခွဲလောက်ကပါ။ ပထမတော့ ဘာဖြစ်မှန်းမသိဘူး။ အပြင်ကနေဝိုင်းအုံကြည့်နေကြတာ နောက်တော့ကားနဲ့ထွက်လာတယ်။ ဒေါက်တာမောင်းတာ နောက်ခန်း မှာအမျိုးသားတစ်ဦးက ကလေးကို ပိုက်ပြီး ဓားထောက်ထားတယ်လို့ ယူဆရတယ်။ အတင်းမောင်းထွက် သွားတယ်။ ရဲတပ်ဖွဲ့နဲ့ တာဝန်ရှိတဲ့ သူတွေတားတော့လည်း မရပ်ဘဲ မောင်းထွက်သွားတာပါ" ဟု ယင်းဖြစ်စဉ်ကို မျက်မြင်တွေ့ရှိသူ တစ်ဦးကပြောသည်။

ထိုအမျိုးသားသည် အသက် (၂၀) ကျော်ရှိသည်ဟု ယူဆရပြီး အမြန်ဆုံး ဖမ်းဆီးရမိရန် ကြိုးပမ်းနေဆဲဖြစ်သည် ဟု ယနေ့တွင် ထပ်မံစုံစမ်းသိရသည်။ ထိုဖြစ်စဉ်ကို ဒေါက်တာရွှေပြည် အသက် (၄၇) နှစ်က တရားလိုပြုလုပ် ၍ တိုင်ကြားခဲ့ပြီး ကြည့်မြင်တိုင် မြို့မ ရဲစခန်းက ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၉၂ ဖြင့် အမှုဖွင့်ထားလျက်ရှိ ကြောင်းသိရသည်။ **(စနိုး)**

## ပြည်ထောင်စုရှေ့နေချုပ်က ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် မြန်မာနိုင်ငံ ဆိုင်ရာ UNDP ညွှန်ကြားရေးမှူး Mr. Toily Kurbanov ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး သံတမန်ခန်းမ၌ တွေ့ဆုံ သည်။

တွေ့ဆုံဆွေးနွေးစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် UNDP တို့သည် ၂၀၁၂ ခုနှစ်မှစတင်၍ တရားဥပဒေ စိုးမိုးရေး၊ တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်းရေး ဆွဲဆောင်ရွက်ရေးတို့ကို သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်၍ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် UNDPတို့သည် အဓိကမိတ်ဖက်များ ဖြစ်ကြပါကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက် သွားကြမည် ဖြစ်ကြောင်း ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြား ရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

■

# ရွှေဘိုတွင် မိုးသက်လေပြင်းတိုက်၊ သစ်ပင်နှင့် ဓာတ်တိုင်များပြိုလဲ

**ရွှေဘို မေ ၂၆**

ရွှေဘိုမြို့တွင် မေ ၂၅ ရက် ညနေ ၅ နာရီခန့်က အနောက်မြောက်ဘက်မှ တိုက်ခတ်လာသော မိုးသက်လေပြင်းနှင့်အတူ မိုးများပါရွာသွန်းပြီး သစ်ပင်များ၊ ဓာတ်တိုင်များ ပြိုလဲကျခဲ့သည်။

ညနေ ၄ နာရီခွဲခန့်အထိ ရာသီဥတုမှာ သာယာလျက်ရှိပြီး ညနေ ၅ နာရီခန့်တွင် မိုးသက်လေပြင်းများ စတင်တိုက်ခတ်လာရာ ပိုမိုပြင်းထန်လာပြီး မိုးများပါရွာသွန်းခဲ့သည်။ မိုးသက်လေပြင်းကျစဉ် လေတိုက်နှုန်းမှာ တစ်နာရီ ၂၅ မိုင်နှုန်းခန့်ရှိသဖြင့် လမ်းဘေးသစ်ပင်များ အမြစ်ကစပြီး ပြိုလဲခဲ့ရာ ဓာတ်ကြိုးများပေါ်သို့ ကျရောက်ပြီး ရန်ကြီးအောင်လမ်းတစ်လျှောက်ရှိ ဓာတ်တိုင် ၁၀ တိုင် ပြိုလဲခဲ့သဖြင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့သည်။

အလားတူ အမှတ်(၂)ရပ်ကွက်အတွင်းရှိ ရန်အောင်မင်္ဂလာ ဘုန်းတော်ကြီးကျောင်းအနီး မန်ကျည်းပင်နှင့် ကုက္ကိုပင်ကြီးများ လမ်းပေါ်သို့ ပြိုလဲခဲ့ပြီး အချို့နေရာများတွင် မန်ကျည်းစေ့ခန့်ရှိ မိုးသီးငယ်များ အနည်းငယ်ကျဆင်းခဲ့သည်။ ညနေ ၅ နာရီခွဲခန့်တွင် မိုးသက်လေပြင်းများ ရပ်ဆိုင်းသွားခဲ့သည်။

အဆိုပါ သဘာဝဘေးဒဏ်သင့်ဒေသများသို့ ခရိုင်ဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ခေါင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးခင်မောင်လတ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ ပူးပေါင်းပြီး ပုံမှန်အခြေအနေသို့ အမြန်ရောက်ရှိရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စံသာအောင်(ရွှေဘို)**





# လယ်ဓမ္မကျေးရွာသို့ သောက်သုံးရေ လှူဒါန်း

**ဂန့်ဂေါ မေ ၂၆**

ဂန့်ဂေါမြို့နယ်တွင် ရေရှားပါးပြတ်လပ်သည့် ပုံတောင်၊ ပုံညာဒေသ ကြက်ရိုးကျေးရွာအုပ်စု လယ်ဓမ္မကျေးရွာသို့ မေ ၂၆ ရက်တွင် ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်လင်း ဦးဆောင်သည့်အဖွဲ့က သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့ပေးပို့လှူဒါန်းရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၁၆၀၀ နှင့် ဂန့်ဂေါမြို့နယ် ကျောမြို့ အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၈၀၀ တို့ကို လယ်ဓမ္မကျေးရွာ အိမ်ခြေ ၇၂ လုံးရှိ လူဦးရေ ၃၆၀ တို့အတွက် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး အဆိုပါ ရေပေးဝေရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးသန်းထက်အောင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်လွင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲအုပ်ဝင်းနိုင်တို့နှင့်အဖွဲ့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

**ခရိုင်(ပြန်/ဆက်)**

# မသင်္ကာဖွယ်တွေ့ရှိသူများအား အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် မေ ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်စာရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၂၅ ရက် နံနက် ၅ နာရီခွဲခန့်က နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် ပြင်ဦးလွင်-မန္တလေးအဆင်းလမ်း မိုင်တိုင်အမှတ်(၃၆/၀)အနီးအရောက် နံပါတ်မပါသည့် SUPER ANBO-125 ဆိုင်ကယ်တစ်စီးနှင့် လူနှစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ကျောက်ဆည်မြို့နယ် သပြေသာကျေးရွာနေ ဘချစ်(၃၀)နှစ်နှင့် တစ်ရွာတည်းနေ ဖုန်းကျော်(၁၉)နှစ်တို့ဖြစ်ပြီး ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသောအထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် ၎င်းတို့နှစ်ဦးအား ပြင်စာရဲကင်းစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ရေရှားပါးသည့်ကျေးရွာများသို့ သောက်ရေ၊ သုံးရေများ လှူဒါန်း

**နေပြည်တော် မေ ၂၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးသန်းအေး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မေ ၂၅ ရက် နံနက် ၈ နာရီခန့်က သောက်သုံးရေရှားပါးမှုများကြုံတွေ့နေရသည့် အိမ်ခြေ ၅၂ အိမ်၊ အိမ်ထောင်စု ၅၆ စု၊ လူဦးရေ ၃၂၀ ရှိ ပေါက်မြို့နယ် ကိုင်းလယ်ကျေးရွာအုပ်စု တာချောင်းကျေးရွာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်တစ်စီးဖြင့် သုံးရေ ဂါလန် ၃၆၀၀ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး သရက်ခရိုင် မီးသတ်ဦးစီးမှူး ဦးထင်အောင်လင်း၊ သရက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းဟန်ဦးနှင့် ရေမျက်နီရဲကင်းစခန်းမှူး ရဲအုပ်သက်မင်းထွန်းတို့ ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် သောက်သုံးရေရှားပါးလျက်ရှိသော သရက်မြို့နယ် ပိတောက်ပင်ကျေးရွာအုပ်စု တောင်တောကျေးရွာရှိ အိမ်ခြေ ၅၂ အိမ်သို့ သောက်ရေသန့်ဘူးကြီး ၅၄ ဘူးနှင့် သုံးရေဂါလန် ၁၆၀၀ တို့အား အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ရဲပြန်ကြား)**



# ဖဲလောင်းကစားပြုလုပ်သူများကို အရေးယူ

**နေပြည်တော် မေ ၂၆**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်နေ ခင်တိုး(၄၁)နှစ်၏နေအိမ်တွင် မေ ၂၅ ရက် ညနေ ၃ နာရီခန့်က ဖဲလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မဟာအောင်မြေမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးရာ နေအိမ်၌ ဖဲလောင်းကစားပြုလုပ်နေသည့် အိမ်ရှင် ခင်တိုး၊ တစ်ရပ်ကွက်တည်းနေ မျိုးခိုင်(၂၃)နှစ်၊ ထွန်းလွင်(၂၂)နှစ်၊ မိုးဆွေ(၁၈)နှစ်၊ ဝင်းနောင်(၃၂)နှစ်၊ မဟာမြိုင်(၂)ရပ်ကွက်နေ ကောင်းဟိန်းဇော်(၂၄)နှစ်၊ ပုသိမ်ကြီးမြို့နယ် ကန်ကြီးကုန်းကျေးရွာနေ မျိုးနိုင်(၂၃)နှစ်၊ ချမ်းမြသာစည်မြို့နယ် အောင်သာယာမြို့သစ်နေ သန်းထိုက်(၂၃)နှစ်နှင့် မြို့သစ် (၂)ရပ်ကွက်နေ ထက်ရှိုင်းအောင်(၂၃)နှစ်တို့အား ဖဲလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၅၁၆၅၀ တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ခင်တိုးပါ ကိုးဦးအား မဟာအောင်မြေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ခိုလမ်မြို့ အမှတ်(၁) ရပ်ကွက်အတွင်း နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား

**ခိုလမ် မေ ၂၆**

လွိုင်လင်ခရိုင် ခိုလမ်မြို့ အမှတ်(၁) ရပ်ကွက်နေ မယုယုတင် (၃၄)နှစ်၏ နေအိမ် အမှတ်(၁/၈)တွင် ယမန်နေ့ ည ၇ နာရီ မိနစ် ၂၀ ခန့်က ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာမှ အလျားပေ ၂၀၊ အနံ ၁၀ ပေရှိ အခန်း နှစ်ခန်းပါ ထရံကာသွပ်မိုးအိမ်တစ်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ခိုလမ်မြို့ မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်တစ်စီးဖြင့် မြို့နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၇ နာရီ ၃၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ယင်းမီးလောင်ကျွမ်းမှုကြောင့် လူအသေအပျောက်မရှိကြောင်းနှင့် ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၆၀၀၀၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ မယုယုတင်အား မီးပေါ့ဆမှုဖြင့် ခိုလမ်မြို့ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နှစ်လုံးထီလောင်းကစားပြုလုပ်သူကို အရေးယူ

**နေပြည်တော် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချမ်းမြသာစည်ရပ်ကွက်နေ ထွန်းထွန်းအောင်(၃၇)နှစ်၏နေအိမ်တွင် မေ ၂၅ ရက် နံနက် ၁၁ နာရီခွဲခန့်က နှစ်လုံးထီလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ မုံရွာနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ နေအိမ်၌ ထွန်းထွန်းအောင်အား နှစ်လုံးထီလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၃၀၀၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိသဖြင့် မုံရွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၇ - ၅ - ၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈:၃၅ ပြည်သူတို့ရဲ့ စကားသံများ
၉:၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
၁၀:၃၅ "ပကတိအတိုင်း"
၁၁:၁၅ "အဓိပ္ပာယ်ရှိသော လက်ကလေးများ"
၁၁:၃၅ မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၇)
၁:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဝင်ချီ"(အပိုင်း-၇)
၁:၅၅ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (အကယ်ဒမီနေတိုး)
၂:၂၅ မဟာဂီတ ဆယ့်နှစ်လရာသီတွဲ့များ "တန်ခူးလ"
၂:၅၀ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (စလူကာနှင့် အားမာန်)
၃:၄၅ AFC Cup 2016 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Ayeyawady United Vs Johor Darul TA'ZIM)
၆:၃၅ Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း)
၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဝင်ချီ" (အပိုင်း-၈)
၉:၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၈) -မှတ်မှတ်သားသားပုံပြင်များ "ခက်တင်မောင်းနှင်း" (ဘလိတ်၊ စောမြတ်နိုး၊ စောယုနန္ဒာ) (ဒါရိုက်တာ-သီတာလင်း)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၄၀ "ဘဝနောင်ရေးစိတ်အေးစေချင်ပါတယ်" တရားတော် [ဆရာတော် အရှင်ခေမာသိရီ လင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်)]
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၄၄)
၇:၅၀ ရန်ကုန်မြင်ကွင်းကျယ်
၈:၀၀ "မင်္ဂလာပါ" The Morning Show
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၉၂)
၁၀:၁၀ ခေတ်သစ်ပျိုမေ
၁၀:၅၅ အနုပညာမိုးကောင်းကင်
၁၁:၁၅ ဟင်းချက်ရအောင်
၁၁:၃၅ MRTV-4 Stage
၁၂:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၆၄)
၁၂:၄၅ ပဏ္ဍိတာရာမ သာသနာ့ရိပ်သာများမှတ်တမ်း (အပိုင်း-၂) (ဒုတိယပိုင်း)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၁၀)
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၄၄)
၃:၄၀ ရန်ကုန်မြင်ကွင်းကျယ်
၄:၀၀ Cartoon Series (Go Go Giggles)
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၄၅)
၇:၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၁၁)
၈:၁၀ ရသစုံညွှန်းတမ်းများ
၈:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၉၃)
၉:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၆၅)
၉:၄၅ အနုပညာမိုးကောင်းကင်
၁၀:၀၅ Let's Talk
၁၀:၃၅ MRTV-4 Stage
၁၁:၀၅ World of Knowledge (Typhoon Hunters)

### မြဝတီ

၆:၀၃ တရားတော်
၆:၁၆ မေတ္တာပို့
၆:၂၀ ဓမ္မပူဇာတေး
၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆:၃၀ မျိုးချစ်တပ်မတော်
၆:၃၅ မှတ်တမ်း
၆:၄၅ မြန်မာသံစဉ်ချိုနားဝင်
၇:၁၀ အမျိုးသားရေးတေးကဗျာ
၇:၂၅ သင့်အတွက်တစ်နေ့တာ
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈:၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈:၁၀ အမျိုးသားရေးတေးကဗျာ
၈:၁၅ မွေးမြူသုတ
၈:၃၀ DVD Hits
၈:၃၅ ဇာတ်လမ်းတို
၈:၄၅ မြဝတီနေ့စဉ်သတင်း
၈:၅၀ သူနှင့်သူ၏သီချင်းများ
၉:၀၀ စာပေအလင်းစာပေသတင်း
၄:၁၅ လျှပ်တစ်ပြက်
၄:၂၅ အမျိုးသားရေးတေးကဗျာ
၄:၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၅ ရှေးဟောင်းသုတ
၅:၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅:၂၅ ပန်းကလေးများပွင့်တော့မည်
၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အယ်ဒါနာ အပိုင်း(၁၉)
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ Meet Whith The Celebrities
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောဇကေရီ အပိုင်း(၂၃)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ရယ်စရာပျော်စရာဟာသကမ္ဘာ -ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင် -မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရိပ်လေး အပိုင်း(၁၆)

# "Maleficent 2"မှာ အန်ဂျလီနာဂျိုလီ ပါဝင်သရုပ်ဆောင်မည်



ဟောလိဝုဒ် ထိပ်တန်းကြယ်ပွင့် အန်ဂျလီနာဂျိုလီအနေနဲ့ မိစ္ဆာတွေရဲ့ ခေါင်းဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ "Maleficent" ရုပ်ရှင်ရဲ့ နောက်ဆက်တွဲရုပ်ရှင် "Maleficent 2" ကို ရိုက်ကူးသွားမှာဖြစ်ပြီး ယင်းရုပ်ရှင်သစ်မှာလည်း ဂျိုလီအနေနဲ့ ပါဝင်သရုပ်ဆောင်ပေးသွားမှာဖြစ်ကြောင်း ဒစ်စနေ ရုပ်ရှင်ထုတ်လုပ်ရေးက ပြီးခဲ့တဲ့ မေ ၂၅ရက်က အတည်ပြုပြောကြားခဲ့တယ်လို့ ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင် "Maleficent 2" ကို ရိုက်ကူးထုတ်လုပ်ဖို့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ဇွန်လကတည်းက အစီအစဉ်တွေ ပြုလုပ်ခဲ့ပေမယ့် ရုပ်ရှင်သစ်မှာ ပါဝင်ဖို့ ဂျိုလီအနေနဲ့ သဘောတူစာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိဘဲ ယခုအချိန်မှသာ လက်ခံခဲ့တာဖြစ်ပါတယ်။

ဒစ်စနေရုပ်ရှင် ထုတ်လုပ်ရေးကပဲ ရိုက်ကူးပေးမယ့် ယင်းရုပ်ရှင်သစ်ကို နာမည်ကျော် ဇာတ်ညွှန်းရေးဆရာ လင်ဒါဝူလ်ဗာတွန်က တာဝန်ယူရေးသားပေးသွားမှာဖြစ်ပြီး ရုံတင်ပြသွားမယ့်ရက်ကိုတော့ လတ်တလော အချိန်အထိ သတ်မှတ်ထားတာ မရှိသေးကြောင်းလည်း သိရပါတယ်။ ■



# ချစ်သူရသွားပြီဆိုတာ အတည်ပြုလိုက်တဲ့ လူးဝစ်တွမ်လင်ဆန်

ကျော်ကြားတဲ့ ဗြိတိန်ပေါ့ပ်တေးဂီတအဖွဲ့ "One Direction"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လူးဝစ်တွမ်လင်ဆန်က ဟောလိဝုဒ်ကြယ်ပွင့်မင်းသမီး ဒန်နီရယ်လ်ကမ့်ဘဲလ်နဲ့ တွဲဖက်ရိုက်ကူးထားတဲ့ ဓာတ်ပုံကို မေ ၂၅ရက်မှာ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ပြီး သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြပြီဆိုတာကို အတည်ပြုလိုက်ပြီဖြစ်တယ်လို့ အေ့ရှိုးဘော့ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

တွမ်လင်ဆန်နဲ့ ကမ့်ဘဲလ်တို့ ချစ်သူတွေဖြစ်နေကြတယ်ဆိုတဲ့ ကောလာဟလတွေဟာ ပြီးခဲ့တဲ့လတွေအတွင်း ဟောလိဝုဒ်မီဒီယာတွေအကြား ရေပန်းစားခဲ့ပါတယ်။ သူတို့နှစ်ဦးကို ဟောလိဝုဒ်ရဲ့ လမ်းတွေပေါ်မှာ တွဲသွားတွဲလာတွေ့ခဲ့ရပေမယ့် နှစ်ဦးကြားက ဆက်ဆံရေးနဲ့ ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပါဘူး။ ဒါ့အပြင် သူတို့နှစ်ဦးအတူတွဲရိုက်ထားတဲ့ ဓာတ်ပုံကို လူမှုကွန်ရက်မီဒီယာပေါ်မှာ တရားဝင်ထုတ်ဖော်ပြသခဲ့တာဟာလည်း ယခုအကြိမ်မှ ပထမဦးဆုံးပါ။

အသက် (၂၄)နှစ်အရွယ်မင်းသမီးဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း တွမ်လင်ဆန်နဲ့ သတင်းတွေ မထွက်မီအချိန်အထိ ဖက်ရှင်ဘလော့ဂါတစ်ဦးဖြစ်သူ အယ်လန်နောကော်ဒါနဲ့ လေးနှစ်နီးပါး တွဲခဲ့ပါတယ်။ တွမ်လင်ဆန်ကလည်း ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်တဲ့ ဘရီရန်နာဂျက်ဝဲ့သ်နဲ့ ဇာတ်လမ်းတွေရှိခဲ့ပြီး ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းက ဂျက်ဝဲ့သ်က တွမ်လင်ဆန်အတွက် သားလေးတစ်ဦး မွေးဖွားပေးခဲ့ပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

# ချစ်သူနဲ့လမ်းခွဲလိုက်ပြီဖြစ်တဲ့ ဇက်အက်ဖ်ရွန်



ဟောလိဝုဒ်ရဲ့နာမည်ကျော်တစ်ဦးဖြစ်တဲ့ မင်းသားဇက်အက်ဖ်ရွန်ဟာ လတ်တလောမှာ ချစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်တဲ့အတွက် တစ်ကိုယ်တည်းသမားတစ်ဦးဖြစ်လာခဲ့ပါတယ်။ ဇက်အက်ဖ်ရွန်ဟာ နောက်ဆုံးလက်တွဲခဲ့တဲ့ချစ်သူ ဆမ်မီမီရိုနဲ့ တရားဝင်လမ်းခွဲလိုက်ပြီဖြစ်ကြောင်း နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အသက် (၂၈)နှစ်အရွယ် မင်းသား ဇက်အက်ဖ်ရွန်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်က သူနဲ့မော်ဒယ်နဲ့ ဒီဇိုင်နာတစ်ဦးဖြစ်တဲ့ ဆမ်မီမီရိုတို့ရိုက်ကူးထားတဲ့ပုံတွေကို ဖျက်ခဲ့ကြောင်းလည်း သိရပါတယ်။ နှစ်နှစ်ကျော်ကြာလက်တွဲခဲ့တဲ့ သူတို့နှစ်ဦးရဲ့ အချစ်ခရီးဟာ ငြီးငွေ့လာမှုကြောင့် အဆုံးသတ်ခဲ့ရတာဖြစ်ကြောင်းလည်း သူတို့နှစ်ဦးနဲ့ ရင်းနှီးသူတစ်ဦးက ဖွင့်ဟခဲ့ပါတယ်။

အက်ဖ်ရွန်ဟာ သူ့ရဲ့အောင်မြင်တဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ "High School Musical" မှာ အတူပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသမီး ဗန်နက်ဆာဟက်ဒ်ဂန်နဲ့ ငါးနှစ်ကျော်ကြာလက်တွဲခဲ့ဖူးပါတယ်။ အဲဒီနောက်မှာလည်း လီလီကောလင်းစ်၊ မီရှဲလ်ရော့ဂရိဂက်စ်တို့နဲ့ ဇာတ်လမ်းတွေဖြစ်ခဲ့ဖူးတာမို့ ဒီတစ်ကြိမ်မှာလည်း တစ်ကိုယ်တော်သမား ဇက်အက်ဖ်ရွန်တစ်ယောက် ဘယ်သူ့ဘက်ကိုများ ခြေဦးလှည့်လိမ့်မလဲဆိုတာကိုတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## ရယ်ဆန်းရဲ့ ပထမဦးဆုံးသော တစ်ကိုယ်တော် ဖျော်ဖြေပွဲကို ယခုနွေရာသီအတွင်း ကျင်းပမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားပေါ့ပ်တေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Super Junior"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရယ်ဆန်းဟာ သူ့ရဲ့ပထမဦးဆုံးသော တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ယခုနှစ်ရဲ့ နွေရာသီအတွင်း ကျင်းပသွားရန်စီစဉ်ထားတယ်လို့ အောကေပေါ့ပ်ဒေ့ါကွန်းက ဖော်ပြထားပါတယ်။

"SWEET COFFEE"လို့ အမည်ပေးထားတဲ့ ယင်းတေးဂီတဖျော်ဖြေပွဲဟာ ရယ်ဆန်းရဲ့အေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က စီစဉ်ပြုလုပ်လျက်ရှိတဲ့ "The AGIT" တစ်ကိုယ်တော်ဖျော်ဖြေပွဲတွေအနက် ပဥ္စမမြောက် ဖျော်ဖြေပွဲဖြစ်ပါတယ်။

ရယ်ဆန်းရဲ့ ဖျော်ဖြေပွဲကို ဇွန် ၃ ရက်မှ ၅ ရက်အထိလည်းကောင်း၊ ဇွန် ၁၇ ရက်မှ ၁၉ ရက်အထိလည်းကောင်း သီတင်းပတ်နှစ်ပတ်ကျော်ကြာ ကျင်းပသွားမှာဖြစ်ကာ ဆိုးလ်မှာရှိတဲ့ အက်စ်အမ်တောင်း သီရေတာမှာ ပြုလုပ်သွားမှာဖြစ်ကြောင်း သိရပါတယ်။ မကြာသေးမီက ရယ်ဆန်းဟာ တစ်ကိုယ်တော်တေးအယ်လ်ဘမ် "Here I Am" ကိုလည်း ထုတ်လွှင့်ခဲ့ပါတယ်။

## ဂေါ့ဇီပြန်လာရန် ဒေါ့မွန်ပရိသတ်များမျှော်လင့်နေ

ကွင်းလယ်ကစားသမား ဂေါ့ဇီအား အသင်းဟောင်း ဒေါ့မွန်သို့ ပြန်လာရန် ဒေါ့မွန်ပရိသတ်များက မျှော်လင့်နေကြကြောင်း ဒေါ့မွန်အသင်း၏ အကြီးအကဲတစ်ဦးဖြစ်သူ ဝက်ဇ်ကီက ၎င်း၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဂေါ့ဇီသည် ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်းက ဒေါ့မွန်အသင်းမှ ဘွန်ဒက်လီဂါ ချန်ပီယံဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်ပြီး ပြောင်းရွှေ့ကြေး ယူရို ၃၇ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

ဂေါ့ဇီသည် ဂျာမနီအသင်းအား ကမ္ဘာ့ဖလားချန်ပီယံဖြစ်ရေးအတွက် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့သူဖြစ်ပြီး လက်ရှိတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဘွန်ဒက်လီဂါပွဲစဉ် ၁၂ ပွဲသာ ပွဲထွက်ကစားခဲ့ရခြင်းကြောင့် အသင်းဟောင်း ဒေါ့မွန်အသင်းသို့ ပြန်လည်သွားရောက်ကစားရန် ချိတ်ဆက်မှုများပြုလုပ်ထားကြောင်း သိရသည်။**(ငွေကြယ်)**

## ဘယ်နောက်ခံကစားသမား ရှမယ်ဇာ ဒေါ့မွန်အသင်းနှင့် စာချုပ်သစ်ချုပ်ဆို

ဒေါ့မွန်အသင်း၏ ဘယ်နောက်ခံကစားသမား ရှမယ်ဇာသည် အသင်းနှင့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့ရာ ၂၀၂၀ ခုနှစ် ဇွန်လအထိ ဒေါ့မွန်အသင်း၌ ဆက်ရှိနေမည်ဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ဘယ်နောက်ခံကစားသမား ရှမယ်ဇာ၏ ယခင်စာချုပ်သက်တမ်းသည် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင် ကုန်ဆုံးမည်ဖြစ်သော်လည်း လက်ရှိတွင် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

ရှမယ်ဇာသည် ၂၀၀၅ ခုနှစ်အတွင်းက ဒေါ့မွန်လူငယ်အကယ်ဒမီသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ပထမအသင်းတွင် ပါဝင်ကစားခွင့်ရရှိခဲ့သည့်အချိန်မှစ၍ ဒေါ့မွန်အသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်၌ ပွဲပေါင်း ၂၅၀ ကျော်ပါဝင်ကစားပေးခဲ့သည်။ ရှမယ်ဇာမှာ ဥရောပ၏ အကောင်းဆုံး ဘယ်နောက်ခံကစားသမားတွေထဲက တစ်ဦးဖြစ်ကြောင်းလည်း ဒေါ့မွန်အသင်းအကြီးအကဲတစ်ဦးဖြစ်သူ ဝက်ဇ်ကီက စာချုပ်သစ်ချုပ်ဆိုအပြီးတွင် ပြောကြားခဲ့သည်။

**(ငွေကြယ်)**

# စပါးအသင်း ဝက်စ်ဘရွန်းနဲ့ပွဲစဉ်မှာ သရေပွဲဖြစ်ခဲ့ခြင်းကြောင့် တစ်ပွဲနိုင်လျှင် ချန်ပီယံဖြစ်တော့မယ့် လက်စတာစီးတီး



လက်စတာစီးတီးအသင်းဟာ ပရီမီယာလိဂ်လက်ကျန် သုံးပွဲအနက် တစ်ပွဲအနိုင်ရခဲ့မယ်ဆိုရင် ယခုနှစ် ဘောလုံးရာသီမှာ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်တော့မှာဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းအနေနဲ့ လာမယ့်တစ်ပတ်အတွင်းမှာ ပရီမီယာလိဂ်ချန်ပီယံ အကြိမ်(၂၀)အထိ ရယူနိုင်ခဲ့တဲ့ မန်ယူအသင်းရဲ့အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး စပါးအသင်းနဲ့ ဝက်စ်ဘရွန်းအသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဟာ လက်စတာစီးတီးအသင်းရဲ့ ပရီမီယာလိဂ်ချန်ပီယံအိပ်မက်ကို အသက်သွင်းခဲ့ခြင်းဟုလည်း ဆိုရမှာပါ။

လက်စတာစီးတီးအသင်းဟာ လက်ကျန်ပွဲသုံးပွဲကစားဖို့ ကျန်နေတဲ့အချိန်မှာ အမှတ်ပေးဇယားရဲ့ ဒုတိယနေရာက စပါးအသင်းကို ခုနစ်မှတ်အထိ ဖြတ်ထားနိုင်ခဲ့ပါတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲဟာ အရင်က အာဆင်နယ်၊ မန်စီးတီး၊ လီဗာပူး၊ မန်ယူနဲ့ ချယ်လ်ဆီးတို့အလှည့်ကျ ဘုရင်စနစ်နဲ့ အောင်ပွဲခံခဲ့တဲ့ပြိုင်ပွဲလို့ ဆိုရလောက်ပေမယ့် အခုနှစ်ဘောလုံးရာသီမှာတော့ မမျှော်လင့်နိုင်တဲ့ အပြောင်းအလဲတစ်ခုအဖြစ် လက်စတာစီးတီးအသင်းက ချန်ပီယံဆုကို ဆွတ်ခူးနိုင်ဖို့ အကြောင်းဖန်လာခဲ့ပါတယ်။

အာဆင်နယ်၊ မန်စီးတီး၊ မန်ယူနဲ့ ချယ်လ်ဆီးတို့ကတော့ ချန်ပီယံပြေးလမ်းကနေ သွေဖည်သွားခဲ့ရပြီး လက်ရှိ ချန်ပီယံချယ်လ်ဆီးအသင်းမှာလည်း လာမယ့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ကိုပါ ဆုံးရှုံးသွားခဲ့ရပါပြီ။ ထို့အတူ ပရီမီယာလိဂ်ရဲ့ အမှတ်ပေးဇယားအဆင့်(၄)နဲ့ အဆင့်(၅)မှာ ရပ်တည်နေတဲ့ အာဆင်နယ်အသင်းနဲ့ မန်ယူအသင်းတို့ဟာလည်း လာမယ့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ခက်ခဲနေတဲ့ အနေအထားတစ်ရပ်ကို ရောက်ရှိနေခဲ့ပါတယ်။

ထိုင်းဘီလျံနာသူဌေးကြီး ဗီချိုင်းဆရိဗန်ဒါနာပရာဘာ ပိုင်ဆိုင်တဲ့ လက်စတာစီးတီးအသင်းဟာ အင်္ဂလန်ပရီမီယာလိဂ်ဖလားကို တစ်ကြိမ်တစ်ခါမျှ မရဖူးခဲ့သလို အခုနှစ်မှာ ပရီမီယာလိဂ်ချန်ပီယံဖြစ်လာခဲ့မယ်ဆိုရင် လက်စတာစီးတီးအသင်းအတွက်တော့ သူတို့ရဲ့ ဘောလုံးသမိုင်းမှာ ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမယ့် အခွင့်အရေးတစ်ရပ်ကိုလည်း ပိုင်ဆိုင်တော့မှာဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းဟာ အခုနှစ်ဘောလုံးရာသီအစမှာ ဝက်ဖို့ဒ်၊ နော့ဝှစ်ချ်နဲ့ ဘုန်းမောက်တို့နဲ့အတူ ချန်ပီယံရှစ်ကို တန်းဆင်းသွားမယ့် အသင်းတစ်သင်းအဖြစ် ရေပန်းစားနေခဲ့တဲ့အသင်းပါ။ နွေရာသီအပြောင်းအရွှေ့ကာလမှာ ပီယာဆန်ကို လက်စတာစီးတီးအသင်းနည်းပြအဖြစ်ကနေထုတ်ပယ်ပြီး ရာနီရီကို နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ချိန်မှာတော့ လက်စတာစီးတီးအသင်းဟာ ရလဒ်ပိုင်းပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။

လက်စတာစီးတီးအသင်းဟာ ဖလားရရှိဖို့နီးစပ်နေပြီဖြစ်ပေမယ့် လက်စတာစီးတီးအသင်းအတွက် အားထားရတဲ့ တိုက်စစ်မှူးဗာဒီကတော့ ပွဲပယ်ပြစ်ဒဏ်ကြောင့် ဆွမ်ဆီးအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရခဲ့တဲ့ပွဲစဉ်မှာ လွဲချော်ခဲ့ရသလို မန်ယူအသင်းရဲ့ အိမ်ကွင်းအိုးထရက်ဖို့ဒ်ကို သွားရောက်ကစားမယ့် ပွဲစဉ်မှာလည်း ထပ်မံလွဲချော်ဦးမှာပါ။

သွင်းဂိုး ၂၂ ဂိုးနဲ့အတူ ပရီမီယာလိဂ်ရဲ့ ဒုတိယသွင်းဂိုးအများဆုံးနေရာမှာ ရပ်တည်နေတဲ့ တိုက်စစ်မှူး ဗာဒီဟာ ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရတဲ့အပြင် ပေါင် ၁၀၀၀၀ ပါ ဒဏ်ရိုက်ခံခဲ့ရပါတယ်။ ဗာဒီဟာ အဲဗာတန်အသင်း၊ ချယ်လ်ဆီးအသင်းတို့နဲ့ ကစားမယ့်ပွဲစဉ်တွေရောက်မှသာ ပါဝင်နိုင်မှာဖြစ်ပေမယ့် လက်စတာစီးတီးအသင်းအနေနဲ့ လက်ကျန်သုံးပွဲထဲက တစ်ပွဲနိုင်လျှင် ဖလားရရှိတော့မှာဖြစ်တာမို့ ဗာဒီပါဝင်လာခြင်း၊ မပါဝင်လာခြင်းဟာ လက်စတာစီးတီးအတွက် အရေးမပါတော့ပေမယ့် ဗာဒီပါဝင်လာမယ်ဆိုရင်တော့ လက်စတာစီးတီးရဲ့ တိုက်စစ်ပိုင်းက ပိုမိုမြန်ဆန်လာမှာပါ။

**(နိုင်လင်းကြည်)**

## ချန်ပီယံလိဂ်နှစ်ပွဲကြားမှာ ရီးယဲလ်နိုင်ပွဲဆက်နိုင်မှာလား

## စပိန်လာလီဂါရင်ခုန်သံ – ၃၆

***စပိန်လာလီဂါပွဲစဉ် ၃၅ မှာတော့ ချန်ပီယံဆုအတွက်အားပြိုင်နေရတဲ့ ဘာစီလိုနာ၊ အက်သလက်တီကို၊ ရီးယဲလ်မက်ဒရစ်တို့ နိုင်ပွဲကိုယ်စီရယူနိုင်ခဲ့တာကြောင့် လာလီဂါပြိုင်ပွဲက ဆက်လက်အကြိတ်အနယ်ရှိနေဆဲဖြစ်သလို အခုကျင်းပမယ့် ပွဲစဉ် ၃၆ မှာလည်း ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာမလဲဆိုတာစောင့်ကြည့်ရဖို့ရှိနေပါတယ်။***

LFP

**ရှိုင်းမင်းမင်း**

**ဂီဂျွန်-အီဘား နံနက် ၁း၀၀ (၃၀-၄-၁၆)**

ဂီဂျွန်က တန်းမဆင်းရဖို့အတွက် မျှော်လင့်ချက်ရှိနေသေးလို့ နိုင်ပွဲရယူနိုင်ဖို့အတွက်အားစိုက်ကစားလာမှာသေချာနေပါတယ်။ နောက်ဆုံးပွဲစဉ်မှာ ဘာစီလိုနာကို ဂိုးပြတ်အရေးနိမ့်ခဲ့ရပေမယ့် အိမ်ကွင်းရှုန်းအားကောင်းမွန်မှုရှိတာကို သတိပြုရမှာပါ။ အီဘားခြေကလည်း သာမန်သာရှိတာကြောင့် ဂီဂျွန်တို့အခွင့်အရေးရနိုင်ကာ အနိမ့်ဆုံးသရေလောက်ကစားနိုင်မှာ သေချာနေပါတယ်။

**ဆိုစီဒက်-ရီးယဲလ် ည ၈း၃၀ (၃၀-၄-၁၆)**

နောက်ဆုံးပွဲစဉ်မှာ ဗယ်လီကာနိုကို ခက်ခဲစွာရင်ဆိုင်ခဲ့ရပေမယ့် နိုင်ပွဲရယူနိုင်ခဲ့တာကိုကြည့်ရင် ရီးယဲလ်မက်ဒရစ်ရဲ့ ချန်ပီယံဖြစ်နိုင်ဖို့အတွက် အားစိုက်ကစားနိုင်မှုကို တွေ့ရမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာလည်း ရီးယဲလ်အနေနဲ့ နိုင်ပွဲရအောင် ဂရုတစိုက်ကစားလာမှာဖြစ်ပေမယ့် ချန်ပီယံလိဂ်ပွဲစဉ်တွေကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်တာကိုတော့ သတိပြုရမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဆိုစီဒက်ခြေကလည်း သာမန်ထက်မပိုတာကြောင့် ရီးယဲလ်မက်ဒရစ်တို့ ဒီပွဲစဉ်မှာလည်း နိုင်ပွဲရယူသွားနိုင်ဖို့ ရှိနေပါတယ်။

**အက်သလက်တီကို-ဗယ်လီကာနို ည ၁၀း၄၅ (၃၀-၄-၁၆)**

ရီးယဲလ်မက်ဒရစ်နဲ့ပွဲစဉ်မှာ တန်းမဆင်းရဖို့ အားစိုက်ကစားသွားခဲ့တဲ့ ဗယ်လီကာနိုခြေကကောင်းမွန်မှုရှိပါတယ်။ ခံစစ်ပိုင်းအားနည်းမှုတွေကြောင့်သာ ရှုံးနိမ့်ခဲ့ရတာဖြစ်ပြီး ဒီပွဲစဉ်မှာလည်း တန်းမဆင်းရဖို့ အားစိုက်ကစားလာမှာဖြစ်တာကြောင့် အက်သလက်တီကို အခက်တွေ့နိုင်ပါတယ်။ အထူးသဖြင့် အက်သလက်တီကိုဟာ ချန်ပီယံလိဂ်ပွဲတွေကြောင့် ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနေနိုင်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ အက်သလက်တီကို ဂိုးပြတ်နိုင်ဖို့ ခက်ပါတယ်။

**ဘက်တစ်-ဘာစီလိုနာ နံနက် ၁း၀၀ (၁-၅-၁၆)**

ဘာစီလိုနာဟာ နောက်ဆုံးပွဲစဉ်မှာ ဂီဂျွန်ကိုဂိုးပြတ်အနိုင်ရယူကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပါတယ်။ အခုပွဲစဉ်မှာလည်း ဘာစီလိုနာအနေနဲ့ နိုင်ပွဲရယူနိုင်ရေး အမှားအယွင်းအဖြစ်ခံမှာမဟုတ်ပါဘူး။ အထူးသဖြင့် ချန်ပီယံလိဂ်ပွဲတွေကစားရဖို့မရှိတာကြောင့် ဘာစီလိုနာတို့ ခြေကုန်ထုတ်ကစားလာနိုင်မှာလည်း သေချာနေပါတယ်။ ဒါကြောင့်ဘက်တစ်ခြေမဆိုးသလို အိမ်ကွင်းဖြစ်နေပေမယ့်လည်း ဘာစီလိုနာပဲ ဂိုးပြတ်အနိုင်ရမှာပါ။

**ဂရန်နာဒါ-လက်စ်ပဲလ်မက်စ် နံနက် ၂း၁၅(၁-၅-၁၆)**

ဂရန်နာဒါဟာတန်းမဆင်းရဖို့အတွက် အာမခံချက်မရှိသေးတာကြောင့် နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလိုဒီပွဲမှာလည်း နိုင်ပွဲရယူနိုင်ဖို့ ခြေကုန်ထုတ်ကစားလာမှာသေချာနေပါတယ်။ ဒ့ါအပြင် အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဂရန်နာဒါတို့အမှားခံမှာမဟုတ်ပါဘူး။ လက်စ်ပဲလ်မက်စ်ကတော့ခြေကောင်းနေတယ်ဆိုပေမယ့် မျှော်လင့်ချက်ထားစရာသိပ်မရှိတော့တာကြောင့် အားစိုက်မှုလျော့ကျလာနိုင်ပါတယ်။ ဂရန်နာဒါ သရေလောက်ရမယ်။

**ဘီဘာအို-ဆယ်တာဗီဂို ညနေ ၄း၃၀ (၁-၅-၁၆)**

ဘီဘာအိုဟာ ဥရောပဝင်ခွင့်ရယူနိုင်ဖို့အတွက် အားစိုက်ကစားနေသလို ဒီပွဲစဉ်မှာလည်း ခြေကုန်ထုတ်ကာ နိုင်ပွဲရယူနိုင်ဖို့ ကြိုးစားလာမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဘီဘာအိုရဲ့ခြေစွမ်းပိုင်းက အနည်းငယ် မတည်ငြိမ်ပေမယ့်လည်း အိမ်ကွင်းမှာရှုန်းအားပိုမိုကောင်းမွန်တတ်တာကို တွေ့ရပါတယ်။ ဒါပေမယ့် ဆယ်တာဗီဂိုကလည်း ဥရောပဝင်ခွင့်အတွက် အားစိုက်လာမှာဖြစ်သလို ခြေကလည်း ကောင်းမွန်နေတာကြောင့် ဘီဘာအိုတို့ လွယ်လွယ်ကူကူတော့ အနိုင်မရနိုင်ပါဘူး။ ဘီဘာအိုကပ်ပြီးသာ အနိုင်ရမယ်။

**အက်စ်ပန်ညို-ဆီဗီးလ် ည ၈း၃၀ (၁-၅-၁၆)**

အက်စ်ပန်ညိုဟာ တန်းမဆင်းရဖို့အတွက် လုံလောက်တဲ့ အမှတ်ရယူထားနိုင်ခြင်းမရှိသေးတာကြောင့်လည်း နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေတာ တွေ့ရပါတယ်။ ဒါပေမယ့် ခြေစွမ်းပိုင်းကတော့ တိုးတက်လာမှုမရှိသေးဘဲ နောက်ဆုံးငါးပွဲဆက်တိုက်နိုင်ပွဲပျောက်ဆုံးခဲ့ရပါတယ်။ ဆီဗီးလ်က ယူရိုပါလိဂ်ပွဲတွေကြောင့် ခြေကုန်ထုတ်ဖို့ခက်ခဲနိုင်ပေမယ့် ခြေပိုကောင်းတာကြောင့် နိုင်ပွဲလည်းရသွားနိုင်ပါတယ်။

**ဒီပို့တီဗို-ဂီတာဖေး ည ၁၀း၄၅ (၁-၅-၁၆)**

ဒီပွဲမှာသာအနိုင်ရရှိခဲ့မယ်ဆိုရင် ဒီပို့တီဗိုတို့ တန်းမဆင်းရဖို့သေချာသွားမှာလည်းဖြစ်နေပါတယ်။ ဒီပို့တီဗိုတို့အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ရေး ခြေကုန်ထုတ်ကစားလာမှာပါ။ လက်ရှိအချိန်မှာ ဒီပို့တီဗိုခြေက အားနည်းမှုတွေရှိနေပေမယ့်လည်း ဂီတာဖေးခြေကလည်းသာမန်ထက်မပိုပါဘူး။ အိမ်ကွင်းအားနဲ့ အားစိုက်ကစားလာမယ့် ဒီပို့တီဗိုတို့ အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်းကပ်ရနိုင်ပါတယ်။

**ဗလန်စီယာ-ဗီလာရီးယဲလ် နံနက် ၁း၀၀ (၂-၅-၁၆)**

ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ရေး ထိပ်ဆုံးလေးသင်းစာရင်းဝင်နိုင်ဖို့ သေချာမှုမရှိသေးတာကြောင့် ဗီလာရီးယဲလ်ဟာ နောက်ပိုင်းပွဲတွေကို အားစိုက်ကစားနေတာ တွေ့ရပါတယ်။ ဒါပေမယ့်လည်း လက်ရှိအချိန်မှာ ဗီလာရီးယဲလ်ဟာ ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းနေသလို အဝေးကွင်းပွဲတွေမှာလည်း စွမ်းဆောင်နိုင်ရည်က တည်ငြိမ်မှုမရှိတာ တွေ့ရပါတယ်။ ဗလန်စီယာကတော့ အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းကောင်းမွန်နေကာ အိမ်ကွင်းအားနဲ့လည်း ဖိအားပေးကစားသွားမှာပါ။ ဗလန်စီယာကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

**မာလာဂါ-လီဗန်တေး နံနက် ၁း၀၀ (၃-၅-၁၆)**

လီဗန်တေးဟာတန်းမဆင်းရဖို့အတွက် နည်းသောမျှော်လင့်ချက်ရှိနေသေးတာကြောင့် ဒီရာသီနောက်ဆုံးပွဲစဉ်တွေကိုအာရုံစူးစိုက်မှုအပြည့်နဲ့ ကစားလာနိုင်ဖို့ ရှိနေပါတယ်။ မာလာဂါကတော့ အိမ်ကွင်းကစားအားကောင်းမွန်တတ်သလို အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့်လည်းတိုက်စစ်ပိုင်းက အဆုံးသတ်ခြေစွမ်းကျဆင်းနေပါတယ်။ နောက်ဆုံးငါးပွဲမှာ နှစ်ဂိုးသာသွင်းယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း လီဗန်တေးတို့ မာလာဂါကိုသရေလောက်ခံကစားနိုင်ဖို့ ရှိနေပါတယ်။

# မိုးသီးများထွက်ကောက်ရာမှ မိုးကြိုးပစ်ခံရ၍ လူတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

**နေပြည်တော် မေ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဒွန်တဲကုန်းကျေးရွာတောင်ဘက် နှစ်မိုင်ခန့်အကွာရှိ လယ်ကွင်းအတွင်း လူတစ်ဦးမိုးကြိုးပစ်ခံရ၍ သေဆုံးသွားကြောင်းသတင်းအရ လှုတောရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များက မေ ၂၂ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဒွန်တဲ(မြောက်)ရွာနေ ဦးတင်မျိုးဝင်း(၄၁) နှစ် ဖြစ်ကြောင်း သိရသည်။

မေးမြန်းချက်အရ ၎င်းသည် နှမ်းခင်းအား ရေတင်နေစဉ် မိုးရွာလာသဖြင့်အနီးရှိ ကုက္ကိုပင်အောက်၌ တစ်ရွာတည်းနေ ဦးဌေးဝင်း(၅၂)နှစ်နှင့်အတူ မိုးခိုနေခဲ့ကြောင်း၊ ထိုစဉ် မိုးသီးများကျလာသဖြင့် မိုးသီးထွက်ကောက်ရာမှ ၎င်းတို့နှစ်ဦးစလုံးအား မိုးကြိုးထိမှန်ရာ ဦးဌေးဝင်းမှာ ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဦးတင်မျိုးဝင်းမှာ နေရာတွင်ပင် လဲကျသေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ရွှေပန်းကုံးနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# တရားမဝင်သစ်သယ်၍ အမှုဖွင့်အရေးယူ

**နေပြည်တော် မေ ၂၆**
မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ဘန်းကုန်းသစ်တောကြိုးဝိုင်းဘက်မှ မကွေးမြို့ဘက်သို့သစ်များ တရားမဝင် သယ်ဆောင်လာကြောင်း သတင်းအရ မကွေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ ယင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က မကွေးမြို့နယ် ကြောင်ပျောက်ကျေးရွာအနီး မကွေး-တောင်တွင်းကြီးကားလမ်း၌ မေ ၂၂ ရက် နံနက် ၄ နာရီခွဲခန့်က သွားရောက်စောင့်ဆိုင်းနေခဲ့သည်။

ထိုသို့စောင့်ဆိုင်းနေစဉ် အဆိုပါကားလမ်းအတိုင်း ဆင်ပေါင်ဝဲဘက်မှ မကွေးဘက်သို့မောင်းနှင်လာသော Q/------- FUSO အမျိုးအစား ခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဟံဇားကျေးရွာနေ မျိုးဇော်ထိုက်(၂၈)နှစ်၊ ဆင်ပေါင်ဝဲမြို့နယ် ပန်းလည်ရွာနေ ဝင်းတင့်(၄၅)နှစ်နှင့် တောင်တွင်းကြီးမြို့နယ် ကွမ်းခြံစုရွာနေ နန်းဝင်း(၂၆)နှစ်တို့အား တရားမဝင်သယ်ဆောင်လာသည့် အခြားသား သစ်ခွဲသား ဆိုဒ်စုံ ၂၅ တုံး(၅ ဒသမ ၃၃၇၄ တန်) နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မျိုးဇော်ထိုက်ပါ သုံးဦးအား မကွေးနယ်မြေရဲစခန်းက ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၆**
မူးယစ်တပ်ဖွဲ့စု(၄၀) ရန်ကုန်(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၄ ရက်က လှိုင်သာယာမြို့နယ် (၁၂) ရပ်ကွက် အောင်သိဒ္ဓိ(၄)လမ်းနေ ဇော်မိုးလတ်၏နေအိမ်ခန်းကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၁ ပြား သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ လှိုင်သာယာမြို့နယ် (၉)ရပ်ကွက် ပတ္တမြားရတနာလမ်းတွင် မသန်းသန်းမူအား စောင့်ဆိုင်းရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ ဒဂုံအရှေ့မြို့နယ် (၁၂)ရပ်ကွက် ရာဇကုမ္မာလမ်းနေ ချွေးမဖြစ်သူ မဒီဒီမိုး၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၇၈ ပြား ထပ်မံသိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က မြဝတီမြို့ ရပ်ကွက်(၅)စိုက်ပျိုးရေးဇုန် ဝါးစကင်းကျေးရွာ မြတ်လင်းအေးမြိုင်လမ်းနေ မဝင်းရီ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၄ ပြားနှင့် မက်သာအက်ဖီတမင်း (ICE) အလေးချိန် ၂၈၅ ဂရမ်တို့ကို သိမ်းဆည်းရမိပြီး ၎င်းနေအိမ်သို့ YGN-7E/----- SURF မော်တော်ယာဉ်ဖြင့် ရောက်ရှိလာသူ မျိုးလွင်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း၊ ထို့အတူ မုဒုံ-ကျွန်းရွာ သွားကားလမ်းဘေး ရွှင်ပျော်ပျော်စားသောက်ဆိုင်ရှေ့တွင် သံမဏိ မောင်းနှင်ပြီး ဇင်လင်းဦး လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၄ ပြားကိုလည်းကောင်း။

ထို့အတူ မေ ၂၄ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ရှမ်းကုန်းရပ်ကွက်နေ မခင်မြင့်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၅၀ ကိုလည်းကောင်း၊ အလားတူ နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာ ရပ်ကွက်(၄)နေ မနန်းကျိန်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၅ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**


ဇော်မိုးလတ်(ခ)တရုတ်ကြီး၊ မသန်းသန်းမူ(ခ)သန်းမူနှင့် မဒီဒီမိုး(ခ)နှင်း သီရိမွန် (ခ)နှင်းရည်မွန်တို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၆**

ရန်ကုန်(ရွှေဈေး) ၇၇၃၅၀၀ - ၇၇၃၅၀၀ မန္တလေး(ရွှေဈေး) ၇၇၂၅၀၀ - ၇၇၂၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၅၀၀ ကျပ်၊ | ၅၁၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၄၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၄၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၆၄ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၆၈. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၁၆. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၉. ၈၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၃. ၂၈၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈. ၉၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၅၀၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၅၁. ၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၁. ၅၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၁. ၁၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၆၃. ၄၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုကျပိမိ၍ သေဆုံး

**နေပြည်တော် မေ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မလယ်တိုက်နယ်ဆေးရုံ၌ နေအိမ်ပိ၍ သေဆုံးသည့် အမျိုးသားတစ်ဦး၏အလောင်း ရောက်ရှိနေကြောင်း သတင်းအရ မလယ်နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက မေ ၂၂ ရက် ည ၇ နာရီခွဲခန့်တွင် သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ သေဆုံးသူမှာ မလယ်ကျေးရွာ အင်မတောတိုက်နေ ရန်အောင်ညွန့်(၁၄)နှစ်ဖြစ်ပြီး ၎င်းသည် ထိုနေ့ ညနေ ၅ နာရီ မိနစ် ၂၀ ခန့်က အင်မတောတိုက်ရှိ သက်ငယ်မိုး ထရံကာ ခြေတံရှည်နေအိမ်ထဲ၌ရှိနေစဉ် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုကျပိမိ၍ ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်စဉ် လမ်း၌သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်းသိရ၍ မလယ်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

## ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းသားဟောင်းများအသင်း တတိယအကြိမ်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားစာ

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းသားဟောင်းများအသင်း၏ တတိယအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသား များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ရက် | - | ၁၅-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် ၁၀နာရီ |
| ကျင်းပမည့်နေရာ | - | ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် အင်းယားလမ်း၊ အင်းယားကန်ရှိ ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း အစည်းအဝေးခန်းမ |

အမှုဆောင်အဖွဲ့




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ၂၅၊ မြေကွက်အမှတ်-၁၂၉၊ မြေကွက်တည်နေရာအမှတ်-၁၂၉၊ ပြင်စည်မင်းသားကြီးလမ်းနှင့် ဦးရေပေါလမ်းထောင့်၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ဦးဝင်းထိန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်းထိန်[၁၂/ကတတန(နိုင်)၀၀၁၅၇၇] ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်နန်းခမ်းအေး[၁၃/ကမန(နိုင်)၀၂၁၀၆၂]မှ ဦးဝင်းထိန်၏ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း တရားရုံးကျမ်းကိုန်လွှာ ထပ်ဆင့်ကျမ်းကိုန်လွှာ၊ ဦးဝင်းထိန်အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)၊ သေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံမြေရာဇဝင် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ လိုင်စင်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်

တံဆိပ်ခေါင်းလိုအပ်သူများ လိုအပ်သည့်အချိန် ဝယ်ယူနိုင်စေရေးအတွက် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ် ဆောင်ရွက်လိုသူများကို ခွင့်ပြုလိုင်စင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ် လျှောက်ထားသူသည် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရန် လိုအပ်ပါသည်။

* ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
* ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
* ပဋိညာဉ်အက်ဥပဒေအရ ပဋိညာဉ်ပြုလုပ်ရန် အရည်အချင်းရှိသူဖြစ်ရမည်။
* အနည်းဆုံး အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
* အသက်(၁၈)နှစ်ပြည့်ပြီး (၆၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
* ကျန်းမာရေးကောင်းမွန်၍ ကိုယ်တိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

အထက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံသူဖြစ်၍လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူအဖြစ် ဆောင်ရွက်လိုသူသည် မိမိ၏အမည်၊ အသက်၊ အဖအမည်၊ မှတ်ပုံတင်အမှတ် နေရပ်လိပ်စာနှင့် တံဆိပ်ခေါင်း ရောင်းချခြင်းပြုမည့်နေရာသို့မဟုတ် ဆိုင်၏လိပ်စာတို့ကို ဖော်ပြ၍ မြို့နယ်အခွန် ဦးစီးဌာနမှူးရုံးသို့ စာဖြင့် လျှောက်ထား နိုင်ပါသည်။

လျှောက်ထားသူများသည် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက ကျင်းပပြုလုပ်မည့် ရုံးခွန်၊ တံဆိပ်ခွန်နှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများဆိုင်ရာ ရက်သတ္တပတ်သင်တန်းကို အချိန်ပြည့်တက်ရောက်၍ အရည်အချင်းဆန်းစစ်စာမေးပွဲကို ဝင်ရောက် ဖြေဆိုရပါမည်။

ဖြေဆိုအောင်မြင်သူများ၏ အမှတ်အများဆုံးရရှိသူများကို မြို့နယ်အလိုက် သတ်မှတ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ အရေအတွက် အလိုက် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချခွင့်ရသူအဖြစ် လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူသည် တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဖြစ်ပါသည်။

လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူသည် ဝယ်ယူသည့်တံဆိပ်ခေါင်းတန်ဖိုး၏ ၄ ရာခိုင်နှုန်းကို လျှော့နှုန်းအဖြစ် ခံစားခွင့်ရှိပါသည်။

တံဆိပ်ခေါင်းများကိုလိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူမှအပ အခြားမည်သူမျှ ရောင်းချခွင့်မရှိပါ။

ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူအဖြစ်လည်းကောင်း၊ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ်လည်းကောင်း ခန့်ထားခြင်းမရှိသူသည် ကျပ်တစ်ဆယ်တန်ကပ်တံဆိပ်ခေါင်းမှအပ အခြားတံဆိပ်ခေါင်း တစ်စုံတစ်ရာကို ရောင်းချလျှင် ထောင်ဒဏ် ၆ လအထိ သို့မဟုတ် ငွေဒဏ် ကျပ်တစ်သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။ **ပြည်တွင်းအခွန်များဦးစီးဌာန**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်အုတ်စက်ရုံ၏ ကုန်ထုတ်လုပ်ငန်းအတွက် လောင်စာအဖြစ် အသုံးပြုရန်လိုအပ်သည့် ကျောက်မီးသွေး တန်(၄၀,၀၀)အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၂၇-၄-၂၀၁၆ရက်
(ခ) တင်ဒါပိတ်မည့်ရက် - ၃-၅-၂၀၁၆ရက်
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - နေပြည်တော်အုတ်စက်ရုံ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။

- ဘိလပ်မြေနှင့်အုတ်အရောင်းဌာနခွဲ၊ မြို့တော်ခန်းမ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဖုန်း ၀၆၇-၄၃၂၃၁၂
- နေပြည်တော်အုတ်စက်ရုံ၊ ပျဉ်းမနား-တောင်ညိုကားလမ်း၊ မိုင်တိုင်(၁၆)မိုင်၊ (၄)ဖာလုံ၊ မင်းကုန်းကျေးရွာအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း ၀၉-၃၁၀၂၀၂၀၆

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရောင်းချခြင်းကို ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ (ကံဘဲ့)၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်(၃၁၅)၊ အခန်းအမှတ်(၁၁၃)(ပ-ထပ်)နှင့်စပ်လျဉ်း၍ အရောင်းအဝယ် ပြုမှုကို ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်အမည်လိပ်စာပါ တိုက်ခန်းအား လက်ရှိအမည်ပေါက် လက်ရောက်ပိုင်ဆိုင်သူ (မြေပိုင်ရှင်/တိုက်ခန်းပိုင်ရှင်) ဒေါ်နန်းခမ်းလှိုင်(ခ)ဒေါ်ခမ်းလှိုင် [၉/မရမ(နိုင်)၀၇၁၈၃၄]နှင့် ဒေါ်နန်းမွန်းမွန်း[၉/မဟမ(နိုင်)၀၀၄၁၈၉]တို့မှ မိမိတို့သည် တရားဝင် ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း မြွက်ဟကြေညာ၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူအား ရောင်းချရန် ကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေ မှလည်း သဘောတူညီပါသောကြောင့် အခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို အသိသက်သေများရှေ့တွင်ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်း LL.B, D.B.L, D.I.L(အထက်တန်းရှေ့နေ) (စဉ်-၂၉၉၁၈)**
**တိုက်(၅၂)၊ အခန်း(၂၄)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း၀၉-၄၉၃၀၈၇၃၉၊ ၀၉-၄၀၂၅၄၄၄၃၉**

# မိုးလေဝသ သင်တန်းကျောင်းဖွင့်လှစ်သွားရန်စီစဉ်လျက်ရှိကြောင်း မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်ပြောကြား



သတင်း – မင်းသစ်
ဓာတ်ပုံ – နေလင်း(သတင်းစဉ်)

မိုးလေဝသနှင့် သက်ဆိုင်သည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်ရန်ရည်ရွယ်ကာ ရန်ကုန်မြို့တွင် ပုဂ္ဂလိကမိုးလေဝသ အခမဲ့သင်တန်းကျောင်းကို ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း မိုးလေဝသ ပညာရှင် ဒေါက်တာဦးထွန်းလွင် ကပြောသည်။

"ပရဟိတကျောင်းလိုပါပဲ၊ မိုးလေဝသပညာရပ်သက်သက်ကို သင်ပေးချင်တာပါ။ သင်ပေးချင်တဲ့အကြောင်းကလည်း မိုးလေဝသရာသီဥတုပြောင်းလဲခြင်း ပညာရပ်က မြန်မာနိုင်ငံမှာ တစ်ကယ်တတ်ကျွမ်းတဲ့သူက အရမ်းနည်းတယ်။ စိတ်ဝင်စားမှုလည်းနည်းတယ်။ ကျွန်တော်ကိုယ်တိုင် နာဂစ်ကို အစအဆုံး တွေ့ကြုံခဲ့ရတဲ့ သူတစ်ယောက်ဖြစ်တယ်။ ဒီနိုင်ငံမှာ ဒီအလုပ်တွေက မလုပ်လို့ မရဘူး။ လျစ်လျူရှုလို့လည်း မရဘူး။ ဒါကြောင့် သင်တန်းကျောင်းဖွင့်ဖို့စီစဉ်တာပါ"ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရာသီဥတုအဆိုးရွားဆုံးနိုင်ငံများစာရင်းတွင် ဒုတိယအဆိုးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်နေကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။

မိုးလေဝသပညာရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် စိတ်ဝင်စားမှုနည်းပါးပြီး လေ့လာလိုက်စားသူ အနည်းအကျဉ်းသာရှိကြောင်း၊ မိုးလေဝသသုတေသနစာတမ်းဖတ်ပွဲများကို ကြည့်ပါက မိုးလေဝသပညာရပ်နှင့် သက်ဆိုင်သည့် စာတမ်း ၅ စောင်၊ ၁၀ စောင်လောက်သာ တင်သွင်းဖတ်ကြားခြင်းသာရှိကြောင်း ဒေါက်တာထွန်းလွင်က ဆိုသည်။

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်သက်သည့် အဓိကအရေးပါသည့် ရုံးသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနအောက်တွင်ထားရှိပြီး မိုးလေဝသဌာနတွင် မရှိကြောင်း၊ အဆိုပါကိစ္စကိုလည်း အစိုးရသစ်အနေဖြင့် ပြန်လည်တည့်မတ်ပေးရန် လိုအပ်ကြောင်း ဒေါက်တာထွန်းလွင်က ဆိုသည်။

မိုးလေဝသနဲ့သက်ဆိုင်တဲ့ လုပ်ငန်းက မြန်မာနိုင်ငံမှာ အရမ်းခေတ်နောက်ကျနေတယ်။ စနစ်တကျလည်းမရှိသေးဘူး။ လမ်းလွဲနေတယ်။ ခုချိန်အထိ ရာသီဥတုပြောင်းလဲခြင်းနဲ့ပတ်သက်လို့ပြောရင် အဓိပ္ပာယ်မရှိဘူးလို့ ပြောနေတဲ့သူတွေရှိနေတုန်းပဲ။ ပိုဆိုးတာက အစိုးရပိုင်းမှာ ရှိနေတာ အဆိုးဆုံးပဲ။ အဲဒါတွေက ဒီလိုလုပ်နေလို့မရဘူး။ တစ်ချိန်လက်တွေ့လုပ်တဲ့အခါ အရည်အချင်းက စကားပြောလာမယ်။ ဒီပညာရပ်ကို ဒီနိုင်ငံမှာ တကယ်တမ်း အံဝင်ခွင်ကျ ဖြစ်အောင်သင်တဲ့ဌာနကလည်း မရှိဘူး"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ၁၉၉၁ ခုနှစ်တွင်လာရောက်စဉ် တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တက္ကသိုလ်များတွင် မိုးလေဝသဘာသာရပ်ဌာန ဖွင့်လှစ်ရန် အကြံပေးခဲ့သော်လည်း အကောင်အထည်ဖော်မှု အပိုင်းတွင် အားနည်းခဲ့မှုကြောင့် ယနေ့တိုင် ဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း ပညာရေးမှတ်တမ်းများအရသိရသည်။

"မိုးလေဝသက အသိပညာပြန့်ပွားအောင်လုပ်တဲ့ကိစ္စ၊ သဘာဝဘေးအန္တရာယ် မိုးလေဝသ ပညာရပ်တွေကို ကျောင်းသုံးပြဋ္ဌာန်းချက်တွေမှာ ထည့်သင့်တယ်လို့ ပြောနေတာကြာပြီ။ ယခင့် ယခင်အစိုးရ လက်ထက်ကတည်းက တက္ကသိုလ်တွေမှာ မိုးလေဝသဘာသာရပ်ကို သင်ကြားဖို့ ဖွဲ့စည်းပုံတောင် ချပေးခဲ့ဖူးတယ်။ အောက်ခြေမှာ အကောင်အထည်ဖော်မှု အားနည်းခဲ့တော့ မဖွင့်နိုင်ခဲ့ဘူး။ နိုင်ငံတကာမှာလည်း ဒီလိုကျောင်းတွေရှိတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း လိုအပ်တယ်"ဟု ဒေါက်တာဦးထွန်းလွင်က ဆိုသည်။

"မိုးလေဝသက တစ်ခုတည်းမဟုတ်ဘူး၊ နေရာတကာမှာ ပါနေတယ်။ စိုက်ပျိုးရေးမှာ လည်းပါတယ်။ စိုက်ပျိုးရေးမှာပါပေမယ့် မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးလေ့လာတဲ့သူရှိတယ်။ မိုးလေဝသကို လေ့လာသူရှိတယ်။ စိုက်ပျိုးရေးမိုးလေဝသကို အထူးပြုပြီး လေ့လာတဲ့သူမရှိဘူး။ ဒီပညာရပ်တွေ ဒီမှာလုပ်ရဦးမယ်။ မိုးလေဝသက စီးပွားရေးမှာလည်းပါတယ်။ ဒီနေ့ဒီအချိန်အခါက ရာသီဥတုပြောင်းလဲမှုတွေဖြစ်နေတယ်။ လူထုက ဒါကိုသိဖို့လိုတယ်။ လူထုအသိဉာဏ်မြင့်ဖို့လိုတယ်"ဟု ၎င်းကပြောသည်။

မိုးလေဝသသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရန်အတွက်ငွေကြေးထောက်ပံ့မည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းနှစ်ခုနှင့် ဆွေးနွေးနေပြီး မူအားဖြင့် သဘောတူညီပြီးဖြစ်ကြောင်း၊ မကြာခင် ရက်ပိုင်းအတွင်း သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ စည်းကမ်းသတ်မှတ်ချက်များထားပြီး တကယ်နားလည်ချင်သည့်သူ၊ တကယ်လုပ်ချင်သည့်သူများ၊ မီဒီယာသမားများနှင့်တောင်သူလယ်သမားများကို ဦးစားပေး လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်ထံမှ သိရသည်။

မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်သည် ၂၀၀၉ ခုနှစ်မှစ၍ မိုးလေဝသဌာနမှ အငြိမ်းစားယူခဲ့သော်လည်း ၎င်း၏လူမှုကွန်ရက်စာမျက်နှာမှ မိုးလေဝသပညာရပ်နှင့် သက်ဆိုင်သည့် အသိပညာများ ဖြန့်ဝေခြင်း၊ မိုးလေဝသ သတင်းထုတ်ပြန်ခြင်းများကို ယနေ့တိုင်ပြုလုပ်လျက်ရှိကြောင်းသိရသည်။



## နှစ်တစ်ရာကျော်ရှိသောညောင်ပင်ကြီး တောင်ဘက်အကိုင်းကြီးကျိုးကျ

**ထားဝယ် မေ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဇရစ်/ခုံဝင်းဒပ်ရပ်ကွက်၊ ဘုမ္မော်ရပ်ကွက်နှင့် ဒေါင်းငူတံငါရပ်ကွက်များဆုံရာလမ်းထောင့်ရှိ နှစ်တစ်ရာကျော်ရှိသောညောင်ပင်ကြီးသည် ယနေ့မွန်းတည့် ၁၂ နာရီ ၅၅ မိနစ်တွင် ညောင်ပင်ကြီး၏သုံးပုံးတစ်ပုံခန့်ရှိသော တောင်ဘက်အကိုင်းကြီးကျိုးကျပြိုလဲလျက်ရှိသည်။

ညောင်ပင်ကြီးအနီးရှိ စားသောက်ဆိုင်များခေါင်မိုးအနည်းငယ် နှင့် အိမ်တစ်အိမ်အိမ်ခေါင်မိုးအနည်း ငယ်ပျက်စီးလျက်ရှိပြီး ခရီးသွားလာပြည်သူများ၊ ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရပြီး ညောင်ပင်ကြီးကျိုးကျပြိုလဲရာနေရာသို့ မီးသတ်တပ်ဖွဲ့၊ ဇမ္ဗူသီရိအရေးပေါ်ကူညီမှုအသင်းနှင့်ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၀၀ခန့် ဝိုင်းဝန်းကူညီဖယ်ရှားပေးလျက်ရှိရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဌာနဆိုင်ရာအကြီးအကဲများက လာရောက်ကြည့်ရှုစစ်ဆေးလျက်ရှိသည်။

ညောင်ပင်ကြီးသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကထူးခြားသောအသံများထွက်ပေါ်လျက်ရှိပြီး ညောင်ပင်ကြီး၏တောင်ဘက် အကိုင်းကြီးကျိုးကျမည့်အန္တရာယ်ဖြစ်ပေါ်နေကြောင်းဒေသခံပြည်သူများထံမှသိရှိရသည်။

**(ထားဝယ်ခရိုင်ပြန်/ဆက်ဦးစီးဌာန)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟောပြောမည်

**နွားထိုးကြီး မေ ၂၆**

နွားထိုးကြီးတွင် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုအကြောင်း ဟောပြောပွဲကို မေလဆန်းတွင် မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်ပါဝင်သော အဖွဲ့က ဟောပြောပွဲကျင်းပရန် စီစဉ်ထားကြောင်း နွားထိုးကြီးပရဟိတလူမှုကွန်ရက်က ပြောသည်။

ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝပတ်ဝန်းကျင်ပြုန်းတီးမှုကို မြို့နယ်လူထု ဗဟုသုတပညာပေးရန် ဒေါက်တာထွန်းလွင်နှင့် ဒေါ်ဒေဝီသန့်ဇင်တို့က ပညာပေးဟောပြောကြရန် စီစဉ်ထားကြောင်း သိရသည်။

ယင်းဟောပြောပွဲကို စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက် နိုင်ကြောင်းနှင့် ဟောပြောပွဲကို ညပိုင်းစီစဉ်ထားကြောင်း သိရ သည်။

**ဌေးမြင့်မောင်**

## မီးဘေးစိုးရိမ်ရသဖြင့် အမှိုက်များသိမ်းပေးရန် ပြည်သူများမျှော်လင့်

**ပဲခူး မေ ၂၆**

ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၆) ဘုရင့်နောင်လမ်းသွယ် ဝန်ထမ်းအကွက်တွင်နေထိုင်သော အိမ်ထောင်စုများမှ အမှိုက်စွန့်ရန် နေရာအခက်အခဲရှိနေသဖြင့် ပဲခူးမြို့ စည်ပင်သာယာအမှိုက်သိမ်းကားလမ်းတွင်းသို့ ဝင်ရောက်အမှိုက်သိမ်းပေးနိုင်ရန် မျှော်လင့်ကြောင်း ဒေသခံများက ပြောသည်။

ရပ်ကွက်အတွင်းနေပြည်သူများ ဘုရင့်နောင်လမ်းသွယ်ထိပ်မှ ရေမြောင်းထဲသို့ အမှိုက်များ နေ့စဉ်စွန့်ပစ်နေရာ မိုးတွင်းအခါ ရေစီးနှင့်မျောပါသွားကြသည်။ ယခုနွေအခါ ရေခမ်းနေပြီဖြစ်သော မြောင်းအတွင်း အမှိုက်များဖြင့်ပြည့်နေရာ အမှိုက်များသိမ်းသူမရှိသဖြင့် အမှိုက်များ ထုနှင့်ထည်နှင့် ပုံ့ကျဲနေသည်။ လူနေအိမ်များနှင့် နီးသောကြောင့် ရပ်ကွက်နေပြည်သူများ မီးဘေးအန္တရာယ် စိုးရိမ်နေရသဖြင့် စည်ပင်သာယာမှ အမှိုက်များ ရှင်းလင်းပေးနိုင်ရန် ဒေသခံများ လိုလားနေကြခြင်းဖြစ်သည်။

"မနှစ်က အမှိုက်တွေများလာလို့ အနံ့အသက်က မကောင်းဘူး။ အိမ်နဲ့နီးတော့ မခံနိုင်တာနဲ့ မီးရှို့လိုက်တာ။ မီးကတအားများသွားတယ်။ အနီးအိမ်ထောင့်က ဝါးရုံပါ မီးစွဲလို့ ရပ်ကွက်ပါ တော်တော်လေးထိတ်လန့်သွားရဖူးတယ်" ဟု အနီးနားနေထိုင်သူ ဦးထွန်းထွန်းက ပြောပြသည်။

နွေအပူချိန်က တစ်နေ့တစ်နေ့ ပိုပူပြင်းလာသောကြောင့် အမှိုက်ပုံပေါ် ဆေးလိပ်မီးပစ်လျှင်ပင် မီးရှိန်ကြီးမားလာနိုင်ကြောင်း ရပ်ကွက်နေပြည်သူများက ပြောသည်။

"အနားမှာ သစ်စက်ရှိတယ်။ မီးလောင်လွယ်တဲ့ လွှစာတွေကလည်းရှိနေတယ်။ အမှိုက်ပုံပေါ် ဆေးလိပ်မီးလေး ပစ်ထည့်လိုက်တာနဲ့ မီးလောင်နိုင်တယ်။ အမှိုက်ကစပြီး တစ်ရပ်ကွက်လုံး မီးဘေးကြောက်နေရတယ်။ စည်ပင်အမှိုက်ကားကို လမ်းထဲ တစ်ပတ်သုံးရက်လောက်လာရင် တော်တော်လေးအဆင်ပြေမယ်။ လာစေချင်တယ်" ဟု ရုံးဝန်ထမ်းအမျိုးသမီးတစ်ဦးက ပြောသည်။

ရပ်ကွက်နေပြည်သူများမှ အမှိုက်ပစ်ရန်နေရာ သီးခြားသတ်မှတ်ပေးထားခြင်းမရှိသောကြောင့် မိုးတွင်းအခါ ရေစီးနှင့်မျောပါသွားသော မြောင်းအတွင်း အမှိုက်ပစ်ကြခြင်းဖြစ်သည်။ ပဲခူးမြို့ သမိန်ဗရမ်းလမ်းမနှင့် ဘုရင့်နောင်လမ်းမ လမ်းဆုံတွင် ဌာနဆိုင်ရာရုံးများစိုက်ရာလမ်းမဖြစ်ပြီး စည်ပင်အမှိုက်ပုံးစွန့်ပစ်ရန်နေရာ သတ်သတ်မှတ်မှတ်ရှိခဲ့သည်။ ဌာနဆိုင်ရာလူကြီးများ ဝင်ထွက်သွားလာရာလမ်းမပေါ် အမှိုက်ကန်အား မြင်မကောင်း၍ ဖျက်သိမ်းပြီး စည်ပင်အမှိုက်ကားဖြင့် ရုံးလမ်းမတန်းအား အမှိုက်များ ဝင်ရောက်သိမ်းဆည်းသောစနစ်အား ပဲခူးမြို့စည်ပင်မှ ကျင့်သုံးခဲ့သော်လည်း ကြားလမ်းများသို့ ဝင်ရောက်သိမ်းဆည်းခြင်းမရှိကြောင်း ဒေသခံများကပြောသည်။ **(၄၂၈)**

## ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၌ ၂၀၁၆–၂၀၁၇ ခုနှစ် KG (သူငယ်တန်း) သင် ဆရာ၊ ဆရာမများအား မြို့နယ်အဆင့်လေ့ကျင့်ပေးရေး သင်တန်းဖွင့်လှစ်

**ကျောင်းကုန်း မေ ၂၆**

၂၀၁၆-၂၀၁၇ ခုနှစ် KG(သူငယ်တန်း)သင် ဆရာ၊ ဆရာမများအား မြို့နယ်အဆင့်လေ့ကျင့်ပေးရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၈ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးလှသန်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်မြင့်စိန်က သင်တန်းနှင့်ပတ်သက်၍ နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ ရေချိုးရန်ကိစ္စများ ရှင်းလင်းပြောကြားခဲ့သည်။ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးနိုင်က သင်တန်းတွင်ပါဝင်သော အမြင်အာရုံနှင့် အရောင်များကို သိရှိစေနိုင်သော လှုံ့ဆော်မှုများနှင့် ခန္ဓာကိုယ်၏ဟန်ချက်ကို ထိန်းသိမ်းနိုင်သော နားအတွင်းပိုင်းအင်္ဂါများနှင့် ဦးနှောက်၏ ပူးတွဲလုပ်ဆောင်မှုအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ဆရာ၊ ဆရာမ ၃၇၉ ဦး တက်ရောက်ခဲ့ပြီး နည်းပြ ၁၉ ဦးမှ သင်ကြားပြသပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ မေ ၂၅ ရက်မှ မေ ၁၀ ရက်အထိဖြစ်သည်။ ယင်းနေ့ဖွင့်လှစ်သောသင်တန်းသည် နိုင်ငံတော်အတွက်အရေးကြီးသော သင်ရိုးညွှန်းတမ်းအသစ် သင်ကြားရေးသင်တန်းဖြစ်ကြောင်း၊ သူငယ်တန်း(KG)တက်ရောက်မည့် ကလေးငယ်သည် အသက်(၅)နှစ် အရွယ်ဖြစ်ပြီး သူတို့ကို ကဗျာ၊ သီချင်းစတာတွေနဲ့ ပညာပေးလေ့ကျင့်သင်ကြားပေးမှာဖြစ်ကြောင်း၊ စာသင်ကြားပေးမည်မဟုတ်ဘဲ ပုံပြင်၊ တေးကဗျာများအပါအဝင် လေ့ကျင့်ခန်းများကို ပုံစက္ကူကတ်ပြားများ၊ လက်ထိုးရုပ်များပါဝင်သည့် သင်ကြားမှုအထောက်အကူပြုပစ္စည်း (KG. Kit) များဖြင့် ကလေးဗဟိုပြု သင်ကြားပေးမည်ဖြစ်ကြောင်း သင်တန်းတာဝန်ခံ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်မြင့်စိန်က ပြောသည်။

သူငယ်တန်း (KG) သင်ရိုးညွှန်းတမ်းသစ်သည် ကလေးငယ်များ မိမိကိုယ်မိမိ ယုံကြည်အားကိုးတတ်သူများဖြစ်စေရန်၊ အာဟာရပြည့်ဝ၍ ကျန်းမာပျော်ရွှင်သူများ ဖြစ်လာစေရန်၊ စာရေး စာဖတ်ခြင်းနှင့် သင်္ချာအပါအဝင် အသိပညာများကို စိတ်အားထက်သန်စွာ လေ့လာသင်ယူသူများဖြစ်လာရန်၊ မိမိပတ်ဝန်းကျင်အကျိုး ဆောင်ရွက်သူများ ဖြစ်လာရန် ရည်မှန်းချက်များဖြင့် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ဗုဒ္ဓရုပ်ပွားတစ်ထောင် အကောက်တောင်



ခ မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် သခင်မြ၏ မွေးရပ်မြေထုံးဘိုမြို့ အနီးတွင် တည်ရှိသော အကောက်တောင်ဟု အမည်ထင်ရှားသောတောင်ကို ရပ်နီးရပ်ဝေး ဘုရားဖူးဧည့်သည်များ သွားရောက်ကြလေ့ရှိပေသည်။ ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းတွင် တောင်နံရံကိုထွင်းထုပြီး ပူဇော်ထားသော ဗုဒ္ဓဆင်းတုရုပ်ပွားတော်များကို တင့်တယ်သပ္ပာယ်စွာ ဖူးမြော်နိုင်သည်။ အကောက်တောင်တည်ရှိသောနေရာသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် တည်ရှိပြီး ပဲခူးတိုင်းဒေသကြီးနှင့် ကျောက်စွန်းရေလက်ကြားလေးသာ ကွာခြားနေသည်။ ထုံးဘိုမြို့နှင့် အလွန်ပင် နီးကပ်စွာတည်ရှိသည်။

ထုံးဘိုမြို့သည် ပုသိမ်-မုံရွာ လမ်းမကြီးနံဘေးတွင်တည်ရှိပြီး ပြည်မြို့မှနေ၍ ရေလမ်းကြောင်း ဖြင့်လည်းကောင်း၊ ကားလမ်းဖြင့်လည်းကောင်း ထုံးဘို မြို့သို့သွားရောက်နိုင်သည်။ ဥသျှစ်ပင်လမ်းဆုံမှ တောင်ဘက် တည့်တည့် ထုံးဘိုမြို့သို့ ၁၈ မိုင်ခန့်ကွာဝေးပါသည်။ ပြည်မြို့မှ ဥသျှစ်ပင်သို့ ၂၁ မိုင်ခန့်ကွာဝေးသည်။ ယခုအခါမြစ်ချောင်းများပေါ်တွင် တံတားသစ်ကြီးများ ပေါ်ပေါက်လာခဲ့ပြီး လမ်းသစ်များ၊ မီးရထား လမ်းများအပြင်(ကြံခင်း-ပခုက္ကူ) မီးရထားလမ်း ဖောက်လုပ်ပြီးဖြစ်သည်။ ယခုအခါထုံးဘိုနှင့် ပြည်မြို့သို့ လိုင်းကားများပြေးဆွဲလျက်ရှိပါသည်။

အကောက်တောင်သို့ ရေလမ်းကြောင်းဖြင့် သွားရောက်ပါက ဧရာဝတီမြစ်ကြောင်းအတိုင်းစုန်၍ သွားရောက်ကြည့်ရှုနိုင်ပြီး ကားလမ်းဖြင့် သွားရောက်လိုပါက တောင်ပေါ်သို့ ကားဖြင့် တက်ရောက်နိုင်သည်။ သို့သော်လည်း တောင်မှာ မတ်စောက်သဖြင့် ကားမောင်းကျွမ်းကျင်မှုရှိရန် လိုအပ်ပေသည်။ အများအားဖြင့် ဘုရားဖူးများမှာ ကားကို စက်လှေဆိပ်တွင် ထားခဲ့ကြပြီး ဧရာဝတီမြစ်ကြောင်းအတိုင်း စက်လှေဖြင့် သွားရောက်ဖူးမြော်နိုင်သည်။ စက်လှေဖြင့် သွားရောက်မှသာလျှင် မြစ်ကမ်းကျောက်နံရံဘေးတွင် ထွင်းထုထားသော ဗုဒ္ဓဆင်းတုရုပ်ပွားများကို ပိုမိုကြည်ညိုဖွယ် တွေ့မြင်ရမည်ဖြစ်သည်။ ကားဖြင့် တောင်ပေါ်သို့ တက်ရောက်ပါက ဧရာဝတီမြစ်ဘေးရှိ ဗုဒ္ဓဆင်းတုရုပ်ပွားများကို ဖူးမြော်၍မရနိုင်ပေ။

ထုံးဘိုမြို့နယ်သည် ဧရာဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိသောကြောင့် ရေကြောင်းဖြင့် တစ်နေရာမှတစ်နေသို့ သွားလာနိုင်သည်။ ထုံးဘိုမြို့အနီး ဧရာဝတီမြစ်သည် မြောက်ဘက်ခြမ်းတွင် မြစ်ကျဉ်းအနေအထားဖြစ်နေပြီး တောင်ဘက်ခြမ်းသည် ကျယ်ပြန့်သည်။ ဧရာဝတီမြစ်ကမ်းတစ်လျှောက်သွားလျှင် ရခိုင်ရိုးမတောင်တန်းကြီးနှင့် ထိလျက်ရှိသော အကောက်တောင်ရှိပါသည်။ ထုံးဘိုမြို့အနီးရှိ တောင်သုံးလုံးတွင်လည်း အကြီးဆုံးတောင်ဖြစ်ပါသည်။

အကောက်တောင်တော်သည် ယခုအခါမှသာ အမည်နာမ ထင်ရှားခဲ့သည်မဟုတ်ပေ။ ရှေးယခင်ကပင် အစဉ်အဆက် ၎င်းတောင်တော်တွင် ဓာတ်တော်မွေတော်များ ဌာပနာပြီး စေတီများတည်ထားခဲ့ကြောင်းကို သမိုင်းကြောင်းနှင့်တကွ သိရှိနိုင်ပေသည်။ ရှေးယခင်က အကောက်တောင်တော်ကို ရတနာပုဥ္ဇတောင်တော်မြတ်ဟု အမည်ထင်ရှားခဲ့ပေသည်။ ၎င်းတောင်တော်အနီး ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းခြေတွင် သီရိဘဂ်လွန် မြို့တစ်မြို့ ရှေးယခင်ကာလမှ ရှိခဲ့သည်။ ထိုမြို့ကို သီရိဘဂ်လွန်မင်းမှ အုပ်ချုပ်ခဲ့သည်။ ယခုအခါ ထိုမြို့ဟောင်း နေရာအား ကွင်းဆင်းလေ့လာကြည့်ရာ မြေပြင်ပေါ်တွင်မည်သည့် နေရာဖြစ်ကြောင်းကို တွေ့ရှိရမှုမရှိဘဲ ဖြစ်နေသည်။ ကောင်းကင်ဓာတ်ပုံမှ တစ်ဆင့်ရှာပါကလည်း မြို့ဟောင်းနေရာအစား ကျေးရွာနယ်နိမိတ်များကိုသာ မြင်တွေ့ရသည်။

သမိုင်းကြောင်းကို ပြန်လည်ဆက်ရလျှင် သီရိဘဂ်လွန်မင်းတွင် သားတော်သုံးပါးရှိလေသည်။ ထိုသားတော်တို့က မဟာပုဥ္ဇ၊ စူဠပုဥ္ဇ၊ သံပုဥ္ဇ ညီနောင်သုံးဦးတို့ဖြစ်သည်။ သီရိဘဂ်လွန်မင်းမှ သားတော်ကြီး မဟာပုဥ္ဇအား အိမ်ရှေ့အရာအပ်နှင်းပေးထားသည်။ မင်းကြီးမှာ သားတော်များ အရွယ်ရောက်သောအခါ ရတနာပုဥ္ဇတောင်တော် (အကောက်တောင်) ပေါ်တွင် စေတီများ တည်ထားစေခဲ့သည်။ သားတော်ကြီးဖြစ်သော မဟာပုဥ္ဇမှ ရတနာများကို ဌာပနာကာ တောင်တောင်၏ တောင်ဘက်(၁)ဖာလုံခန့်အကွာ တောင်အစွန်းတွင် စေတီတည်ထားသည်။ ရတနာများကို ဌာပနာကာတည်သောစေတီဖြစ်၍ ရတနာပုဥ္ဇစေတီဟုအမည်တွင် လေသည်။ ထိုစေတီကို ယခုအခါတွင် ရွှေမြင်းတင်စေတီဟု လူသိများကြသည်။ ထိုစေတီမှာ ယခုအချိန်ထိ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းထားရှိပေသည်။

မင်းကြီး၏သားတော်အလတ် စူဠပုဥ္ဇမှနေ၍ ဌာပနာပစ္စည်းများကို ရထားလုံးနှင့်သယ်ဆောင်ပြီး စေတီတည်သဖြင့် ရထာပုဥ္ဇစေတီဟု အမည်တွင်လေသည်။ ထိုစေတီမှာ ယခုအခါတွင် ပျက်စီးယိုယွင်းလျက်သာ ရှိတော့သည်။ မင်းကြီး၏ သားတော်အငယ်ဖြစ်သော သံပုဥ္ဇမှနေ၍ မြောက်ဘက်(၁)ဖာလုံခန့်အကွာ တောင်စွန်းပေါ်တွင် ဌာပနာပစ္စည်းများကို လှည်းဖြင့်တင်ဆောင်ယူပြီး တည်ခဲ့သောစေတီဖြစ်သောကြောင့် သဏ္ဍာနပုဥ္ဇစေတီဟု အမည်တွင်ခဲ့သည်။ ယခုအခါတွင် ရွှေလှည်းတင်စေတီဟု လူသိများကြပေသည်။ ထိုအချိန်ကာလက အကောက်တောင်ဘေးပတ်ဝန်းကျင်တွင် ဗုဒ္ဓဆင်းတုရုပ်ပွားတော်များ ထွင်းထုပူဇော်ခဲ့သည်ဟု မသိရှိရပေ။ ထို့ကြောင့် နှောင်ပိုင်းခေတ်များတွင်မှ ထုလုပ်ပူဇော်ခဲ့ကြဟန်တူပေသည်။

အကောက်တောင်ဟူသော အမည်ပေးထားရခြင်းမှာ ကုန်းဘောင်ခေတ်နှောင်းပိုင်း မင်းတုန်းမင်းကြီးလက်ထက် မြို့ဝန် ဦးကောက်ရအား ရတနာပုဥ္ဇတောင်ခြေကို အခြေပြု၍ ရေလမ်းခရီး၊ အစုန်၊ အဆန်သမ္ဗန်၊ သင်္ဘောများကို အခွန်ကောက်ခံ၍ နေပြည်တော်သို့ ဆက်သရန် အမိန့်တော်မှတ်သည်။ မြို့ဝန် ဦးကောက်ရသည် တောင်စွန်းအခြေမှ အကောက်ခွန်ရုံးဆောက်လုပ်၍ အခွန်ကောက်ခံသည်မှစ၍ ရတနာပုဥ္ဇတောင်ကို အကောက်တောင်ဟု ခေါ်စမှတ်ပြုခဲ့ကြပါသည်။ မြတ်စွာဘုရား ကျိုးမင်းဖြစ်စဉ်အခါက ၎င်းတောင်ပေါ်ရှိ သစ်သီးသစ်ဥများ၊ ကောက်ပဲသီးနှံများသည် ချိုမြိန်လှသောကြောင့် ကျီးတောင်ထိပ်မှ ပျံသန်းပြီး အစာကောက်ယူသောကြောင့် အစာကောက်တောင် (သို့မဟုတ်) အကောက်တော်တောင်ဟု ခေါ်စမှတ်ပြုခဲ့ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာသက္ကရာဇ် ၁၂၁၄ ခု၊ ဝါခေါင်လတွင် အင်္ဂလိပ်-မြန်မာ ဒုတိယကျူးကျော်စစ်ကာလအတွင်း နယ်ချဲ့တို့ကို ခုခံတိုက်ခိုက်ရန် သတိုးသီရိသုဓမ္မ မဟာဗန္ဓုလ၏ သားတော် သုံးဆယ်မြို့စား ဝန်ကြီး မင်းလှမင်းခေါင်ရာဇာ ဦးဆောင်လျက် လက်နက်ကိုင် ရဲမက်အင်အားများစွာမှာ အကောက်တောင်တွင် စခန်းချနေခဲ့သည်။ ၁၈၅၂ ခုနှစ် ဇူလိုင်လတွင် ဗိုလ်တာလီယန် ဦးဆောင်သော အင်္ဂလိပ်ရေတပ်အဖွဲ့၏ စစ်သင်္ဘောများဖြစ်သော ပရောဆားပိုင်း၊ ပလတို၊ ဖလေဂျေဘွန်၊ မီဒူးဆား၊ အဟာနဒီ စသည်တို့သည် အင်အားအလုံးအရင်းဖြင့် ဆန်တက်လာကြပြီး အပြင်းအထန် တိုက်ပွဲဖြစ်ပွားခဲ့သည်။

နယ်ချဲ့တို့ဘက်မှ ပစ်ခတ်သော အမြောက်ကျည်ဆန်များသည် အကောက်တောင် ကျောက်ကမ်းပါးယံတို့ကို ထိမှန်ပေါက်ကွဲခဲ့သည်။ မြန်မာစစ်သည်များစွာ၏ အသက်သွေးများမှာလည်း ဤတောင်နေရာတွင် စတေးခဲ့ကြရသည်။ ထိုအချိန်က ထိုတောင်ကမ်းပါးယံတွင် ဗုဒ္ဓဆင်းတုရုပ်ပွားတော်များ ရှိနေခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။ ဗုဒ္ဓဆင်းတုရုပ်ပွားတော်တို့ကို သမ္ဗန်သမား၊ သင်္ဘောတို့တွင် လိုက်ပါလာခဲ့သော ကျောက်ဆစ်ပညာရှင်တို့ ညအိပ်ရပ်နားစဉ် ထွင်းထု ပူဇော်ခဲ့ကြကြောင်း သိရှိရပေသည်။ ထိုဗုဒ္ဓဆင်းတုရုပ်ပွားတော်တို့သည် ကုန်းဘောင်ခေတ်နှင့် ကုန်းဘောင်ခေတ်ကာလ မတိုင်မီကလက်ရာများဖြစ်ကြောင်းကို လေ့လာသိရှိရသည်။

ထို့ကြောင့် ထုံးဘိုမြို့ အကောက်တောင်အောက်ခြေ၌ရှိသော ကျောက်ကမ်းပါးယံသည် ပင်လယ်ရေတိမ်၌ အနည်ကျဖြစ်ပေါ်ခဲ့သည့်အတွက် ကျောက်များကို ထုဆစ်ရာတွင် လွယ်ကူစွာထုဆစ်နိုင်သောကြောင့် လက်ရာကောင်းသော ရုပ်ပွားတော်များကိုရရှိနိုင်ပါသည်။ ထိုကျောက်များကို ပြည်မြို့ဆိပ်ကမ်းတစ်လျှောက်ပေါ်တွင် ထွက် ပေါ်နေသော အကောက်တောင် ကျောက်စဉ်ဆင့်ပါ ကျောက်လွှာများ၌ တွေ့ရှိနိုင်ပါသည်။

ယခင်က ထိုအကောက်တောင်ကမ်းပါးယံတွင် ဗုဒ္ဓဆင်းတုရုပ်ပွားတော်နှင့် ရဟန္တာရုပ်တုပေါင်း ၁၀၀၀ ခန့် ရှိကြောင်း သိရှိရပေသည်။ ထွင်းထုထားသော ကျောက်သားကမ်းပါးနံရံမှာ ကျောက်ကုတ်အမျိုးအစားသဲကျောက် ကြမ်းဖြစ်သဖြင့် မြစ်ရေကြီးမှုနှင့် မြေလျှောင်ဒဏ်များကြောင့် ပြင်ပဂူနံရံကြီးများ ပြိုကျသွားပြီး၊ ဗုဒ္ဓရုပ်ပွားတော် အများအပြား ရေသို့ ခဲ့ရကြောင်းကိုလည်း သိရှိရသည်။ ယခုအခါတွင် ကျောက်သားကမ်းပါးနံရံတွင် ဗုဒ္ဓဆင်းတုရုပ်ပွားတော်နှင့် ရဟန္တာရုပ်တုပေါင်း ၃၇၀ ခန့်ကိုသာ ဖူးမြော်နိုင်ပါတော့သည်။ ဗုဒ္ဓရုပ်ပွားတော်များကို ဘူမိဖဿ မုဒြာဟန်နှင့်ထိုင်တော်မူပုံများ၊ ရှင်ပင်သာလျောင်းတော်မူဟန်များနှင့် ရပ်တော်မူဟန်တို့ကို ကျောက်သားနံရံ ကမ်းပါးတွင် ဖူးတွေ့နိုင်ပါသည်။

အကောက်တောင်၏ တောင်အောက်ခြေတွင် မြစ်အတွင်းသို့ ထိုးထွက်နေသော ကျောက်တန်းကြီးများရှိနေခြင်းသည် ကျောင်းကြီးဝဲဟုခေါ်သော ဝဲတစ်ခုဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ကျောင်းကြီးဝဲမှာ အမည်ကြီးသလောက် လှည့်ပတ်မှုအားကောင်းလှသည်။ ကျောင်းကြီးဝဲမှာလည်း ယနေ့တိုင် တည်ရှိနေပါသေးသည်။ ယင်းဝဲကြီးသည် ပဲခူးတိုင်းဒေသကြီးအဆုံးနှင့် ဧရာဝတီတိုင်းဒေသကြီးအစကြားထဲတွင် ရှေးခေတ်ကာလကတည်းကပင် ဖြစ်ပေါ်လျက် ရှိပါသည်။ ထို့ကြောင့် ၎င်းဝဲကြီးကို ဖြတ်ကျော်ရန် ရေသေရက်နှင့် ရေထရက်ကို တွက်ချက်ဖြတ်ကျော်သည့် အစဉ်အလာမှာ ယနေ့ထိတိုင် ရှိနေပါသေးသည်။

အကောက်တောင်ပေါ်တွင် စိတ်ဝင်စားစရာ သမိုင်းဝင်နေရာများစွာရှိပြီး နှုတ်ကြမ်းလျှာကြမ်းပြောဆိုမှုကို တောင်စောင့်အပေါင်းတို့က လက်မခံဟု ကိုယ်တွေ့ရှိသော လူများ၏ ပြောဆိုမှုအရသိရှိရပေသည်။ မဖြစ်နိုင်စရာအကြောင်းလည်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် သာသနာ့နယ်မြေတွင် အမေနှင့်နှမ မကြားဝံ့မနာသာစကားများ ပြောဆိုခြင်းသည် ရိုင်းပျမှုပင်ဖြစ်သည်။ ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်လျက်ရှိသည်။ လူများပင်နားမခံသာလျှင် မမြင်တွေ့နိုင်သော အရာများကသာ၍ပင် ဆိုးပေတော့မည်။ တောင်ပေါ်သို့ရောက်လျှင် ဆရာတော်ဦးပညာဒီပနှင့် ဦးပဥ္ဇင်း ဦးရေဝတတို့မှ သာသနာပြုလုပ်ငန်းများနှင့် ဝိပဿနာအလုပ်ပေးတရားစခန်းများကို ဖွင့်လှစ်ထားသည်ကိုတွေ့ရမည်ဖြစ်သည်။ လာရောက်သော ဘုရားဖူးဧည့်သည်များကို ထမင်းဟင်းများ လိုသလောက်ကျွေးမွေးမှုပြုနေသည့်အတွက် စားသောက်ရေးအတွက် စိတ်ပူစရာပင်မရှိပေ။ လာရောက်သော ဘုရားဖူးဧည့်သည်များမှာ အေးချမ်းစွာ ဘုရားဖူးရုံပင်ဖြစ်သည်။

သမိုင်းဝင်နေရာများအနေဖြင့် ဂျုံးဂျုံးကျရေတံခွန်ကြီး၊ ကုတင်ကြီး၊ ကုတင်လေး၊ ကုန်းမြင့်ကိုးခု၊ ကျင်းချိုင့်ကိုး ချိုင့်၊ ကျောက်တွင်းစမ်းကြီး ကိုးစမ်းရှိကြောင်း သိရှိရပါသည်။ ဦးပွားသိုက်တွင်းတို့ရှိသည်ဟုလည်း ကြားသိရသည်။ အကောက်တောင်တော်တွင် ဝါဆိုလပြည့်နေ့နှင့် သီတင်းကျွတ်လပြည့်နေ့တိုင်း ဆီမီး၊ ဆွမ်းများကပ်လှူပူဇော်ကြပြီး ဒေသခံစေတနာရှင်များက ရွှေသင်္ကန်း၊ ထုံးသင်္ကန်းများ ကပ်လှူပူဇော်လေ့ရှိကြကြောင်းကိုလည်း သိရှိရပါသည်။

မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ရှေးဟောင်းကျောက်ထွင်းလက်ရာများကို ပြည်မြို့နယ်၊ ထုံးဘိုမြို့အနီးရှိ အကောက်တောင်နှင့် မုံရွာတစ်ဖက်ကမ်း ယင်းမာပင်မြို့နယ်ရှိ ဖိုလ်ဝင်တောင်၊ ရွှေဘတောင်တို့တွင်လည်း တွေ့ရှိကြောင်း ရေးသားတင်ပြရင်း ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပါယ်လျက်ရှိသော အကောက်တောင်တော်သို့ အရောက်လှမ်း၍ ဖူးမြော်နိုင်ကြစေရန် တိုက်တွန်းအပ်ပါသည်။

**ဗုဒ္ဓဆင်းတု ရုပ်ပွားတော်တို့ကို သမ္ဗန်သမား၊ သင်္ဘောတို့တွင် လိုက်ပါလာခဲ့သော ကျောက်ဆစ်ပညာရှင်တို့ ....**

# ပြည်သူ့အသံ

## မီးသတ်အဆောက်အအုံဆောက်လုပ်ရန် ငွေကြေးလိုအပ်

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် မီးသတ်တပ်ဖွဲ့ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ငဖြူလေးကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့်လျင်မြန်စွာ ငြိမ်းသတ်ရေးအတွက် ရည်ရွယ်ပြီး မီးငြိမ်းသတ်ရေးယာဉ် တစ်စီးပေးအပ်ပြီး သရုပ်ပြငြိမ်းသတ်ရေးကို ဧပြီ ၂၀ ရက်က ငဖြူလေးကျေးရွာတွင် ပြုလုပ်သည်။

သရုပ်ပြပွဲတွင် ငဖြူလေးကျေးရွာ အုပ်ချုပ်ရေးမှူးဦးမြင့်သိန်း၊ အရန်မီးသတ်တပ်စုမှူး ဦးခင်ထွန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့က ကျေးရွာပြည်သူများနှင့်အတူ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြကြသည်။

ငဖြူလေးကျေးရွာအုပ်စုတွင် မီးသတ်အဆောက်အအုံဆောက်ရန် စုဆောင်းငွေကျပ် သိန်း ၅၀ အကုန်အကျခံကာ မြေနေရာဝယ်ယူပြီးဖြစ်သော်လည်း အဆောက်အအုံဆောက်လုပ်ရန်အတွက် ငွေကြေးအခက်အခဲများရှိနေကြောင်း သိရှိရသည်။ မီးသတ်ဦးစီးဌာနမှ နောက်ထပ်မီးသတ်ကား ထပ်ပေးရန်ရှိနေသော်လည်း နေရာအခက်အခဲကြောင့်မယူနိုင်ဘဲ ဖြစ်နေကြောင်း အဆောက်အအုံပြီး၍ နောက်ထပ်ကားရလာလျှင် ငဖြူလေးကျေးရွာနှင့်ရွာခြင်း ဆက်လမ်းများကြောင့် ရွာပေါင်း ၂၅ ရွာကျော်အား အထောက်အကူပြုမည်ဖြစ်ကြောင်းသိရသည်။

**သန်းမောင်(ရန်ကင်း)**

## လမ်းဘေးဈေးသည်များပိတ်ဆို့နေ

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားကြီးအရှေ့မုခ်အနီးရှိ ကြားတောရလမ်းနှင့် ရေတာရှည်လမ်း ဟောင်းတစ်ဝိုက်တွင် စည်းကမ်းမဲ့လမ်းဘေးဈေးသည်များသည် လူသွားစင်္ကြန်ပေါ်တွင် ပိတ်ဆို့ရောင်းချနေကြပြီး နေအိမ်၊ ဘုန်းကြီးကျောင်းအဝင်ပေါက်များပါမကျန် ပိတ်ဆို့ရောင်းချနေကြပါသည်။

ဗဟန်းဈေးအတွင်း ကျူးကျော်ဈေးသည်များအတွက် နှစ်ထပ်ဈေးရုံ တည်ဆောက်ပြီးနေသော်လည်း လမ်းပေါ်အထိ ရောင်းချနေ၍ ယာဉ်သွားလမ်းအမြဲပိတ်ဆို့နေပါသည်။ သက်ဆိုင်ရာမှ အမြန်ဖြေရှင်းပေးပါရန် တင်ပြအပ်ပါသည်။

**(ဗဟန်းသား)**

## ယာဉ်စီးခနွှန်းထားများ ကပ်ထားပေးပါ

ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသော ခရီးသည်တင်မော်တော်ယာဉ်များတွင် အတွင်းပိုင်း၌ ထင်သာမြင်သာသောနေရာတွင် ခရီးစဉ်ခအပိုင်းလိုက်သော်လည်းကောင်း၊ စ/ဆုံး သော်လည်းကောင်း ပုံသေသော်လည်းကောင်း ဈေးနှုန်းခများကို သေသေချာချာ ခိုင်ခိုင်မြဲမြဲကပ်ထားပေးခြင်းသည် အသင့်တော်ဆုံးဖြစ်ပါသည်။

၎င်းနှုန်းထားကပ်ထားခြင်းကို တာဝန်ရှိသူများက တစ်လတစ်ခါ တစ်ပတ်တစ်ခါ ယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးသင့်ပါသည်။ သို့မဟုတ်လျှင် ယာဉ်လုပ်သားများက ယင်းကပ်ထားခြင်းကို ခွာပစ်၊ လွှင့်ပစ်ကြပါမည်။ ပြည်သူတစ်ယောက်အနေဖြင့် စာတည်းမှူးမှတစ်ဆင့်တင်ပြအပ်ပါသည်။

**(မြို့တွင်းခရီးသွားတစ်ဦး)**



## စမ်းချောင်းမြို့နယ် ရေမြောင်းကြီးဆက်လက်ပြုပြင်ပေးစေချင်

စမ်းချောင်းမြို့နယ် စမ်းချောင်း(တောင်)ရပ်ကွက် မင်းလမ်းနောက်ကျောဘက်နှင့်အောင်ချမ်းသာရပ်ကွက်အကြား ရေမြောင်းကြီးကို မင်းလမ်းအိမ်အမှတ် (၈)မှ (၇၂) အိမ်အမှတ်နောက်ထိ ရေမြောင်းကြီးအား ချဲ့ထွင်ခြင်း၊ မြောင်းအုတ်နံရံများပြုပြင်ခြင်း၊ ရေမြောင်းများ ရှင်းလင်းခြင်းများ ဆောင်ရွက်ပြီးစီးကာ မင်းလမ်းအိမ် အမှတ် (၇၄) မင်းလမ်းနောက်ကျောမှစ၍ အမှတ် (၉၂) အထိပြုပြင်ရန် ကျန်ရှိနေ၍ ၎င်းကန်ထရိုက်တိုက်များ နောက်ဘက်ခြမ်းမှာ ပြုပြင်ရန်ကျန်ရှိနေသဖြင့် မိုးတွင်းကာလတွင် နံရံများပဲ့ကျ၊ ပြိုကျကာ ကန်ထရိုက်တိုက်တွင်းနေ မိသားစုများအန္တရာယ်ဖြစ်ပေါ်လာနိုင်ပါသဖြင့် အမြန်ဆုံးဆောင်ရွက်ပေးပါရန် ဆန္ဒရှိနေပါကြောင်း သိရသည်။

**(မောင်ညွှန့်သန်း–စမ်းချောင်း)**

## စည်ပင်ပိုင်ရေစက်ကို အလွဲသုံးစားပြုနေမှုအား တားဆီးပေးစေလို

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့ အမှတ် (၆) ဗိုလ်ဆွန်ပတ်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် (အောက်ဘလောက်) အမှတ် (၁၀၉) သီရိရိပ်မွန်တည်းခိုခန်းအနီးရှိ စည်ပင်ပိုင် အဝီစိတွင်းအား ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ညအခါ တရားမဝင် ရေစက်များဖွင့်၍ ကိုယ်ကျိုးစီးပွားအတွက် အခကြေးငွေရယူကာ ရေဖြန့်ဝေပေးခြင်း၊ အဆိုပါ ရေစက်အား သံပန်း၊ သံတံခါးများဖြင့်ကာကွယ်ကာရံထားသော်လည်း ၎င်းနေရာအား အခကြေးငွေရယူ၍ ပစ္စည်းများသိမ်းဆည်းပေးခြင်း၊ အရေးပေါ်အခြေအနေများတွင် ရေရယူမှုမှာ ပစ္စည်းများဖြင့်ပြည့်နေသဖြင့် အခက်အခဲဖြစ်စေနိုင်ခြင်း၊ပစ္စည်းများအထုတ်အသွင်းပြုလုပ်စဉ် လျှပ်စစ်အန္တရာယ် ကျရောက်နိုင်ခြင်း၊ ယခုလို ရေရှားပါးသည့် အယ်နီညိုရာသီဥတုတွင်စည်ပင်ပိုင်ရေစက်အား မိမိတို့ပိုင်ရေစက်ကဲ့သို့ တရား မဝင်အသုံးချစီးပွားရှာနေသည်ကို တွေ့ရှိရပါ၍ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကာ လိုအပ်သလို ဆောင်ရွက်နိုင်ရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

## လူနေရပ်ကွက်အတွင်းရှိ ဝက်မွေးမြူရေးခြံမှ အနံ့ဆိုးများကြောင့် အများပြည်သူကျန်းမာရေးထိခိုက်

လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက် နဝဒေးလမ်းမှ နေအိမ်တစ်ခုတွင် ဝက်များကို စည်းမဲ့ကမ်းမဲ့ မွေးမြူ ထားသဖြင့် ပတ်ဝန်းကျင်အား အနံ့အသက်များ ဆိုးရွားစေပြီး ရေစီးရေလာမကောင်းမွန်သောကြောင့် အညစ်အကြေးများစီးဆင်းမှုမရှိဘဲ အနံ့များဆိုးရွားစွာ ထွက်ပေါ်နေကာ ခြင်၊ ယင် များလည်းပေါက်ဖွားနေပါသဖြင့် ပတ်ဝန်းကျင် ရှိနေထိုင်သူများအား ကျန်းမာရေးလွန်စွာထိခိုက်နစ်နာလျက်ရှိပါသောကြောင့် ၎င်းဝက်ခြံအား အမြန်ဆုံးဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**(အနံ့ဆိုးများခံနေရသော ရပ်ကွက်လုပ်သားပြည်သူများ)**



# ရိတ်သိမ်းခါနီး နွေစပါးစိုက်ခင်းများ ထိခိုက်ပျက်စီးမှုမရှိရေး ကြိုတင်ကာကွယ်မှုများပြုလုပ်



**နတ်မောက် မေ ၂၆**

ယခုနှစ် နွေစပါးစိုက်ခင်းများတွင် စိုက်ပျိုးရေနှင့် အစိုဓာတ်ဆုံးရှုံးမှုများပြားပြီး သမန်းလယ်မြေများ တင်းမာ၍ ပေါင်းမြက်ပေါက်ရောက်ခြင်း၊ သွင်းအားစုများ အချိန်ကိုက်အချိုးကျထည့်သွင်းနိုင်ရေး အခက်အခဲများကြုံတွေ့နေရသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအတွင်း စိုက်ပျိုးမြေဆီလွှာပြုပြင်ရေးနှင့် ပိုးမွှားရောဂါကာကွယ်ရေး လုပ်ငန်းစဉ်များအတွက် ပညာပေးကွင်းဆင်းလုပ်ငန်းဆောင်ရွက်ခြင်းနှင့်အတူ စိုက်ပျိုးသွင်းအားစုများ ပိုးသတ်ဆေးနှင့် ရွက်ဖြန်းအားဆေးရည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ခဲ့ရသည်။ မေ ၂၃ ရက်က နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာအုပ်စု လက်ပံတုံးကျေးရွာတောင်သူဦးထိန်လင်း၏ နွေစပါး (ပုလဲသွယ်) စိုက်ခင်းတွင် စပါးဖျက်ပိုးများ ကာကွယ်နှိမ်နင်းရေး တောင်သူများနှင့်အတူ ပူးပေါင်း၍ စုပေါင်းကာကွယ်ခဲ့ကြကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

သက်ဆိုင်ရာဌာနအသီးသီးက ယခုနှစ်အတွင်း အယ်နီညိုရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ကြိုတင်အသိပေး နှိုးဆော်ချက်များနှင့် လိုက်နာဆောင်ရွက်နိုင်ရန် အချက်များ နှိုးဆော်ထားရှိပြီးဖြစ်သည်။ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် နွေစပါး၊ နှမ်း၊ သီးနှံများ စိုက်ပျိုးထားရှိပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအတွင်း ပိုးမွှားရောဂါများကျရောက်မှု ကြိုတင်သိရှိခြင်းဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ အချိန်မီဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

**ဥမ္မာခင်**

## သူငယ်တန်း (KG) ကိုသင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားပေးနိုင်ရေး ဆရာ၊ ဆရာမများအား လေ့ကျင့်သင်တန်းပေး

**ဝါးခယ်မ မေ ၂၆**

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော်မည့် သူငယ်တန်း (KG) ကို သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားပေးနိုင်ရေးအတွက် ဆရာ၊ ဆရာမများအား လေ့ကျင့်သင်တန်းပေးရေး မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲအား မေ ၂၅ ရက် နံနက် ၈ နာရီက အ. ထ. က (၁) ဒေါ်ပိုက်မိခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက အဖွင့်အမှာစကားပြောကြားကာ မြောင်းမြခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဆရာကြီးဦးလှရှင်က သူငယ်တန်း (KG) သင်ရိုးညွှန်းတမ်းသစ်အား ကလေးသူငယ်များ မိမိကိုယ်ကိုမိမိ ယုံကြည်အားကိုးတတ်သူများဖြစ်လာရန်၊ အာဟာရပြည့်ဝ၍ ကျန်းမာပျော်ရွှင်သူများဖြစ်လာရန်၊ စာရေး စာဖတ်ခြင်းနှင့် အသိပညာများကို စိတ်အားထက်သန်စွာ လေ့လာသင်ယူသူများဖြစ်လာရန်၊ မိမိပတ်ဝန်းကျင်အကျိုး ဆောင်ရွက်တတ်သူများဖြစ်လာရန် ရည်မှန်းချက်များဖြင့် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း၊ တက်ရောက်နိုင်မည့်ကလေးငယ်က အသက်ငါးနှစ်အရွယ်ဖြစ်ပြီး ကဗျာ၊ သီချင်းများဖြင့် ပညာပေးလေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း၊ လေ့ကျင့်ခန်းများကို သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများဖြင့် ကလေးဗဟိုပြု သင်ကြားပေးနိုင်ရေးအတွက် သင်တန်းပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းတာဝန်ခံ ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီးဦးအေးကြွယ်က သင်တန်းဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင် ဝါးခယ်မမြို့နယ်အတွင်း အခြေခံပညာမူလတန်းအဆင့် ဆရာ၊ ဆရာမ ၆၂၆ ဦးကို အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၅ မှ မေ ၁၀ ရက်ထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

## ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းရည်မြင့်မားရေးသင်တန်း မရမ်းကုန်းမြို့နယ်တွင် ဖွင့်လှစ်

**ရန်ကုန် မေ ၂၆**

၂၀၁၂ ခုနှစ် ရပ်ကွက်(သို့)ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေအရ ဒုတိယအကြိမ် သက်တမ်းအတွက် အတည်ပြုခန့်အပ်ပြီးသော ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ရုံးလုပ်ငန်းများကျွမ်းကျင်မြန်ဆန်စေရန်နှင့် လုပ်ထုံးလုပ်နည်း ဥပဒေ၊ နည်းဥပဒေများကို နားလည်သိရှိသဘောပေါက်စေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်ထိရောက်မှုရှိစေရန်ရည်ရွယ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို မေ ၂၅ ရက် နံနက် ၉ နာရီခွဲက မရမ်းကုန်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းသင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မရမ်းကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်(၁၀)ခုမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်စာရေးများ စုစုပေါင်း အင်အား ၃၀ တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းကို မေ ၂၅ ရက်မှ ၂၉ ရက်ထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီ ၁၅ မိနစ်ထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနလုပ်ငန်းများအလိုက် ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## Living Earth Green Network- TGI မှဦးဆောင်၍ ဟိုပုံးဆည်တွင် အမှိုက်ကောက်



**ဟိုပုံး မေ ၂၆**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်ဦးဆောင်မှုဖြင့် Living Earth Green Network- TGI အဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များတို့မှ မေ ၂၄ ရက် နံနက် ၇ နာရီတွင် ဟိုပုံးမြို့ ဆည်ကြီးတွင် အမှိုက်များကောက်ခဲ့ကြကြောင်း သိရသည်။

“ဒီဆည်ဆိုတာ ဟိုပုံးမြို့မှာရှိတဲ့ ဒေသခံပြည်သူတွေအတွက် အရမ်းကို အရေးကြီးပါတယ်။ ဆည်ကြီး ရေရှည်တည်တံ့ရေးအတွက် အမှိုက်များ၊ ကြွပ်ကြွပ်အိတ်တို့ကို ရှင်းရမှာဖြစ်ပါတယ်။ ဒီအမှိုက်တွေများလာရင် ဆည်ရေထွက်ပေါက်တွေပိတ်တဲ့အထိ ဖြစ်နိုင်တဲ့အတွက် အမှိုက်တွေကို အစ်မတို့အဖွဲ့က လာရောက်ရှင်းပေးခြင်းဖြစ်ပါတယ်။ ဟိုပုံးဆည်ကြီးတည်တံ့ဖို့ဆိုတာ ဟိုပုံးမြို့က ပြည်သူလူထုတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ ပါဝင်ကြဖို့လိုအပ်ပြီး သစ်ပင်တွေကို မခုတ်ကြဖို့ပါပဲ၊ အမှိုက်များကိုလည်း စည်းကမ်းတကျစွန့်ပစ်ပြီး ဝိုင်းဝန်းဆောင်ရွက်ကြမယ်ဆိုရင် အဆင်ပြေမှာပါ” ဟု Living Earth Green Network- TGI အဖွဲ့ဝင် မချယ်ရီကျော်က ပြောသည်။

**နန်းဦးခမ်း(ဟိုပုံး)**

## ကော့သောင်းမြို့တွင် သောက်သုံးရေအခက်တွေ့လျက်ရှိသည့် ရပ်ကွက်များသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**ကော့သောင်း မေ ၂၆**

ကော့သောင်းမြို့နယ် မီးသတ်ဦးစီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မေ ၂၄ ရက်က မြို့နယ်အတွင်း သောက်သုံးရေအခက်တွေ့လျက်ရှိသည့် ရပ်ကွက်နေပြည်သူများသို့ သောက်သုံးရေများ စဉ်ဆက်မပြတ် လိုက်လံဖြန့်ဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။

အယ်နီညိုရာသီဥတု၏ အကျိုးသက်ရောက်မှုကြောင့် နိုင်ငံနှင့်တစ်ဝန်း မြို့ပြနှင့်ကျေးလက်ဒေသနေပြည်သူများ သောက်သုံးရေအခက်တွေ့လျက်ရှိရာ တစ်မူထူးစွာ ရေပတ်လည်ဝန်းရံလျက်ရှိသော်လည်း ပင်လယ်ရေငန်များဖြစ်သော ကော့သောင်းမြို့သည်လည်း သောက်သုံးရေအခက်တွေ့လျက်ရှိသဖြင့် ဘုရင့်နောင်ရပ်နေ ပြည်သူများသို့ သောက်ရေလီတာ ၈၀၀၊ သုံးရေဂါလန် ၂၄၀၀ နှင့် သီရိမြိုင်ရပ်ကွက်နေ ပြည်သူများသို့ သောက်ရေလီတာ ၆၀၀ နှင့် သုံးရေ ဂါလန် ၃၆၀၀ အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

“ရပ်ကွက်နေပြည်သူတွေ ရေအခက်အခဲဖြစ်နေတာ သိပ်ကရုဏာဖြစ်ရတယ်ဗျာ။ ကျွန်တော်တို့ မီးသတ်ဦးစီးဌာနမှာ ရေသယ်ယာဉ်တွေက မီးဘေးအန္တရာယ်ကျရောက်တဲ့အခါ သုံးဖို့ထားတာလေ။ မော်တော်ယာဉ်တွေရဲ့ ကြံ့ခိုင်မှုကို အမြဲတမ်းဂရုစိုက်နေရတာဆိုတော့ မော်တော်ယာဉ်တွေ ချို့ယွင်းမှုမဖြစ်အောင်လည်း သတိထားနေရတယ်။ သိတဲ့အတိုင်း ဌာနက ပြင်ဆင်စရိတ်ဆိုတာကလည်း လောက်လောက်ငှငှချပေးတာ မဟုတ်တော့ဘူး။ ဒါပေမယ့် ပြည်သူတွေ သောက်သုံးရေ အခက်တွေ့နေတော့လည်း နောင်ခါလာနောင်ခါချေး ဆိုသလို ရေပြဿနာကလည်း ပြည်သူတွေအရေးပဲလေဆိုပြီး ဇွတ်မှိတ်အသုံးချနေရတာဗျ” ဟု မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

## သဘာဝဘေးလျော့ပါးရေး (ဆင့်ပွား) သင်တန်းဖွင့်လှစ်

**သုံးခွ မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ကို မေ ၂၅ ရက် နံနက် ၉ နာရီက ဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

ဆင့်ပွားသင်တန်းဖွင့်ပွဲတွင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဝင်းရွှေက အဖွင့်စကားပြောကြားရာတွင် “မိမိတို့ဦးစီးဌာနရဲ့အဓိကတာဝန်ယူဆောင်ရွက်နေတဲ့ သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းစဉ်တွေမှာ ဘေးမဖြစ်ခင်ကြိုတင်ကာကွယ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းကဏ္ဍ၊ ဘေးဖြစ်ပွားနေစဉ်ရင်ဆိုင်တုံ့ပြန်ခြင်းကဏ္ဍ၊ ဘေးဖြစ်ပွားပြီး နောက်ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးကဏ္ဍဆိုပြီး အဓိကကဏ္ဍကြီးသုံးရပ်ရှိပါတယ်။

‘အဲဒီကဏ္ဍကြီးသုံးရပ်ထဲက ဘေးမဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းဟာ သဘာဝဘေးလျော့ပါးရေးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံးလုပ်ငန်းစဉ်ပဲဖြစ်ပါတယ်။ သင်တန်းဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်ကတော့ ဘေးဖြစ်ပွားတဲ့အခါသဘာဝဘေးအန္တရာယ်များကို တုံ့ပြန်နိုင်မဲ့စွမ်းအားစုတစ်ရပ်အနေနဲ့ သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းတွေမှာ ကိုယ်တိုင်ကိုယ်ကျ ဦးစီးဦးဆောင်နိုင်မယ့် လူငယ်အရန် အင်အားများ အမြဲအဆင်သင့်ဖြစ်နေစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

ယင်းသင်တန်းကို ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးက ကြီးမှူးဖွင့်လှစ်၍ သုံးခွမြို့နယ်အတွင်းရှိ ပင်လယ်နှင့်နီးသော ကျေးရွာများမှ စေတနာ့ဝန်ထမ်းလူငယ် ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၂၅ ရက်မှ မေ ၂၇ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

## အင်းတော်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ

**အင်းတော် မေ ၂၆**

အင်းတော်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြုံး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အင်းတော်မြို့နယ်မဲဆန္ဒနယ်(၂)မှ ဦးသန်းဝင်းတို့သည် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်နှင့် မြို့နယ်အတွင်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပွဲကို မေ ၂၅ ရက် နံနက် ၁၀ နာရီက အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပခဲ့သည်။

ယင်းတွေ့ဆုံပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းက တွေ့ဆုံရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံးက ဌာနအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများက ဌာနအလိုက် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

# ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်လိုသူများအတွက် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ် (Recruitment Point System)ဖြင့် ပထမအကြိမ်ကိုရီးယားဘာသာအရည်အချင်းစစ် (EPS-TOPIK, Computer Based Test)စာမေးပွဲ၊ အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test)နှင့်လုပ်ကိုင်နိုင်မှုအရည်အသွေးစစ်ဆေးခြင်း(Competency Test)များ ကျင်းပပြုလုပ်ရန် ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် အမှတ်ပေးစနစ်ဖြင့် နိုင်ငံခြားသားအလုပ်သမားများ ခန့်ထားမှုစနစ် (Point System for recruitment of foreign workers)ကို ၂၀၁၆ခုနှစ်တွင် မြန်မာနိုင်ငံ၌ စတင်ဆောင်ရွက်ရန် နှစ်ဖက်ညှိနှိုင်းသတ်မှတ်ပြီးဖြစ်ပါသည်။

စနစ်သစ်၏ရည်ရွယ်ချက်မှာ လက်ရှိကျင့်သုံးဆောင်ရွက်နေသောစနစ်တွင် ကိုရီးယားဘာသာစကား တတ်ကျွမ်းမှုစစ်ဆေးသည့်(EPS-TOPIK)စာမေးပွဲ အောင်မြင်သူများအား အလုပ်လျှောက်ထားခွင့်ပြုထားရာ ကိုရီးယားလုပ်ငန်းရှင်များလိုလားသည့် လုပ်ငန်းအတွေ့အကြုံများ၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေများ၊ လုပ်ရည်ကိုင်ရည်စသည်တို့ပါဝင်ခြင်းမရှိသေးသဖြင့် ထိုအချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်လာပါသည်။ လက်ရှိစနစ်သည် ကိုရီးယားဘာသာစကားတတ်ကျွမ်းမှုတွင် အားနည်းချက်ရှိ၍ လုပ်ကိုင်နိုင်စွမ်းရှိပြီး အလားအလာရှိသော လုပ်သားလောင်းများကို ကန့်သတ်မှု ပြုလုပ်ထားသကဲ့သို့ ဖြစ်လျက်ရှိနေပါသည်။ ထိုအခြေအနေကို ပြုပြင်ပြောင်းလဲရန် HRD-Korea က လုပ်သားလောင်းများအား ကိုရီးယားဘာသာစကား တတ်ကျွမ်းမှုတစ်ခုတည်းသာမက ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ လုပ်ကိုင်နိုင်စွမ်းနှင့်လုပ်ငန်းအတွေ့အကြုံရှိမှု စသည်တို့ကိုပါ ပြည့်ပြည့်စုံစုံစဉ်းစားအကဲဖြတ်မည့်စနစ်တစ်ခုကို စီစဉ်ပြုလုပ်ထားပါသည်။ ယခုဆောင်ရွက်မည့်စနစ်သစ်သည် အလုပ်ရှင်များအတွက် ယင်းတို့လုပ်ငန်းနှင့် အံဝင်ခွင်ကျဖြစ်မည့် အလုပ်သမားများငှားရမ်းရရှိရန်အလို့ငှာ ၎င်းတို့ထံသို့ အလုပ်သမားများ၏ ကိုရီးယားဘာသာစကားစစ်ဆေးသည့် ရမှတ်၊ အခြေခံကျွမ်းကျင်မှုစစ်ဆေးသည့် ရမှတ်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအောင်လက်မှတ်၊ လုပ်ငန်းအတွေ့အကြုံစသည့် အချက်အလက်များ ပေးပို့ကူညီနိုင်မည့် စနစ်ဖြစ်ပါသည်။ ထို့ကြောင့် ယခုပြုလုပ်မည့်စနစ်သည် ဘာသာစကား အားနည်းသော်လည်း လုပ်ငန်းအတွေ့အကြုံအများအပြားရှိသူများအတွက် အလုပ်ခန့်ထားခံရမည့် အခွင့်အရေးဖော်ဆောင်ပေးသည့်စနစ်ဖြစ်ပါသည်။

ထိုစနစ်အရ ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်လိုသူသည် ပထမအဆင့်အဖြစ် ကိုရီးယားဘာသာအရည်အချင်းစစ်(EPS-TOPIK) စာမေးပွဲကို Computer Based Test စနစ်ဖြင့် ဝင်ရောက်ဖြေဆို အောင်မြင်ပြီးနောက် ဒုတိယအဆင့်အဖြစ် လျှောက်ထားသည့် အလုပ်အကိုင်အတွက် အခြေခံကျွမ်းကျင်မှု(Skills Test)နှင့် လုပ်ကိုင်နိုင်မှုအရည်အသွေး(Competency Test)တို့ကို ဖြေဆိုရန် လိုအပ်ပါသည်။ ဖြေဆိုသူများရရှိသည့် စုစုပေါင်းရမှတ် အများ၊ အနည်းအလိုက် အောင်မြင်မှုနှုန်းသတ်မှတ်ချက်အရ အပြီးသတ်အောင်စာရင်းထုတ်ပြန်၍ အလုပ်လျှောက်လွှာတင်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့်ထိုသို့ ဆောင်ရွက်နိုင်ရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

- (က) ပထမအဆင့် (EPS-TOPIK)စာမေးပွဲလျှောက်လွှာထုတ်ယူ/တင်သွင်းခြင်း - (၄-၅-၂၀၁၆)ရက်မှ (၉-၅-၂၀၁၆)ရက်
- (ခ) စာမေးပွဲကျင်းပမည့် စာစစ်ဌာန/နေ့ရက်/အချိန် ကြေညာခြင်း - (၇-၆-၂၀၁၆)ရက်
- (ဂ) စာမေးပွဲကျင်းပခြင်း - (၁၄-၆-၂၀၁၆)ရက်မှ (၁၄-၁၀-၂၀၁၆)ရက်
- (ဃ) စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာခြင်း - (၂၁-၁၀-၂၀၁၆)ရက်
- (င) ဒုတိယအဆင့်အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း(Skills Test)အတွက် လျှောက်လွှာတင်ခြင်းလုပ်ကိုင်နိုင်မှုအရည်အသွေးစစ်ဆေးမှုခံယူရန် အထောက်အထားများ ထုတ်ယူ/တင်သွင်းခြင်း - (၂၄-၁၀-၂၀၁၆)ရက်မှ(၃၁-၁၀-၂၀၁၆)ရက်
- (စ) အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း( Skills Test) ပြုလုပ်မည့် နေရာ/နေ့ရက်/အချိန်ကြေညာခြင်း - (၁၅-၁၁-၂၀၁၆)ရက်
- (ဆ) အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း(Skills Test)နှင့်လုပ်ကိုင်နိုင်မှု အရည်အသွေး (Competency Test)စစ်ဆေးခြင်း - (၂၄-၁၁-၂၀၁၆)ရက်မှ (၂၉-၁၁-၂၀၁၆)ရက်
- (ဇ) အလုပ်လျှောက်လွှာတင်သွင်းခွင့်ရသူများစာရင်း အပြီးသတ်အောင်စာရင်းကြေညာခြင်း - (၉-၁၂-၂၀၁၆)ရက်

၂။ လုပ်ငန်းအမျိုးအစားအလိုက်ခေါ်ဆိုမည့်ဦးရေ(ခန့်မှန်း)

| လုပ်ငန်းအမျိုးအစား | EPS-TOPIK အောင်မြင်သူဦးရေ (ခန့်မှန်း) | EPS-TOPIK အောင်စာရင်းသတ်မှတ်ချက် | (Skills Test)နှင့်(Competency Test) စစ်ဆေးပြီးအောင်မြင်သူဦးရေ(ခန့်မှန်း) |
|---|---|---|---|
| ကုတ်ထုတ်လုပ်ငန်း | ၆၃၀၀ | အမှတ်ပြည့်(၁၀၀)အနက်အမှတ်(၄၀)နှင့်အထက် | ၄၂၀၀ |
| ဆောက်လုပ်ရေးလုပ်ငန်း | ၂၄၀၀ | အမှတ်ပြည့်(၉၀)အနက်အမှတ်(၃၆)နှင့်အထက် ရရှိသူများအားအမှတ်အများ၊ အနည်းအလိုက် | ၁၆၀၀ |
| စုစုပေါင်း | ၈၇၀၀ | | ၅၈၀၀ |

- လုပ်ငန်းအမျိုးအစားအလိုက်အောင်မြင်ခွင့်(ခန့်မှန်းဦးရေ)ကို လုပ်သားလိုအပ်ချက်များအပေါ် မူတည်ပြီး အတိုး/အလျှော့ရှိနိုင်ပါသည်။
- စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာဖြည့်စွက်စဉ် မိမိလျှောက်ထားလိုသည့် အလုပ်အကိုင်အမျိုးအစားတစ်ခုကိုသာ(ဥပမာ "ကုန်ထုတ်လုပ်ငန်း"ဟု ဖော်ပြရမည်ဖြစ်ပြီး ရွေးချယ်ထားပြီးသော လုပ်ငန်းအမျိုးအစား သတ်မှတ်စည်းမျဉ်းအရ ပြောင်းလဲခွင့်မရှိပါသဖြင့် ဂရုပြု ဖြည့်စွက်ရပါမည်။

၃။ စာမေးပွဲအောင်မြင်သူများအား အခြေခံကျွမ်းကျင်မှု (Skills Test)နှင့်လုပ်ကိုင်နိုင်မှုအရည်အသွေး (Competency Test)စစ်ဆေးခြင်း

ကိုရီးယားဘာသာ အရည်အချင်းစစ်(EPS-TOPIK)စာမေးပွဲအောင်မြင်သူများအားလုံးသည် အခြေခံကျွမ်းကျင်မှု စမ်းသပ်စစ်ဆေးခြင်း ခံယူရမည်ဖြစ်သည်။(အခြေခံကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်းစာမေးပွဲ လျှောက်ထားဖြေဆိုခြင်းမရှိသူများ အပြီးသတ်အောင်စာရင်းတွင်ပါဝင်ရမည်မဟုတ်ပါ။) အခြေခံကျွမ်းကျင်မှု စမ်းသပ်စစ်ဆေးခံရန် လျှောက်လွှာတင်သွင်းရာတွင် လျှောက်ထားသည့် လုပ်ငန်းနှင့်သက်ဆိုင်သော နိုင်ငံအဆင့် ကျွမ်းကျင်မှုလက်မှတ် အသက်မွေးဝမ်းကျောင်း သင်တန်းအောင် လက်မှတ်နှင့်လုပ်ငန်းအတွေ့အကြုံ (တစ်နှစ်နှင့်အထက်) ရှိသူများသည် သက်ဆိုင်ရာ အထောက်အထားများ ပူးတွဲတင်ပြရန်ဖြစ်ပြီး၊ ထိုသူများအတွက် လုပ်ကိုင်နိုင်မှုအရည်အသွေး(Competency Test)စစ်ဆေးမှုပြုလုပ်မည်။ သင်တန်းအောင်လက်မှတ်နှင့် လုပ်ငန်းအတွေ့အကြုံ မရှိပါက ပူးတွဲတင်ပြရန်မလိုပါ။ သင်တန်းအောင်လက်မှတ်၊ လုပ်ငန်းအတွေ့အကြုံ အထောက်အထားများကိုသတ်မှတ်ကြေညာပေးမည့် ပုံစံများအတိုင်း ပြုစုတင်ပြရမည်။ ထိုသို့တင်ပြရန် အသေးစိတ်အချက်အလက်များကို စာမေးပွဲအောင်စာရင်းကြေညာမည့် ၁၀-၁၀-၂၀၁၆ရက်တွင် ထပ်မံထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ကြိုတင်သိရှိလေ့လာလိုပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝက်ဘ်ဆိုက်လိပ်စာ http://www.mol.gov.mmတွင်လည်း ကြည့်ရှုနိုင်ပါသည်။

၄။ Recruitment Point System အတွက် လုပ်ငန်းအမျိုးအစားအလိုက် အမှတ်ပေးစည်းမျဉ်း

| လုပ်ငန်း | ပေးမှတ် စုစုပေါင်း | EPS-TOPIK | ကျွမ်းကျင်မှုစစ်ဆေးခြင်း | လျှောက်ထားသည့်လုပ်ငန်းလုပ်ကိုင်နိုင်မှုအကဲဖြတ်အမှတ် | | | |
|---|---|---|---|---|---|---|---|
| | | | | ပေါင်း | လုပ်ငန်းအတွေ့အကြုံ (လုပ်သက်တစ်နှစ်နှင့်အထက်) | အသက်မွေးဝမ်းကျောင်းသင်တန်း | နိုင်ငံအဆင့်ကျွမ်းကျင်မှုလက်မှတ် |
| ကုန်ထုတ် | ၂၀၀မှတ် | ၁၀၀မှတ် | ၁၀၀မှတ် | ၅မှတ် | ၃မှတ် | ၁မှတ် | ၁မှတ် |
| ဆောက်လုပ်ရေး | ၂၀၀မှတ် | ၉၀မှတ် | ၁၁၀မှတ် | ၅မှတ် | ၃မှတ် | ၁မှတ် | ၁မှတ် |

မှတ်ချက်။ ။ဖော်ပြပါပေးမှတ်များမှ (၁)EPS-TOPIK စာမေးပွဲရမှတ်+(၂)ကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test)ရမှတ်+(၃)လုပ်ငန်း လုပ်ကိုင်နိုင်မှု ရမှတ်များ အားလုံးပေါင်း၍ အမှတ်အများ၊ အနည်းအလိုက် အပြီးသတ် အောင်စာရင်းထုတ်ပြန်မည်ဖြစ်ပါသည်။

၅။ သတ်မှတ်ချက်များ

- (က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း (၁၉၇၆ခုနှစ်၊ ဧပြီလ(၂၆)ရက်နေ့မှ ၁၉၉၈ခုနှစ်၊ ဧပြီလ(၂၅)ရက်နေ့အတွင်း မွေးဖွားသူ)
- (ခ) ထောင်ဒဏ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန် တားမြစ်ခြင်းမခံရသူ
- (ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ပြန်ပို့ခြင်းမခံရသူ(တရားမဝင်နေထိုင်ခဲ့ဖူးခြင်းမရှိသူဖြစ်ရမည်။)
- (ဃ) ကျန်းမာရေးကောင်းမွန်သူ၊ အရောင်များကောင်းစွာ ခွဲခြားသိမြင်နိုင်စွမ်းရှိသူ( Colour Blaind)မဟုတ်သူ၊ (ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်။)

၆။ စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း

- (က) လျှောက်လွှာထုတ်ပေးမည့်ရက် - ၄-၅-၂၀၁၆မှ ၇-၅-၂၀၁၆ရက်အထိ (နေ့စဉ် ၉နာရီမှ ၁၈း၀၀နာရီထိ)
- (ခ) လျှောက်လွှာလက်ခံမည့်ရက် - ၆-၅-၂၀၁၆မှ ၉-၅-၂၀၁၆ရက်အထိ (နေ့စဉ် ၉နာရီမှ ၁၈း၀၀နာရီထိ)
- (ဂ) လျှောက်လွှာထုတ်ပေး/လက်ခံဌာန - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ "ပင်လုံခန်းမ"(၄၃)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
- (ဃ) လျှောက်လွှာတင်ရမည့်နည်းလမ်း - လျှောက်ထားသူကိုယ်တိုင်လာရောက်တင်ရမည်။
- (င) လိုအပ်သည့်စာရွက်စာတမ်းများ-
  - (၁) စာမေးပွဲလျှောက်လွှာ(စာမေးပွဲခုံနံပါတ်ပါရှိပြီးဖြစ်ပါ၍ (၁)ဦးလျှင် (၁)စောင်သာ ထုတ်ပေးမည်။)
  - (၂) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူ(၁)စောင်၊ စာမေးပွဲလျှောက်လွှာတွင် သက်တမ်းအနည်းဆုံး(၁)နှစ်နှင့်အထက်ရှိသော နိုင်ငံကူးလက်မှတ် မိတ္တူအား ကပ်ပေးရပါမည်။
  - (၃)(၃. ၅စမ×၄. ၅စမ)ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ(၆လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ)
  - (၄) စာမေးပွဲဖြေဆိုခ ပေးသွင်းထားသည့် ငွေရပြေစာ
- (စ) စာမေးပွဲဖြေဆိုခ-အမေရိကန်ဒေါ်လာ-၂၄(မြန်မာကျပ်ငွေဖြင့် ပေးသွင်းလိုကပေးသွင်းနိုင်သည်)
  - လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့် ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။
- (ဆ) လျှောက်လွှာထုတ်ပေးမည့်ရက်အတွင်း သတ်မှတ်ချက်ကိုက်ညီသူတိုင်းအတွက် လျှောက်လွှာများ အလုံအလောက်ထုတ်ပေးပါမည်။ သို့ပါ၍ လျှောက်လွှာထုတ်ယူသူများသည် စည်းကမ်းတကျ တန်းစီဝယ်ယူခြင်း၊ သတ်မှတ်စည်းကမ်းများနှင့်အညီ လျှောက်လွှာတင်သွင်းခြင်းများ ပြုလုပ်ကြရန် မေတ္တာရပ်ခံပါသည်။

၇။ စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာမည့်နည်းလမ်း

- (က) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၊
- (ခ) ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ(EPS-TOPIK)နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှု အဖွဲ့အစည်းတို့၏ Homepage(http;//www.eps.go.kr), Homepage (http;//epstopik.hrdkorea.or.kr), (http;//www.hrdkorea.go.kr)
- (ဂ) စာမေးပွဲသက်တမ်းသည် အခြေခံကျွမ်းကျင်မှုနှင့် လုပ်ကိုင်နိုင်စွမ်း အရည်အသွေးစစ်ဆေးသည့် စာမေးပွဲကျင်းပပြီး၊ အပြီးသတ် အောင်စာရင်း ထုတ်ပြန်ကြေညာသည့်နေ့မှ (၂)နှစ်တာ ၉-၁၂-၂၀၁၆ရက်မှ ၈-၁၂-၂၀၁၈အထိ)

၈။ EPS-TOPIK စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | ပေးမှတ်ပေါင်း | | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|---|
| | | ကုန်ထုတ်လုပ်ငန်း | ဆောက်လုပ်ရေးလုပ်ငန်း | | |
| အဖတ်စွမ်းရည် (Reading) | ၂၅ပုဒ် | ၁၀၀ | ၉၀ | ၄၀မိနစ် | အကြားစွမ်းရည်နှင့် အဖတ်စွမ်းရည်စာမေးပွဲအား နားချိန်မထားဘဲ ဆက်တိုက် ဖြေဆိုရမည်။ |
| အကြားစွမ်းရည် (Listening) | ၂၅ပုဒ် | | | ၃၀မိနစ် | |
| စုစုပေါင်း | ၅၀ပုဒ် | ၁၀၀ | ၉၀ | ၇၀မိနစ် | |

မေးခွန်းပုံစံ -( Multiple-Choice question)

လေ့လာကိုးကားရန် -( 2015-The standard textbook for EPS-TOPIK)စာမေးပွဲလမ်းညွှန်စာအုပ်ကို လေ့လာကိုးကားထားရပါမည်။ အောက်ပါအင်တာနက်ဆိုက်များတွင် ဝင်ရောက်ကြည့်ရှုလေ့လာဆောင်ရွက်နိုင်ပါသည်-

- http://www.hrdkorea.or.kr
- http://epsotopik.hrdkorea.or.kr
- http://www.eps.go.kr

၉။ စာမေးပွဲဖြေဆိုရမည့်အချိန်

| ဖြေဆိုရမည့်အချိန် | ရှင်းလင်းဆွေးနွေးချိန် | စာမေးပွဲဖြေဆိုချိန် | |
|---|---|---|---|
| | | အဖတ်စွမ်းရည်(၄၀မိနစ်) | အကြားစွမ်းရည်(၃၀မိနစ်) |
| ပထမအချိန် | ၉း၂၀-၁၀း၀၀ | ၁၀း၀၀-၁၀း၄၀ | ၁၀း၄၀-၁၁း၁၀ |
| ဒုတိယအချိန် | ၁၂း၂၀-၁၃း၀၀ | ၁၃း၀၀-၁၃း၄၀ | ၁၃း၄၀-၁၄း၁၀ |
| တတိယအချိန် | ၁၄း၅၀-၁၅း၃၀ | ၁၅း၃၀-၁၆း၁၀ | ၁၆း၁၀-၁၆း၄၀ |

၁၀။ အခြေခံကျွမ်းကျင်မှု(Skills Test)အမှတ်ပေးစည်းမျဉ်း

| လုပ်ငန်းအမျိုးအစား | ပေးမှတ်ပေါင်း | ကျွမ်းကျင်မှုစစ်ဆေးခြင်း | | |
|---|---|---|---|---|
| | | ကိုယ်ကာယကြံ့ခိုင်မှု | လူတွေ့စစ်ဆေးခြင်း | အခြေခံကျွမ်းကျင်မှု |
| ကုန်ထုတ်လုပ်ငန်း | ၁၀၀မှတ် | ၃၀မှတ် | ၃၀မှတ် | ၄၀မှတ် |
| ဆောက်လုပ်ရေးလုပ်ငန်း | ၁၁၀မှတ် | ၃၀မှတ် | ၃၀မှတ် | ၅၀မှတ် |

၁၁။ စာမေးပွဲဖြေဆိုသည့်နေ့တွင် ဖြေဆိုသူယူဆောင်လာရန်

- (က) ဖြေဆိုခွင့်ကတ်ပြား
- (ခ) နိုင်ငံကူးလက်မှတ်(စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား

အထက်အပိုဒ်(က)၊ (ခ)၊ (ဂ)ပါအထောက်အထားများယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

၁၂။ သတိပြုရန်အချက်များ

- (က) အရောင်များအား ခွဲခြားနိုင်စွမ်းမရှိသူ(Colour Blind)ဖြစ်ခဲ့ပါက EPS-TOPIK စာမေးပွဲအောင်မြင်သော်လည်း ဆက်လက်ပြုလုပ်မည့် ကျွမ်းကျင်မှုစစ်ဆေးသည့်(Skills Test )စာမေးပွဲများသို့ ဖြေဆိုခွင့်မရနိုင်ပါ။ သို့ပါ၍ EPS-TOPIK စာမေးပွဲဖြေဆိုလိုသူသည် လျှောက်လွှာမထုတ်ယူမီ(Colour Blind) ဟုတ်/မဟုတ်၊ မျက်စိရောဂါ ဆရာဝန်(သို့)ကျွမ်းကျင်သူတို့နှင့် စမ်းသပ်မှုပြုလုပ်ပြီး(Colour Blind)မဟုတ်ကြောင်းသေချာမှ လျှောက်လွှာ ထုတ်ယူစေလိုပါသည်။
- (ခ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့် လက်ကိုင်ဖုန်းအပါအဝင် အီလက်ထရွန်နစ်ပစ္စည်း၊ စက်ပစ္စည်းများအား ယူဆောင်လာခွင့်မရှိပါ။ တင်းကျပ်စွာတားမြစ်ပါသည်။ သို့ပါလျက် ယူဆောင်အသုံးပြုခဲ့ပါက စည်းကမ်းလိုက်နာရန် ပျက်ကွက်သူအဖြစ် သတ်မှတ်၍ အဖြေလွှာအား ပယ်ဖျက်ခြင်းခံရမည်။
- (ဂ) ထိုကဲ့သို့ စာမေးပွဲအတွင်း မမှန်ကန်သည့်အပြုအမူများ လုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၂)နှစ်ကြာ ပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။ တည်ဆဲဥပဒေများအရလည်း အရေးယူခံရနိုင်သည်။
- (ဃ) လုပ်ကိုင်နိုင်မှုအရည်အသွေး(Competency Test)စစ်ဆေးမှုခံယူရန် တင်ပြထားသည့် အထောက်အထားများကို(Skills Test)ဖြေဆိုရန် လျှောက်လွှာတင်စဉ်တွင် စိစစ်ခြင်း၊ Competency Test အတွက် လူတွေ့စစ်ဆေးစဉ်စိစစ်ခြင်းနှင့် အဆိုပါ စစ်ဆေးမှု(Tests)များ ဖြေဆိုပြီးနောက် တင်ပြထားသည့် အထောက်အထားများအပေါ် သံသယရှိပါက ထပ်မံစိစစ်ခြင်းစသည်ဖြင့် (၃)ကြိမ်စိစစ်မည်ဖြစ်သည်။ **အဆိုပါ အထောက်အထားများသည် လျှောက်ထားသည့် လုပ်ငန်းနှင့် သက်ဆိုင်သော အထောက်အထားများဖြစ်ရမည်။ မမှန်မကန်ပြုလုပ် တင်ပြထားကြောင်း စိစစ်တွေ့ရှိသည်နှင့် ဖြေဆိုမှုရလာဒ်အား ပယ်ဖျက်ပြီး(EPS-TOPIK)ဖြေဆိုခွင့် (၂)နှစ်ပိတ်ပင်ခြင်း ခံရမည်။ တည်ဆဲဥပဒေများအရလည်း အရေးယူခံရနိုင်သည်။**
- (င) စာမေးပွဲလျှောက်လွှာတွင် ရေးသားဖြည့်စွက်ခဲ့သော အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်အမှတ်စသည့် အချက်များသည် နိုင်ငံကူးလက်မှတ်တွင် ပါရှိသောအချက်အလက်များနှင့် တူညီရန်လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အပြီးသတ် အောင်စာရင်းတွင် ပါဝင်ခြင်းနှင့် အလုပ်ခွင် ဝင်ရောက်ခွင့်များရရှိမည် မဟုတ်ပါ။ ရေးသားဖြည့်စွက်သူ ကာယကံရှင်၏ တာဝန်သာဖြစ်ကြောင်း အထူးသတိပေးအပ်ပါသည်။
- (စ) နိုင်ငံခြားသားလုပ်သားများ၏ ကိုရီးယားဘာသာစကားကျွမ်းကျင်မှု တိုးတက်မြင့်မားရန် ရည်ရွယ်၍(2015 The Standard Textbooks For EPS-TOPIK) စာမေးပွဲလမ်းညွှန်စာအုပ်ကို အခြေပြုကိုးကားပြီး မေးခွန်းများ ထုတ်ပြန်မေးမြန်းသွားမည်ဖြစ်ပါသည်။
- (ဆ) ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းတွင် လျှောက်ထားလိုသူများသည် လုပ်ငန်းသဘာဝအရ အပင်ပန်းခံနိုင်သူများ၊ လုပ်ငန်းရှိရာ နေရာများသို့ ရွှေ့ပြောင်းလုပ်ကိုင်နိုင်သူများ ဖြစ်ရပါမည်။
- (ဇ) မိမိရွေးချယ်လျှောက်ထားခဲ့သည့် လုပ်ငန်းအမျိုးအစားမှလွဲ၍ အခြားလုပ်ငန်းအမျိုးအစားတစ်ခုခုသို့ ပြောင်းလဲလျှောက်ထားခွင့်မရှိပါ။
- **(ဈ) အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်(Recruitment Point System)အရ ကျင်းပပြုလုပ်သည့် စာမေးပွဲများအား အောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့် ရရှိရုံမျှသာဖြစ်ပြီး၊ ကိုရီးယားသမ္မတနိုင်ငံသို့ ကျိန်းသေသွားရောက် အလုပ်လုပ်ခွင့် ရရှိရန် ရာနှုန်းပြည့်အာမခံနိုင်ခြင်းမရှိပါ။**
- (ည) အလုပ်ရှင်နှင့်ချုပ်ဆိုရသော အလုပ်အကိုင်စာချုပ်ပါ နှစ်ကာလအတိုင်း လုပ်ကိုင်နိုင်သူဖြစ်ရပါမည်။
- (ဋ) ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ ယခင်က ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင်နေထိုင် အလုပ်လုပ်ကိုင်ခဲ့ပြီးမှ ထပ်မံ၍ လိမ်ညာလျှောက်ထားခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင်ရောက်ရှိပြီး နောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင်ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တဆတဆတိုးပွားလာရာ နှစ်နိုင်ငံအလုပ်သမားပေးပို့ခြင်းဆိုင်ရာ သဘောတူညီချက်(MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU)အား ရပ်ဆိုင်းခံရသည့် အခြေအနေမျိုးထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးငွေအဖြစ် ၁၅၀၀၀၀၀/-(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှမထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ သတ်မှတ်ငွေစာရင်းအမှတ်သို့ ပေးသွင်း၍ ကျပ်သိန်း(၃၀)တန် စာချုပ်ချုပ်ဆို ဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံကြေးငွေ ဆုံးရှုံးရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန်ကျပ်(၁၅)သိန်းကို အာမခံထားသူ (၂)ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

* အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီမှ အလုပ်လျှောက်ထားသူစာရင်းတွင် မှတ်ပုံတင်ထားသူများကိုသာ ကိုရီးယားသမ္မတနိုင်ငံမှ လုပ်သားခေါ်ယူလိုသူက ခေါ်ယူမည်ဖြစ်ပါသည်။

* ထို့ပြင် ကျန်းမာရေး စစ်ဆေးမှုမအောင်မြင်ခြင်း၊ တရားမဝင်နေထိုင်ခဲ့သည့် မှတ်တမ်းရှိခြင်းအစရှိသဖြင့် ကိုရီယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ခွင့် ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ် ရွေးချယ်ခြင်း မခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

* ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့်အလုပ်သမားဝန်ကြီးဌာန (MOEL)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုတည်းသာလျှင် မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးရန် တရားဝင်လုပ်ကိုင်ခွင့်ရရှိထားပါသည်။

* အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမှုစနစ်အရ ပြုလုပ်သည့် ကိုရီးယားဘာသာအရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်ပြီး အခြေခံကျွမ်းကျင်မှု စာမေးပွဲဖြေဆိုခွင့်ရရှိထားသူများထဲမှ အပြီးသတ်အောင်စာရင်းတွင် ပါရှိသူများ၏ သတ်မှတ်ကြေညာမည့် နေ့ရက်များတွင် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှတစ်ဆင့် အလုပ်လျှောက်လွှာ တင်သွင်းကြရန်ဖြစ်ပါသည်။ ထိုသို့အလုပ်လျှောက်လွှာ တင်သွင်းခဲ့သူများကိုသာ အလုပ်ရှင်မှ ရွေးချယ်ခေါ်ယူသွားမည်ဖြစ်ပါသည်။

* EPSစနစ်အရ အလုပ်သမားများ စေလွှတ်သည့်ကိစ္စတွင် ဆောင်ရွက်နိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပါဝင်ပတ်သက်မှုရှိခဲ့ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

* နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲကြေး အမေရိကန်ဒေါ်လာ-၂၄နှင့် စာမေးပွဲအောင်မြင်ပြီးနောက် ကိုရီးယားနိုင်ငံသို့ ရောက်ရှိသည်အထိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီသို့ တရားဝင်သတ်မှတ်ထားသည့် ပို့ဆောင်စရိတ်မျှသာ ပေးသွားရမည်ဖြစ်ပါသည်။ သို့ပါ၍ အလုပ်အကိုင်နှင့်ပတ်သက်ပြီး အမြန်ဆုံးထွက်ခွာသွားရောက်နိုင်ရန် ဆက်သွယ်ပေးမည်ဟု တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုမှဖြစ်စေ ယုံကြည်လောက်အောင်ပြောဆိုလျက် ငွေကြေးတောင်းဆိုမှုများ ဆုံးရှုံးနစ်နာမှုများ မခံရစေရန် အထူးသတိပြုစေလိုပါသည်။


Prestige
Automobiles
Sheer
Driving Pleasure
THE FIRST-EVER
BMW EXPO IS COMING.
THE NEXT
100 YEARS
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
Hotline : 01- 230 6133
www.facebook.com/BMWPAC

CREATION STRENGTH Co., Ltd. မှ ကြီးမှူးကျင်းပသော

အရစ်ကျဝယ်ယူနိုင်သော ကွန်ဒိုများ၊ တိုက်ခန်းများ၊ မော်တော်ယာဉ်များနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချမည့်ပြပွဲကြီး

# THE BEST OF MYANMAR HOUSING, LIFESTYLE & CAR SHOW

နေ့ရက်- ၂၈.၄.၂၀၁၆ မှ ၁.၅.၂၀၁၆ အထိ အချိန်- နံနက် (၉း၀၀) နာရီမှ ည (၆း၀၀) နာရီထိ နေရာ- တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

ပါဝင်ပြသလိုသော ကုမ္ပဏီကြီးများဆက်သွယ်ရန် - ဖုန်း - ၀၉-၄၅၀၀၄၅၀၀၃၊ ၀၉-၄၅၀၀၅၅၈၈၈၊ ၀၉-၄၂၁၁၁၆၁၁၁

UTS | INSEARCH
UNIVERSITY OF TECHNOLOGY SYDNEY

သင့်ရဲ့ဆန်းသစ်တီထွင်တဲ့အနာဂတ်ကို စတင်ပေးမည့်နေရာ




သင်ဟာ သူများနှင့်မတူ ဆန်းသစ်လုပ်ဆောင်လိုသူဆိုရင်တော့ သင်ဖြစ်ချင်တာတွေကို အကောင်အထည်ဖော်လုပ်ဆောင်ဖို့အတွက် UTS:INSEARCH နဲ့ University of Technology Sydney က ကူညီပေးနိုင်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ စွန့်ဦးတီထွင်သူများနှင့် ဆန်းသစ်တီထွင်သူတို့၏ စိတ်ကူးဖန်တီးမှုများ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန်အတွက် ဩစတြေးလျပေါ်လာ ၄၀၀၀ နှင့်ညီမျှသည့် **၂၀၁၆ခုနှစ် UTS:INSEARCH အနာဂတ်ဆန်းသစ်တီထွင်သူများ ပညာသင်ဆု**ကို UTS:INSEARCH မှ သင်ကြားပို့ချသည့် မည်သည့် သင်တန်းအတွက်မဆိုပေးအပ်သွားမည်ဖြစ်သည်။

insearch.edu.au/innovation သို့ဝင်ရောက် လျှောက်ထားလိုက်ပါ။

UTSINSEARCHFAN UTS_INSEARCH UTSINSEARCHCHANNEL UTSINSEARCH UTS_INSEARCH insearch.edu.au/blog

ဓာတ်ပုံ - Andrew Worssam ၊ Joanne Saad
INSEARCH CRICOS အမှတ် 00859D ၊ UTS CRICOS အမှတ် 00099F
INSEARCH ကို University of Technology Sydney (UTS) ၏ ဦးစီးမှုဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး UTS တက္ကသိုလ်သို့တက်ရောက်နိုင်ရန် လိုအပ်သည့် အဆင့်မြင့်ပညာရေးအတွက် INSEARCH မှ တရားဝင်ထောက်ပံ့ပိုင်ခွင့်ရရှိထားသည်။
*လျှောက်ထားသူများသည် ၂၀၁၆ခုနှစ် ပညာသင်နှစ်တွင် စတင်တက်ရောက်ရမည်ဖြစ်သည်။ *လျှောက်ထားမှုနှင့်ပက်သက်၍ ထပ်မံသိရှိလိုပါက အထက်ပါဝက်ဘ်ဆိုဒ်သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
0913_031 6

FAME Neurodopa®
Natural dopamine supplement
ကိုယ်ခံစိတ်သန်စွမ်းဆေး
TMR 010851 (0117)
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME SawPalmetto
5α-reductase inhibitor
ဆီးကျိတ်ရောဂါဆေး
TMR 007343 (1216)
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

| No | Model | Description | Pcs | Remark |
|---|---|---|---|---|
| 1 | S 1 | Rechargeable Solar Lantern | 150 | Brand New |
| 2 | S 10 | Rechargeable Solar Lantern | 797 | Brand New |
| 3 | S 250 | Rechargeable Solar Lantern | 184 | Brand New |
| 4 | S 2 | Rechargeable Solar Lantern | 7100 | Brand New |
| 5 | S 20 | Rechargeable Solar Lantern | 5 | Brand New |
| 6 | S 300 | Rechargeable Solar Lantern | 773 | Brand New |
| 7 | D 20 | Rechargeable Solar Lantern | 80 | Brand New |

ကြော်ငြာ "Space နှင့် Condominium"
"တိုက်ခန်းငှားရန်ရှိသည်။
ဓမ္မစေတီလမ်းနှင့်လင့်လမ်းထောင့်ရှိ "Golden Link Condominium" တွင် 1600 sqft, 1800 sqft, 2000 sqft အကျယ်အဝန်းရှိအသင့်ပြင်ပြီးအဆင့်မြင့် Cond တိုက်ခန်းများနှင့် "B-1" ရှိစားသောက်ဆိုင်ခန်းများ ငှားရမ်းရန်ရှိပါသည်။ ကားပတ်လမ်းနှင့် မျက်နှာစာတွင် ကြော်ငြာထည့်သွင်းလိုသူများလည်း စုံစမ်းနိုင်ပါသည်။
စုံစမ်းရန် - ၀၉-၂၆၁၉၀၁၂၀၂

KONICA MINOLTA
hp
Panasonic
Authorized Business Partner
GANDAMAR Business Solutions

ဘာပဲဝယ်ဝယ်လက်ဆောင်ရမယ့် မဟာသင်္ကြန်အထူး PROMOTION Up to 30% DISCOUNT
( 14th March to 30th April )

HOT SALES

Vivitek Pocket Projector Qumi Q6 ( Gold/Red )
~~USD-575~~
USD-535
Free Item : Desktop Screen

Panasonic Projector PT-LB280
~~USD-505~~
USD-470
Free Item : 60"x60" Tripod

HP OfficeJet Pro X476dw MF Enterprise & SMB All-in-One Color Printer
~~USD-690~~
USD-621

FREE ITEM Black Toner & Safe Guard
Konica Minolta bizhub C221 Color A3 Multifuntion Copier
~~USD-2,750~~
USD-2,338

09-253547980, 09-253547981, 01-383932, 01-383934

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်သန်းရင်**
**အသက်(၉၇)နှစ်**
**(ပခုက္ကူ)**

ပခုက္ကူမြို့၊ အောင်သာကန်ရပ်၊ အောင်တော်မူလမ်းနေ (အငြိမ်းစား ရဲဝန်ထောက်သူရဦးမောင်မောင်)၏ဇနီး၊ မော်လမြိုင်မြို့နေ ပခုက္ကူအသင်းဝင်၊ ဒုတိယဗိုလ်မှူးကြီးစောလှထွန်း(ငြိမ်း)-ဒေါ်ခင်မေဝင်း၊ ရန်ကုန်မြို့နေ ပခုက္ကူအသင်းနာယကအဖွဲ့ဝင် ဦးစောလှမင်း(သံအမတ်ကြီး-ငြိမ်း)-ဒေါ်ခင်ဆွေယုတို့၏ မိခင်သည် ၂၃-၄-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့(၂၀၁၅/၂၀၁၆) ပခုက္ကူအသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်လှမြင့်(စလင်း) (၉၁)နှစ်**

သူငယ်ချင်း ဦးဇော်ထိုက်နှင့် ဒေါ်ဥမ္မာခင်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်လှမြင့်(စလင်း) (၉၁)နှစ်သည် ၂၄-၄-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၅း၅၅ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**RIT(Civil), 1987&1991 Batch**
**အင်ဂျင်နီယာသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဘုန်းမြတ်လှိုင်(ခ)ကိုပူတူး**
**အသက်(၃၃)နှစ်**
**Director**
**Myanmar Millennium Group Co.,Ltd**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၈မိုင် Junction၊ တာဝါ(B)၊ အခန်းအမှတ်(၈၀၈)နေ ဦးဝင်းမြတ်-ဒေါ်ယုယုလှိုင်တို့၏ သားကြီး၊ မသဇင်ဘုန်းဇော်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်လင်းမြတ်ဘုန်း၏ ဖခင် ဦးဘုန်းမြတ်လှိုင်(ခ)ပူတူးသည် ၂၄-၄-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**MD.Director နှင့် ဝန်ထမ်းများ**
**Myanmar Millennium Group Co., Ltd**

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး**
**ဦးဟန်စိန်(ခ)တန်တိတ်စိန်**
**အသက်(၇၅)နှစ်**
**(လုပ်သားလက်နှိပ်စက်ပြုပြင်ရောင်းဝယ်ရေး)**
**ဘဏ္ဍာရေးမှူး၊သာသနာ့ရောင်ခြည်ဓမ္မာရုံ၊ အကျိုးဆောင်အဖွဲ့**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၅၁)၊ မြေညီထပ်၊ လမ်း(၄၀)နေ (တန်အန်စန်း-ဒေါ်ခင်ဝမ်း)တို့၏ သားထွေး၊ (ဦးဘွန်ထိုင်း-ဒေါ်တူးဝါး)တို့၏သားသမက်၊ ဒေါ်လှလှ၏ခင်ပွန်း၊ ဒေါ်လှလှဝင်း-ဦးကျန်ကျာရီ၊ ဒေါ်လှလှတင်-ဦးဝှမ်မင်တယ်၊ ဦးသိန်းဝင်း-ဒေါ်စန္ဒာလင်း၊ ဦးကြည်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘိုး ဦးဟန်စိန်(ခ)တန်တိတ်စိန်သည် ၂၃-၄-၂၀၁၆ရက် ည ၉း၅၀နာရီတွင် ဗဟိုရ်ရစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး အရိုးပြာအိုးကို ရေဝေးဖုကျန့် တရုတ်သုသာန် ပြာဗိမာန်၌ ထားရှိမည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ပျောက်ဆုံးခြင်း

MYANMAR ZABUTUN TRANSPORTATION SERVICES CO.,LTD၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်- ၂၅၆၆/၂၀၁၁-၂၀၁၂ရက်စွဲ (၉-၁၁-၂၀၁၁)ကတ်ပြားမူရင်းမှာ ၂၁-၄-၂၀၁၆ရက် နံနက် ၁၀နာရီခန့်တွင် ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း-၂၀၃၀၂၃**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးကြင်ဝမ်း**
**အသက်(၉၁)နှစ်**
**ဂျုံးသိန်းဆေးပေါ့လိပ် (ပဲခူးမြို့)**

ပဲခူးမြို့၊ အမှတ်(၇)၊ မင်းလမ်း၊ ပန်းလှိုင်ရပ်ကွက်နေ ဦးမျိုးဆွေ-ဒေါ်မီမီသက် (ပဲခူး စိန်ဟင်းအီလက်ထရောနစ်)တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးကြင်ဝမ်းသည် ၂၁-၄-၂၀၁၆ ရက် (ကြာသပတေးနေ့) ညနေ ၄း၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Family Entertainment Group Co., Ltd.**
**(5 Network မိသားစု)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးကြင်ဝမ်း**
**ဂျုံးသိန်းဆေးပေါ့လိပ်ဖခင်ကြီး**
**အသက်(၉၁)နှစ်**

ဒေါ်လှသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ဇော်ဦး-ဒေါ်ခင်မိုးအေး၊ ဦးမိုးနိုင်-ဒေါ်ခင်စိုးအေးတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၁-၄-၂၀၁၆ရက် (ကြာသပတေးနေ့) စင်ကာပူစံတော်ချိန် ၆း၃၀ နာရီတွင် Mount Elizabeth Hospital တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်ဝင်း-ဒေါ်နီလာအေး (အနော်ရထာတာယာ)**
**Myanmar Shwe Dinggar Family Co., Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၏ဖခင် ဦးရဲမြင့် (၈၆)နှစ်သည် ၂၄-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်**
**ဒိုင်လူကြီးများ၊ နည်းပြများ**
**မြန်မာ့လက်ရွေးစင်နှင့် လက်ရွေးစင်ဟောင်းများ**

**ရဟန်းဒါယိကာမကြီး**
**ဒေါ်တင်ရီ (၇၅)နှစ်**
**သားဖွားဆရာမ(ငြိမ်း) (ကျိုက္ခမီမြို့)**

ရန်ကုန်မြို့၊ အမှတ်(၉၁)၊ ဒုလ္လာ၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးဘဇံ-ဒေါ်စောငွေ)တို့၏သမီး၊ ဦးမြင့်ကြည်၏ဇနီး၊ ဦးထွန်းမြင့်-ဒေါ်စန်းညွန့်တို့၏ညီမ၊ ဦးစိုးတင့်-ဒေါ်တင်ရွှေ ဦးစိုးမြင့်-ဒေါ်တင်တင်ဝင်းတို့၏အစ်မ၊ ဦးအောင်မြင့်စိန်-ဒေါ်မြင့်မြင့်ခိုင်၊ ဦးအေးငွေ-ဒေါ်အေးအေးခိုင်၊ ဦးဇော်ထွဏ်း-ဒေါ်စိုးမိုးခိုင်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မမြင့်မြတ်သော်၊ မလှိုင်ဦးခင်၊ မောင်ကောင်းမြတ်လင်း၊ မောင်ကုဋေအောင်တို့၏ချစ်လှစွာသော အဘွားသည် ၂၅-၄-၂၀၁၆ရက် နံနက် ၃း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [၁-၅-၂၀၁၆ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဦးကြင်ဝမ်း**
**(ဂျုံးသိန်းဆေးပေါ့လိပ်)**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၁၉/က)နှင့် ပဲခူးမြို့၊ (၃၃)လမ်း၊ အမှတ် (၂၄၉)နေ ဦးဝင်းဆွေ (အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်)နှင့် ဒေါက်တာ မြတ်သီတာမြင့် (Win & Win Co., Ltd.)တို့၏ ချစ်လှစွာသော ဖခင် ဦးကြင်ဝမ်းသည် ၂၁-၄-၂၀၁၆ ရက်နေ့တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးကြင်ဝမ်း**
**အသက်(၉၁)နှစ်**
**(ဂျုံးသိန်းဆေးပေါ့လိပ်) ပဲခူးမြို့**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၁၉/က)နေ ဦးကြင်ဝမ်းသည် ၂၁-၄-၂၀၁၆ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုများအားလုံးနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်ညွန့်၊ ဒေါ်ရီရီတင်**
**တရားလွှတ်တော်ရှေ့နေများ**
**မိသားစုနှင့်တပည့်များ**

## သာဓုအနုမောဒနာခေါ်ယူပါ

၁၂-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားသော ဗိုလ်မှူးကြီး ကောင်းလှ(ငြိမ်း)အားရည်စူး၍ ဓမ္မအလင်းရောင်တောရကျောင်း၌ အဆောက်အအုံ(၁)ခု ဆောက်လုပ်လှူဒါန်းခြင်း၊ မန္တလေးမြို့မြောက်ပြင်လေ့တန်းရပ်၊ ပန်းစုံကျောင်းတွင်ရှိ ဆရာတော်အား သင်္ကန်းနှင့်တကွ ပရိတ်ခရာစုံလင်စွာနှင့် ကျောင်းတွင်းရှိ သံဃာတော်များအား ကြာဇံကြော်ဆွမ်းဖြင့် ဆက်ကပ်လှူဒါန်းပါသည်။ ဤကောင်းမှုကုသိုလ်ကို ဗိုလ်မှူးကြီးရောက်ရာ ဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

**ကျန်ရစ်သူ ညီအစ်ကို၊ မောင်နှမသားသမီး၊မြေးတစ်စုကောင်းမှု**
**ရန်ကုန်၊ မန္တလေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်တူးတူး(မော်ဘီ)**
**အသက်(၈၀)**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးအောင်ဇော်ဦး(ငြိမ်း)-ဒေါ်မိုးထွေးစံတို့၏ မိခင်ကြီး ဒေါ်တူးတူး(မော်ဘီ)၊ အသက်(၈၀)သည် ၂၀-၄-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၂)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်သန်းနွယ်**
**အသက်(၇၅)နှစ်**
**(တောင်သာမြို့နယ်၊ ဝဲလောင်ကျေးရွာ)**

သူငယ်ချင်း ဗိုလ်မှူးကြီးစိုးဝင်းကျော်-ဒေါ်ငုံငုံမြင့်တို့၏ မိခင်ကြီး ဆရာမကြီး ဒေါ်ခင်သန်းနွယ် အသက်(၇၅)နှစ်သည် ၁၂-၄-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၂)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
**တရားလွှတ်တော်ရှေ့နေ ဦးစံလှ**
**အသက် (၆၅)နှစ်**

သူငယ်ချင်း ဒေါ်အေးအေးနိုင်(တရားလွှတ်တော်ရှေ့နေ)၏ ခင်ပွန်းဖြစ်သူ ဦးစံလှ (၆၅) နှစ်သည် ၂၄-၄-၂၀၁၆ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၁ ခုနှစ် ဥပဒေတွဲ့ရသူငယ်ချင်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယကာကြီး**
**ဦးအီးညို(ခ)လျောင်ရုံးနီ(ခ)ဦးအီးရိုး အသက်(၁၀၀)**
**သုံးခွမြို့ ဘူဝီတုံဘုံကျောင်း နာယက**
**OK, အောင်ကျော်ကြာဇံစက်ရုံ၏ ဖခင်ကြီး**

သုံးခွမြို့၊ အမှတ် (၂၀၈)၊ အောင်ဇေယျလမ်း၊ (၉)ရပ်ကွက်နေ (ဦးပန်းဝါ-ဒေါ်ရှိုး)တို့၏သား၊ ဒေါ်ကျင်ငွေ၏ခင်ပွန်း၊ ဦးအောင်မြင့်-ဒေါ်ခင်မေ၊ ဦးသန်းလှိုင်-ဒေါ်အေးအေးမြင့်၊ ဦးအောင်ဝင်း-ဒေါ်သန်းသန်းမော်၊ ဦးမောင်ကြီး-ဒေါ်ခင်အေး၊ ဒေါ်အေးမြင့်၊ ဒေါ်စန်းကြည်-ဦးလှသိန်း၊ ဒေါ်ချိုနွယ်-ဦးစန်းထွန်းတို့၏ ဖခင်ကြီး၊ မြေး ၂၂ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂၄-၄-၂၀၁၆ (တနင်္ဂနွေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် သုံးခွမြို့ ဥက္ကံသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးကြည်ငွေး (၆၉)နှစ်**
**(သွားတု-ကျွမ်းကျင်)**

ကြည့်မြင်တိုင်မြို့နယ်၊ ဆေး-ငြိမ်း ရပ်ကွက်၊ အလယ်လမ်း၊ အမှတ်(၁၈)၊ ခြောက်လွှာ(A)နေ (ဦးကြည်အေး-ဒေါ်အယ်မာ)တို့၏သား၊ ဒေါ်ဝါဝါဝင်း၏ ခင်ပွန်း၊ ဦးဘိုနီ-ဒေါ်ကြည်မြင့်တို့၏မောင်၊ ဦးမြင့်သောင်း-ဒေါ်ကြည်စန်းရီ၊ (ဦးတင်အောင်မိုး)-ဒေါ်ကြည်စန်းမြင့်၊ ဦးကျင်သိန်း-ဒေါ်ကြည်မာငွေ၊ (ဦးမြင့်ဦး)-ဒေါ်ကြည်မာအေး၊ (ဦးကြည်လင်း)၊ ဦးမော်စီ-ဒေါ်ကြည်မာထွေးတို့၏အစ်ကို၊ မောင်နေဇော်၊ မချယ်ရီငွေးတို့၏ဖခင်သည် ၂၅-၄-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၅-၂၀၁၆ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးမြင့်အောင်(BE.Civil,ASEAN Engg:) (၆၆)နှစ်**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ တည်ဆောက်ရေး(၁)၊ ဆည်မြောင်းဦးစီးဌာန**
**Executive Director (Implementation Dept:)**
**NEO Energy Oasis Development Co., Ltd**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေမဥ္ဇူလမ်း၊ ရွှေပုန်းညက်ရိပ်မွန်နေ ဒေါ်ခင်မြတ်နွယ် (B.Com AA)၏ ချစ်လှစွာသောခင်ပွန်း၊ London မြို့နေ ကိုသူရအောင်-မဇင်မာအောင်၊ ရွှေဘိုမြို့နေ ကိုဇာနည်အောင်-မမေဝင်းသွယ်၊ ရန်ကုန်မြို့နေ မဖြူနှင်းအောင်(MRTV-4)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ရှင်းသန့်ဇာနည်၊ မမေမိုးစက်ပွင့်အောင်၊ မဖြူနှင်းသွယ်တို့၏အဘိုးသည် ၁၀-၄-၂၀၁၆ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်ခံယူသွားပါသဖြင့် ၁၂-၄-၂၀၁၆ရက်တွင် ဒါဖွာနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ကြင်မြ(ပုသိမ်)**
**အသက်(၁၀၂)နှစ်**

ကံ့ကော်တော ဦးမျိုးအောင်-ဒေါ်တင်မာရီတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ကြင်မြသည် ၂၂-၄-၂၀၁၆ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမင်းဒင်-ဒေါ်ဖြူဖြူဟန်**
**ဦးအောင်ဇော်မြင့်-ဒေါ်တီတီလေး**
**ဦးအေးဝင်း-ဒေါ်နွယ်နီတင်**
**ဦးစိုင်းနော်ခမ်း-ဒေါ်နန်းအွမ်း**
**ဦးဝင်းမြင့်-ဒေါ်ခင်မေလွင်**
**ဦးအောင်ကျော်ကျော်-ဒေါ်သန်းသန်းအေး**
**ဦးဝင်းငွေး-ဒေါ်အေးအေးသက်**
**ဦးသိန်းနိုင်-ဒေါ်မိမိ**
**ဦးမောင်မောင်ထွန်း-ဒေါ်သီတာစိန်ညွန့်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
**ဟာဂျီ S.S.S အဗ္ဗဒူလ်ဂဖူး(ရ်)**
**အသက်(၈၀)**
**(လူသားတန်ဖိုးချစ်မြတ်နိုးသူများအဖွဲ့၊ အကြံပေး)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၂)လမ်း၊ အမှတ်(၅၇)နေ ဟာဂျီS.S.S အဗ္ဗဒူလ်ဂဖူး(ရ်)သည် ၂၅-၄-၂၀၁၆ (တနင်္လာနေ့) နံနက် ၃ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင် သန်လျင်မြို့၊ ငါးပါးသခင်ကဘရ်စတာန် ဥယျာဉ်တော်၌ အဆွာ(ရ်) ဝတ်ပြုဆုတောင်းပြီး ဒါဖွာနာပြီးဖြစ်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လူသားတန်ဖိုးချစ်မြတ်နိုးသူများအဖွဲ့(ရန်ကုန်)**

## အထူးကျေးဇူးတင်ရှိခြင်း
**ပါမောက္ခ ဒေါက်တာဦးဉာဏ်ထွန်း**
**အသက်(၇၈)နှစ်**

၇-၄-၂၀၁၆ရက်နေ့တွင် ခရစ်တော်၌အိပ်ပျော်သွားသော ဒေါက်တာဦးဉာဏ်ထွန်း၏နာရေးကိစ္စအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ အငြိမ်းစားအရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးညွှန်မှူးနှင့် အရာရှိဝန်ထမ်းများ၊ ရေဆင်းမှ (F.R.I)၊ စိုက်ပျိုးရေး၊ မွေး/ကုဌာနမှ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများအားလုံး၊ ၁၉၆၄ ခုနှစ်၊ ဆေးတက္ကသိုလ်(၁)ဝင် တပည့်ကျောင်းသားကျောင်းသူများ၊ ရန်ကုန်တက္ကသိုလ်၊ ရုက္ခဗေဒဌာနမှ လုပ်ဖော်ကိုင်ဖက် တပည့်သားသမီးများ၊ ဦးနော်မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်ရန်ကုန်၊ ပျဉ်းမနားမြန်မာနှစ်ခြင်း ခရစ်ယာန်အသင်းတော်၊ ရေဆင်းခရစ်ယာန်အသင်းတော်များမှ သင်းအုပ်ဆရာနှင့် အသင်းသူ အသင်းသားများ၊ (Y,.M.C.A)မှ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေညီအစ်ကိုများ၊ ကျန်းမာရေးဌာနမှ ဆရာဝန်များနှင့် ဆရာမများ၊ လှူဖွယ်ပစ္စည်းများပေးပို့ပါသော ဆွေမျိုးမိတ်ဆွေ၊ သူငယ်ချင်းများ၊ အဝေးရောက်မိတ်ဆွေများ၊ နာရေးကိစ္စအဝဝကိုမေတ္တာဖြင့် လာရောက်ကူညီကြသူများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းဖြင့် သတင်းမေး နှစ်သိမ့်အားပေးကြသူများ၊ အမည်နာမအားဖြင့် ဖော်ပြ၍မရနိုင်လောက်အောင် များပြားသော ကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**


ပျက်ကျရဟတ်ယာဉ်မှ ပစ္စည်းအစိတ်အပိုင်းအချို့ကို တွေ့ရစဉ်။

## တပ်မတော်ရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ်

# မုန်တိုင်ဆည်အတွင်း ပျက်ကျ

**နေပြည်တော် ဧပြီ ၂၆**

မိတ္ထီလာတပ်နယ် လေကြောင်းအတတ်သင် လေတပ်စခန်း၌ာနချုပ်မှ Bell-206 အမျိုးအစား ရဟတ်ယာဉ်အမှတ်(၆၁၂၅)သည် ယနေ့နံနက်ပိုင်းတွင် လေ့ကျင့်ပျံသန်းစဉ် နံနက် ၈ နာရီ ၂၆ မိနစ်က စက်ချွတ်ယွင်းမှုကြောင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မုန်တိုင်ဆည်အတွင်းသို့ ထိုးဆင်းပျက်ကျခဲ့သည်။

အဆိုပါ ရဟတ်ယာဉ်အား လေသူရဲ ဗိုလ်မှူးဝင်းအောင်နှင့် ဗိုလ်မှူးခွန်ကျော်လှိုင်တို့ မောင်းနှင်ခဲ့ကြပြီး ရုတ်တရက် စက်ချွတ်ယွင်းကာ မုန်တိုင်ဆည်အတွင်းသို့ ကမ်းစပ်မှ ပေ ၅၀၀ အကွာ ရေပြင်အထက် ပေ ၃၀၀ ခန့်မှ ထိုးဆင်းပျက်ကျခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ရဟတ်ယာဉ် ရေထဲပျက်ကျချိန်တွင် အနီးအနားရှိ ဒေသခံများဖြစ်သော ဦးမောင်တင်လှိုင်၊ ဦးစန်းမောင်၊ ဦးလွင်နိုင်၊ ဦးမောင်ဝင်းနှင့် မောင်ဇင်မျိုးအောင်တို့က လှေများဖြင့် လေသူရဲ နှစ်ဦးအား ချက်ချင်းဆယ်ယူနိုင်ခဲ့ကြပြီး မုန်တိုင်ရှိ တပ်မတော်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့်အဖွဲ့ဝင်များလည်း ဖြစ်စဉ်ဖြစ်ပွားရာသို့ ထပ်မံရောက်ရှိလာကာ မျက်နှာတွင် ပွန်းပဲ့ဒဏ်ရာ အနည်းငယ်စီရရှိထားသည့် လေသူရဲနှစ်ဦးကို ဆေးရုံသို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁သို့ ❐**

# ဂျူဗင်တပ်အသင်း အီတလီစီးရီးအေဖလား ငါးနှစ်ဆက်တိုက်ဆွတ်ခူး

ဂျူဗင်တပ်အသင်းသည် အီတလီစီးရီးအေပွဲစဉ်(၃၅)အပြီးတွင် ရမှတ် ၈၅ မှတ်ရရှိပြီး အမှတ်ပေးဇယား၏ ဒုတိယနေရာမှ နာပိုလီအသင်းကို ၁၂ မှတ်အထိဖြတ်ကာ ကစားရန်သုံးပွဲအလိုတွင် အီတလီစီးရီးအေဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ ယခုနှစ်ဘောလုံးရာသီတွင် စီးရီးအေဖလားထပ်မံဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းအတွက် ငါးနှစ်ဆက်တိုက်ရရှိသည့် ဆုဖလားလည်းဖြစ်လာခဲ့သည်။

စီးရီးအေပွဲစဉ်(၃၅)တွင် ဂျူဗင်တပ်အသင်းသည် ဖီအိုရင်တီးနားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နာပိုလီအသင်းမှာမူ ရိုးမားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ကစားရန်သုံးပွဲအလိုတွင် အီတလီစီးရီးအေဖလားကို ဂျူဗင်တပ်အသင်း စောစီးစွာ ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် ချန်ပီယံလိဂ်ဖလားပြိုင်ပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသော်လည်း ကိုပါအီတာလီယာဖလားပြိုင်ပွဲတွင်မူ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် အဆိုပါ ဖလားကိုလည်း

**စာမျက်နှာ ၉ ကော်လံ ၁ သို့ »»**


၂၀၁၄-၂၀၁၅ ဘောလုံးရာသီ၌ စီးရီးအေဖလား လေးကြိမ်ဆက်တိုက် ဆွတ်ခူးခဲ့သည့် ဂျူဗင်တပ်အသင်း အောင်ပွဲခံစဉ်။



# အနုကြမ်းစီးကာ ဓားထောက်၍ သိန်း ၅၀ ယူပြေးသူကို အမြန်ဆုံးဖမ်းဆီးရမိရန်ကြိုးပမ်းနေ

**ရန်ကုန် ဧပြီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကရင်အမျိုးသားရပ်ကွက် ဦးလူနီလမ်းရှိ ခြံအမှတ်(၂၂)တွင် အနုကြမ်းစီးဓားထောက်ကာ ဓားစာခံလုပ်၍ သိန်း ၅၀ ယူထွက်ပြေးသူကို အမြန်ဆုံးဖမ်းဆီးရမိရန် ကြိုးပမ်းနေကြောင်း အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

"တရားခံကို အမြန်ဆုံးဖမ်းဆီးရမိဖို့ ကျွန်တော်တို့ကြိုးပမ်းနေပါတယ်"ဟု ရဲမှူးစိုးသင်က ပြောသည်။ ဖြစ်ပွားပုံမှာ အဆိုပါနေအိမ်အတွင်းသို့ အိမ်ရှင်များ မရှိခိုက် ခိုးယူရန်ကြံစည်ဝင်ရောက်နေသူတစ်ဦး**(ခဲခြစ်ပုံ-ဝဲ)**က အိမ်ရှင်များရောက်ရှိလာချိန်တွင် အသက် (၁၂) နှစ်အရွယ်ကလေးကို ဓားစာခံလုပ်ကာ ဓားဖြင့်ထောက်ပြီး ငွေကျပ်သိန်း ၅၀ တောင်းယူခဲ့သည်။ ထိုသို့အခင်းဖြစ်ပွားမှုကို ပတ်ဝန်းကျင်ရှိသူများက သိရှိကြ၍ ခြံပြင်တွင်ရောက်ရှိလာကြပြီး

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**


